www.burmeseclassic.com

# မြူနှင်းထဲကအိမ်


နှင့်

## ခေတ်သစ်ပုံပြင်များ

The Look out for the Elephant and other stories

by Enid Blyton

သက်ဦးလွင်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၈၂ / ၂၀၀၃ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈ / ၂၀၀၄ (၂)

❖

ပုံနှိပ်ခြင်း
ပထမအကြိမ် - (၂၀၀၄၊ မတ်လ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံး - ညီတော်မောင်
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

❖

ပုံနှိပ်သူ
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ
မခင်မာရွှေ၊ (၀၃၉၀၅) (မြဲ)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၃၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ ဆင်နဲ့ကိုတ်မုန့် ၁

၂။ ပဟေဠိဆက် ဂျင်နီ ၆

၃။ မိုက်ကယ်ရဲ့ ခါးပတ်အသစ်လေး ၁၁

၄။ နွေးထွေးတဲ့ နှလုံးသား ၂၂

၅။ မြူနှင်းထဲကအိမ် ၃၂

၆။ စွက်ဖက်တတ်တဲ့ ကောင်မလေး ၄၄

၇။ ပျင်းရိတဲ့ကောင်လေးအတွက် ဂါထာတစ်ပုဒ် ၅၂

၈။ အံ့ဖွယ်တံမြက်စည်း ၆၀

၉။ လေအိုးအလိုရှိသည် ၆၇

၁၀။ ဂမ္ဘီရကြေးမုံ ၇၆

၁၁။ လက်သမားကြီးရဲ့ခွေး ၈၆

၁၂။ ဘဝင်မြင့်တဲ့ အရုပ်မလေး ၉၈

၁၃။ အရုပ်မြို့မှာ ရှာတဲ့မိုး ၁၀၃


www.burmeseclassic.com

www.burmeseclassic.com

## ဆင်နဲ့ကိုက်ဓုန့်

"ဆင်တစ်ကောင် လွတ်လာတယ်တဲ့၊ လူတစ်ယောက် ပြောနေတာ ငါကြားခဲ့ရတယ်၊ ဆပ်ကပ်ပွဲကနေ လွတ်ထွက်လာတာတဲ့"လို့ ဂျင်က အော်ပြောရင်း ကျောင်းကစားကွင်းထဲကို ပြေးလာပါတယ်။

"ဘယ်မှာလဲ၊ ဘယ်မှာလဲ"လို့ ကလေးတွေကအော်မေးရင်း ဂျင့်အနားကိုဝိုင်းအုံလာကြတယ်။

"ပန်းခြံထဲမှာတဲ့၊ ဆင်က ပန်းလှလှလေးတွေကို နင်းပစ်မှာ သူတို့စိုးရိမ်နေကြတယ်တဲ့"လို့ ဂျင်ကပြောပါတယ်။

"ဟင်၊ ဘယ်ကောင်းမလဲ"လို့ ဆရာက ဆိုတယ်။ သူဟာ ပန်းကို ချစ်တတ်သူမို့ ပန်းလေးတွေကို ဆင်ကြီးရဲ့ ခြေထောက်ကြီးနဲ့ နင်းမိမှာကို မလိုလားဘူးလေ။

"သူတို့က တုတ်ကိုင်တဲ့လူတွေ ပို့လိုက်တယ်၊ ဒီလူကြီးတွေက ဆင်ဆိုးကြီးကို သင့်တော်သလို လုပ်ကြမှာပေါ့၊ ငါကတော့ သူ့ကိုဖမ်းဖို့ဆိုတာ တွေးလို့မရဘူး"လို့ ဂျင်ကဆက်ပြောတယ်။ "ဒါပေမယ့် ဆင်တွေဟာ ကောင်းကြပါတယ်ဟာ"လို့ ဆရာကဆို ပါတယ်။

"ငါက တိရစ္ဆာန်ရုံကို အခေါက်ခေါက် အခါခါ ရောက်ဖူးတယ်ဟာ၊ ဆင်တွေက ယဉ်ကျေးပြီး ကြင်နာတတ်ကြပါတယ်။ သူတို့ခြေထောက်ကြီးတွေနဲ့ ရန်မပြုတတ်ကြဘူးဟာ၊ တုတ်ကိုင်တဲ့လူတွေ ခုလိုပို့လိုက်တာတော့ ကြမ်းလွန်းတယ်ထင်တာပဲ"

"ဟုတ်မယ်၊ ဒါဆို နင်ပန်းခြံထဲသွားပြီး ဆင်ကြီးကို ဖမ်းပေးပါလား" လို့ ဂျင်က မကျေမနပ်နဲ့ပြောတယ်။

"သွားကြည့်လေ၊ ဆင်ကြီးက နင့်ကိုခယပြီး နင့်နောက်က ငှက်တစ်ကောင်လို လိုက်လာမလာဆိုတာ စမ်းကြည့်ပေါ့။ ငါပြောပြမယ် ဆင်တစ်ကောင်ကို လုပ်နိုင်တဲ့တစ်ခုတည်းသောပစ္စည်းက တုတ်ကြီးကြီးပဲဟာ"

www.burmeseclassic.com



ဆာရာဟာ ဂျင်ပြောတာကို ရပ်နားထောင်နေတယ်။ တီရစ္ဆာန်ရုံမှာ ဆင်တစ်ကောင်ကို ကိတ်မုန့်ပေးတုန်းက ဆင်က သူ့လက်ထဲက လုမ်းစားတဲ့ အကြောင်း ဂျင်ကို ပြောပြမလို့လုပ်ရင်း ဆာရာဟာ အကြံတစ်ခု ရလာတယ်။

ဆာရာဟာ ဒီအကြံကို ချက်ချင်းပဲ အကောင်အထည်ဖော်တော့တယ်။ သူဟာ ပြန်လှည့်ပြီး မုန့်ဖုတ်သမားဆီ ပြေးသွားတယ်။ ဘန်းကိတ်ဆယ့်နှစ်ချပ်ကို သူ့ငွေနဲ့ဝယ်ပြီး ကျောင်းလွယ်အိတ်ထဲ ထည့်လိုက်တယ်။

သူ့အကြံက ဘာလဲဆိုတော့ မင်းတို့သိကြရဲ့လား။ ဆာရာကလွဲလို့ ဘယ်သူမှ မစဉ်းစားနိုင်တဲ့ စိတ်ကူးမျိုးပါ။



သူဟာ လမ်းပေါ်ပြေးဆင်းလာပြီး ပန်းခြံဆီသွားတယ်၊ ပန်းခြံက သိပ်မဝေးဘူးလေ။ ခြံစည်းရိုးမှာ သူဖြတ်နိုင်တဲ့ နေရာတစ်ခုရှိတယ်။ သူဟာ မောကြီးပန်းကြီးနဲ့ ဒီနေရာက ဖြတ်သန်းသွားပြီး ပန်းခြံထဲကိုရောက်လာတယ်။ ဆင်ကြီးက ဘယ်နေရာမှာလဲ။

အင်း၊ ဆင်ကြီးကိုတွေ့ဖို့ သိပ်မခက်ဘူးဆိုတာ ပြောဖို့လိုသေးလား။ ဆင်ကြီးဟာ ရပ်ရင်းနဲ့ ဇရာမနှာမောင်းကြီးကို ဟိုယမ်း သည်ယမ်းလုပ်နေတယ်။ သူ့ခြေထောက်ကြီးက ကျက်သရေရှိတဲ့ ဒေလီယာပန်းခင်းကြီးအနားရောက်နေပြီ။

ဆာရာဟာ မလှမ်းမကမ်းကနေ ကြားနိုင်အောင် လှမ်းခေါ်တယ်။ တုတ်တွေနဲ့လာတဲ့သူတွေကိုတွေ့တော့ သူခန့်မှန်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com




"သူတို့လာပြီးတော့သာ ခြောက်လှန့်ရင် ဆင်ကြီးဟာ ဒေလီပန်းတွေ ...ကို တက်ပြေးတော့မှာပဲ၊ ငါ မြန်မြန်လုပ်မှ"လို့ တွေးလိုက်တယ်။

ဒါကြောင့် သူဟာ ဆင်ကြီးရပ်နေရာကို ပြေးဆင်းသွားတော့တယ်။ ...ဟာ ဆင်ကြီးရှေ့တည့်တည့်ကို ရောက်လာပါတယ်။

"ရှင်ဟာ ကျွန်မကို တိရစ္ဆာန်ရုံမှာ စီးခွင့်ပေးခဲ့တဲ့ဆင်ကြီးနဲ့ သိပ်တူ ...ပဲနော်"လို့ သူက ဆင်ကြီးကိုပြောလိုက်တော့ ဆင်ကြီးက သူ့ကို မျက်လုံး ...တလပ်နဲ့ ကြည့်နေတယ်။ ဆင်ကြီးက နားရွက်တွေကို လှုပ်ယမ်းပြီး အသံ ...ယ်ကြီးနဲ့ အော်လိုက်တယ်။

"ရှင်က ဘန်းကိတ်တောင်းနေတာလား"လို့ ဆာရာကပြောပြီး လွယ် ...တ်ထဲကို လက်နှိုက်လိုက်တယ်။

"ဒါဆို ဟောဒီမှာ ကိတ်မုန့်တစ်ခု"



ဆင်ကြီးဟာ ကိတ်မုန့်ကို သူ့နှာခေါင်းနဲ့ ယူလိုက်တယ်။ သူက ...မောင်းကို ပါးစပ်ဆီကွေးညွတ်ပြီး ကိတ်မုန့်ကိုစားလိုက်တယ်။ သူဟာ နှာ ...မောင်းကြီးကို ထပ်လှုပ်ပြန်တယ်။

"ကောင်းပြီလေ၊ ရှင့်အနေနဲ့ ဒီလမ်းအတိုင်း ကျွန်မနဲ့အတူ တိတ် ...တိတ်လေး လိုက်မယ်ဆိုရင် ကျွန်မ ကိတ်မုန့်တွေအားလုံး ရမှာပေါ့"လို့ ဆာရာ ...ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပန်းခင်းတွေနဲ့တော့ ဝေးဝေးရှောင်ပေါ့ရှင်၊ ရှင့်ခြေထောက်တွေက သိပ်ကြီးတာ ရှင်လဲ သိသားပဲ၊ ဟောဒီမှာ ရှင့်အတွက် နောက်ထပ်ကိတ်မုန့် တစ်ခု"

သူက ဆင်ကြီးကို ကိတ်မုန့်တစ်ခုပေးပြီးတော့ ပန်းခြံဂိတ်ဝဆီကို လျှောက်သွားတော့တယ်။ သူ့မှာ ကိတ်မုန့်တွေအများကြီးရှိကြောင်း သိတဲ့ ဆင်ကြီးဟာ သူ့နားက နီးကပ်စွာလိုက်လာရင်း သူ့လွယ်အိတ်ထဲကို နှာမောင်းနဲ့နှိုက်ဖို့ ကြိုးစားတယ်။

ဆရာက ရယ်ပါတယ်။

"သြ၊ ရှင်က ကျွန်မနောက်တစ်ခုပေးတာကို စောင့်နေတာပေါ့လေ ဒီမှာ ရော့၊ လိုက်လာခဲ့စမ်းပါ၊ ကျွန်မတို့ မကြာခင် ဂိတ်ဝကိုရောက်တော့မှာရှင့်"

ကောင်းတော့ ကောင်းသားပဲကွယ့်။ တုတ်နဲ့လူကြီးတွေဟာ ဆင်ကြီးက ဆရာရဲ့နောက်ကို ခွေးလေးတစ်ကောင်ပမာ လိုက်လာတာ တွေ့ရတော့ ချက်ချင်းရပ်လိုက်ကြတယ်။

"ကြည့်စမ်း၊ ဒီကလေးမက ဆင်ကြီးဂျမ်ဘိုကို အပိုင်ကိုင်ထားနိုင်ပါလား။ ဆင်ထိန်းကို ပန်းခြံဂိတ်ဝကို ပို့လိုက်စမ်း၊ အဲဒီနေရာမှာ ဆင်ကြီးကို ဖမ်းရမယ်။ သူထပ်ပြီးလန့်မှာ ဒေါသထွက်မှာ မဟုတ်တော့ဘူးကွ၊ ဒါကို မင်းတို့ယုံသလား"လို့ သူတို့က ပြောကြတယ်။

ဂျမ်ဘိုဟာ ဂိတ်ဝကိုသွားတဲ့ လမ်းတလျှောက် ဆရာနောက်က လိုက်လာတယ်။ ဆရာပေးတဲ့ ဘန်းကိတ်တွေကို စားနေတယ်။ ဂိတ်ဝမှာ ဆင်ကြီးကို ထိန်းသူဟာ စောင့်နေပါတယ်။ ဂျမ်ဘိုဟာ ဆင်ထိန်းကိုမြင်တော့ သိပ်ပျော်နေတယ်။ သူ့ကို ထိန်းသူကို သူချစ်တယ်လေ။

"ကျေးဇူးတင်ပါတယ်၊ ကလေးမရယ်"လို့ ဆင်ထိန်းက ဝမ်းမြောက်ဝမ်းသာပြောတယ်။





www.burmeseclassic.com

www.burmeseclassic.com



"မင်းသာ မရှိခဲ့ရင်တော့ သနားစရာ ဂျမ်ဘိုခမျာ ပန်းခင်းထဲကို အလန့်တကြား ပြေးသွားမှာမို့ အတော်ပျက်စီးဆုံးရှုံးသွားမှာပဲ။ ခုလို သူ့ကို ပြန်ခေါ်လာနိုင်တဲ့အတွက် မင်းကို ဘာဆုချရမလဲကွ"

"ဟုတ်ကဲ့၊ သမီးအနေနဲ့ သူ့ခေါင်းပေါ်မှာ စီးနိုင်မလားဟင်၊ သူ့ကို ပင့်ပြီး ကျောင်းကိုဖြတ်သွားလို့ ရမလားဦးဦးရဲ့။ သမီးကို ဒီလိုသာ မြင်သွားရင် ကလေးတွေကတော့ ယုံတောင်ယုံကြမလားမသိဘူး"လို့ ဆာရာကပြောတယ်။

"အေးကွယ့်၊ ဂျမ်ဘိုကြီးက မင်းကိုသူ့ခေါင်းပေါ် နှာမောင်းနဲ့ တင်ပေးလိမ့်မယ်။ ဟိုင်း ဂျမ်ဘို ဟိုင်း"လို့ ဆင်ထိန်းက ရယ်ပြီးပြောပါသတဲ့။

ဂျမ်ဘိုက ဆာရာကို ညင်ညင်သာသာကလေး ကောက်ချီပြီး သူ့ခေါင်းကြီးပေါ် တင်လိုက်တယ်။ ပြီးတော့ သူ့ကို နှာမောင်းနဲ့ပတ်ကာ ကျောင်းနားက လမ်းပေါ် ချပေးလိုက်တယ်။

"ကြည့်စမ်း၊ ကြည့်စမ်း၊ ဟိုမှာ ဆာရာဟော့၊ ဟော့ . . . ဆာရာ ဆာရာ၊ နင်ဘယ်လို ဆင်ကြီးပေါ်ရောက်နေတာလဲ ဆာရာရဲ့"လို့ ကလေးတွေက လှမ်းအော်ကြတယ်။

ဒါဟာ ချစ်စရာဆုတစ်ဆုပဲ မဟုတ်လားကွယ်။ သူကလဲ ဒီဆုနဲ့ ထိုက်တန်ပါတယ်လေ၊ ဘာလို့လဲဆိုတော့ တကယ်ကောင်းလှတဲ့ အကြံတစ်ခုကိုရခဲ့တဲ့အတွက်ပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# ပဟေဠိဆက် ဂျင်နီ

ဂျင်နီဟာ ရုပ်ပုံဆက်စပ်ပြီး မူလပုံပြန်ဖော်ရတဲ့ ပဟေဠိဆက် ကစားနည်းတွေကို သိပ်သဘောကျသူပါ။ သူနောက်ထပ် ပဟေဠိဆက်ကစားနည်းတစ်ခုကို ကစားနေတာတွေ့ရတော့ ဂျော့က“နင့်ကို ပဟေဠိဆက်ဂျင်နီလို့ ခေါ်သင့်တယ်”လို့ မလိုတဲ့လေသံနဲ့ ပြောပါတယ်။

“အေးလေ၊ ဒီလိုကစားရတာကို ငါကြိုက်လို့ပဲဟာ၊ ဘာလဲ မကစားရတော့ဘူးလား”လို့ ဂျင်နီက ပြန်ပြောပါတယ်။ “နင် တံဆိပ်ခေါင်းတွေ စုတာကြိုက်ပြီး ရောဘတ်က မီကနိုနဲ့ ပစ္စည်းတွေလုပ်ရတာကို ကြိုက်တယ်လေ၊ နင်တို့လုပ်တဲ့ဟာတွေကို ငါက လှောင်ပြောင်ရယ်မောတာ မလုပ်ပါဘူးဟာ”

“ဒါပေမယ့် နင်က စားပွဲပေါ်မှာ အမြဲလို အသုံးမကျတဲ့ ပဟေဠိတွေဆက်နေတာပဲ၊ နင်က ကစားပြီးရင်း ကစားရင်းပဲ၊ အဲဒီဟာတွေထဲမှာ နင်ဘာတွေ့လို့လဲ၊ ငါတော့ မစဉ်းစားတတ်ပေါင်”လို့ ရောဘတ်ကပြောပါတယ်။

“ဂျော့ရယ်၊ နင့်ရဲ့ အသုံးမကျတဲ့တံဆိပ်ခေါင်းတွေထဲမှာလဲ နင် ဘာများမြင်ရလို့လဲ”လို့ ဂျင်နီက ခပ်ပြတ်ပြတ်ပြန်ပြောတယ်။

“တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်း မတူတာကို နင်မှမသိဘဲ ငါလဲ တစ်ခုခုလုပ်နေတာ ကောင်းတာပေါ့၊ ဘာလို့ တစ်နေ့လုံး ပျော်ပျော်ရွှင်ရွှင် မနေရမှာလဲဟ”

“တံဆိပ်ခေါင်းတွေစုတာက ပထဝီသဘောကိုသိလို့ အသုံးဝင်တယ်ဟ၊ မီကနိုနဲ့ ပစ္စည်းတွေလုပ်တာကလဲ လက်တွေကို ကျွမ်းကျင်စေတယ်လေ၊ ပဟေဠိတွေ ဆက်တာကတော့ နင်ဘာများ တတ်လာမှာလဲ”လို့ ရောဘတ်ကပါ ဝင်ပြောလာတယ်။

“ဒါလုပ်ရင်း ပျော်ရတယ်လေဟာ၊ ပြီးတော့ . . . နင်တို့ ဘယ်သိကြမလဲ၊ တစ်နေ့တော့ ငါ ပဟေဠိဆက်ကျွမ်းကျင်လွန်းတဲ့အတွက် နင်တို့ ဝမ်းသာ

www.burmeseclassic.com



မှာပါဟာ”လို့ ဂျင်နီက ရောင်စုံပဟေဠိပစ္စည်းလေးတွေကို သေတ္တာထဲက ထုတ်ရင်းပြောလိုက်တယ်။

“ငါတို့ ဝမ်းသာမှုမဟုတ်ပါဘူး၊ ပဟေဠိဆက် ဂျင်နီရယ်၊ မှတ်ထား လိုက်စမ်းပါ၊ နောက်တစ်ပတ် ငါတို့မွေးနေ့ရောက်လာတဲ့အခါ ပဟေဠိဆက် စားစရာတွေ မပေးနဲ့ဟော့၊ ငါတို့မကြိုက်ဘူး”လို့ ဂျော့ကပြောတယ်။



“မပေးပါဘူး၊ ငါ့မှာ နင်တို့ကိုပေးဖို့ လက်ဆောင်တွေ အသင့်ရှိနေ ပါပြီဟ”လို့ ဂျင်နီကဆိုတယ်။

ဂျော့ရဲ့မွေးနေ့နဲ့ ရောဘတ်ရဲ့မွေးနေ့တို့ အလွန်နီးကပ်စွာ ကျရောက် တာတယ်၊ ရက်ချင်းကပ်လို့ပေါ့။ ဒါကြောင့် သူတို့ပါဝ ပူးပေါင်းပြီး တစ်နေ့ တည်းမှာ နှစ်ယောက်လုံးအတွက် မွေးနေ့ပွဲကြီး လုပ်လိုက်ကြတယ်။ ဂျင်နီက သူတို့ကို ပဟေဠိကစားစရာတွေ မပေးပါဘူး။ သူဟာ ဂျော့အတွက် တံဆိပ် ခေါင်းစုတဲ့ အယ်လ်ဘမ်အသစ်လေးနဲ့ ရောဘတ်အတွက် ပစ္စည်းမျိုးစုံ တည် ဆောက်ပုံစာအုပ်တို့ကို ပေးဖြစ်ခဲ့ပါတယ်။

သူတို့နှစ်ယောက်လုံးဟာ သိပ်သဘောကျသွားကြတယ်။

“တို့တော့ ကံကောင်းတာပဲကွ၊ သဘော်တွေ၊ ရထားတွေ၊ စာအုပ်တွေ ရတယ်။ ပြီးတော့ ငွေငါးပေါင်ပါ ရသေးတယ်”လို့ သူတို့ပြောကြတယ်။

“နှစ်ပေါင်ခွဲစီ ယူကြတာပေါ့ကွာ၊ ဟန်တယ်ဟော့၊ တို့တော့ ငွေ ဆာပြီ”လို့ ဂျော့ကပြောတယ်။

“ငွေကို မင်းတို့စုဘူးထဲ ထည့်ထားလိုက်” လို့ သူတို့အမေကပြော တယ်။ ဒါပေမယ့် သူတို့က မေ့သွားပြီး ငွေကို ပြတင်းဘောင်ပေါ် တင်ထား ခဲ့တယ်။ လေတိုက်ပြီး ငွေဟာ လွင့်ပါသွားတယ်။ လေဟာ အတွင်းခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



လွင့်သွားပြီး အရုပ်ဗီရိုပေါ် သွားကျတယ်။ ပြီးတော့ ဗီရိုနောက်ဘက်အတွင်းထဲကို လွင့်သွားပြန်တယ်။

ဒါကြောင့်မို့ ကောင်လေးနှစ်ယောက်ငွေကို ပြန်ရှာကြည့်တော့ မတွေ့ရတော့ဘူး။ သူတို့ဟာ ငွေကို ဘယ်နေရာမှာမှ ရှာမတွေ့ကြဘူး။ သူတို့ဟာ အရုပ်ဗီရိုရဲ့နောက်ဘက်ကိုရှာဖို့ မတွေးမိကြဘူး။ သူတို့ဟာ သိပ်ဝမ်းနည်းနေပေမယ့် အကူအညီမရနိုင်ရှာဘူး။ ငွေငါးပေါင်ကတော့ သွားရှာပြီ။

ကြွက်လေးတစ်ကောင်ဟာ အရုပ်ဗီရိုကို ညစဉ်ဝင်ထွက်တတ်တယ်။ ကြွက်လေးညဘက်မှာ ရောက်လာတော့ ဗီရိုနောက်ကို လွင့်ကျခဲ့တဲ့ ငွေစက္ကူကို တွေ့ရတယ်။ သူဟာ ငွေစက္ကူကို အသိုက်ဆောက်ရာမှာသုံးဖို့ သိပ်ကို သဘောကျသွားတယ်။ ဒီစက္ကူက သိပ်အသုံးဝင်မှာပဲလို့ တွေးသတဲ့။ ဒီစက္ကူကို အစိတ်စိတ်ကိုက်ပြီး သက်သောင့်သက်သာရှိတဲ့ အသိုက်လေး မော်တော်ကားရုပ်ထဲမှာဆောက်ရမယ်။

ဒါကြောင့် ကြွက်လေးဟာ ငွေစက္ကူကို အပိုင်းခုနစ်ဆယ်ကိုက်ဖဲ့ပြီး အသိုက်တစ်ခု ဆောက်လိုက်တယ်။ ဒါပေမယ့် ကလေးတွေ ရောက်မလာခင်




မှာ သူတို့အမေက အရုပ်ဗီရိုကိုလှည့်လိုက်တော့ မော်တော်ကားထဲက ကြွက်သိုက်လေးကို တွေ့သွားတယ်။ သူဟာ ကလေးတွေကို လှမ်းခေါ်လိုက်တယ်။

"ဂျင်နီ၊ ဂျော့နဲ့ ရောဘတ်တို့ရေ လာကြည့်ကြစမ်း၊ မင်းတို့ မော်တော်ကားရုပ်ထဲမှာ ကြွက်လေးတစ်ကောင် အသိုက်လုပ်ထားပါလား"

သူတို့ရောက်လာကြတယ်။ ဂျော့က ထအော်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ၊ အသိုက်ကို ဘာနဲ့လုပ်ထားသလဲ ကြည့်ပါဦး၊ ကျွန်တော်တို့ရဲ့ ငါးပေါင်တန်ငွေစက္ကူနဲ့ လုပ်ထားတာဗျ။ ငွေစက္ကူကို အစိတ်စိတ်အမြွာမြွာ ကိုက်ထားလိုက်တာ"

"သုံးမရတော့ဘူး၊ ကျွန်တော်တို့ သုံးလို့မရတော့ဘူး၊ ဒုက္ခပါပဲနော်"လို့ ရောဘတ်ကလဲ ညည်းတယ်။

ဂျင်နီက အစအနလေးတွေကို ဗန်းလေးတစ်ချပ်ပေါ် ဂရုတစိုက် ထည့်လိုက်တယ်။ ပြီးတော့ အဲဒါတွေကို ကြည့်လိုက်တယ်။

ဒါဟာ စက္ကူပဟေဠိဆက်တဲ့ဟာနဲ့ တူလိုက်တာ၊ သူဟာ ဒီအစအနလေးတွေအားလုံးကို တို့ထိလိုက်ပါတယ်။ သူဟာ အမေ့ဆီက ငါးပေါင်တန်ငွေစက္ကူအသစ်တစ်ရွက်ကို တောင်းယူပြီး အဲဒါကို ကြည့်လိုက်တယ်။ ပြီးတော့




ထူးဆန်းတဲ့ ပဟေဠိဆက်နည်းကို စတင်တော့တယ်။ ဟိုတစ်စ သည်တစ်စနဲ့ပေါ့။ သေချာတဲ့အပိုင်းတွေကို အရင်ဆက်ပြီးမှ တစ်ခုချင်း လိုက်ဖြည့်တယ်။ ဒီဟာတော့ မှန်သွားပြီ၊ ဟောဟိုမှာ နောက်တစ်ခု။

"ပေါ်လာပြီဟ၊ ပေါ်လာပြီ"လို့ ဂျော့က အော်ပြောတယ်။ ပုံပေါ်လာတဲ့အခါ ဂျင်နီဟာ အစအနလေးတွေကို အတူတကွဖြစ်အောင် သတိထားပြီး ကော်နဲ့ကပ်လိုက်တယ်။ အဲဒီမှာ ငွေစက္ကူတစ်ချပ်လုံး ပုံပေါ်လာပါတယ်။

"ညည်းကတော့ တော်တော်စိတ်ရှည်ပြီး ကျွမ်းကျင်လွန်းပါတယ် ဂျင်နီရယ်"လို့ အမေက သဘောကျစွာ ပြောလိုက်တယ်။

"ဒါပေမယ့် ဒါကို ယူမှ ယူမိပါ့မလား အမေမတွေးတော့ဘူး ဘဏ်က လူတစ်ယောက်ကို သွားမေးကြည့်ကြရအောင်"

---

ဆုပြည့်စုံထွန်းဟာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘဏ်က လူကြီးဟာ ဒီလိုထူးဆန်းတဲ့ ငွေစက္ကူကိုတွေ့ရတော့ အံ့ဩ
နေမိတယ်။ ဒါပေမယ့် သုံးလို့ရတယ်လို့ သူပြောတယ်။ ငွေက နေရာအပြည့်
အစုံ ပြန်ပါလာတာပဲလေတဲ့။ သူဟာ ကောင်လေးနှစ်ယောက်ကို နှစ်ပေါင်ခွဲ
ပေးလိုက်တယ်။

"နောက်ဆို တို့နင့်ကို မစတော့ပါဘူး ဂျင်နီရယ်၊ နင်ဟာ အလိမ္မာဆုံး
ညီမပဲ။ တို့ငွေတွေကို တို့နဲ့အတူ သုံးပေါ့ဟာ"လို့ ဂျော့ကပြောပါသတဲ့။

သူတို့ဟာ ငွေတွေကိုအကုန်သုံးလိုက်ကြတယ်။ ဂျင်နီအတွက်ပဟေ
ဠိစမ်းကစားစရာတစ်ခု ဝယ်ပေးလိုက်ကြတယ်။ အဲဒါကို ဒီညပဲ သူကစား
မယ်၊ သူမအိပ်ခင် သူ့အိပ်ရာဘေးမှာ ပဟေဠိဆက်တဲ့ဟာလေးတွေကို အကု
မှန်အောင် သူစီနိုင်ခဲ့တယ်။ အတော်ကျွမ်းကျင်လိမ္မာတဲ့ ဂျင်နီပဲနော်။



www.burmeseclassic.com

www.burmeseclassic.com

—

## မိုက်ကယ်ရဲ့ ခါးပတ်အသစ်လေး

မိုက်ကယ်ဟာ သူ့ရဲ့ခါးပတ်သစ်လေးအတွက် သိပ်ကို ဂုဏ်ယူနေမိတယ်။ ခါးပတ်လေးရဲ့ တစ်ဝက်စာကိုပတ်လို့ ကြေးကြယ်သီးတွေရှိပြီး ခါးပတ်ခေါင်းကလဲ ခန့်ညားတယ်ကွယ့်။

"ငါ့ခါးပတ်ကိုကြည့်စမ်း"လို့ သူက တခြားကောင်လေးတွေကို ပြောတယ်။

"ငါ့ဦးလေးပေးထားတာကွ၊ သူက ဒီခါးပတ်ကို ကနေဒါက ဝယ်လာတယ်၊ ဒါ ကောင်းဘွိုင်တွေ ပတ်လေ့ရှိတဲ့ ခါးပတ်မျိုးဖြစ်မယ်ကွ"

ဒီခါးပတ်ဟာ ကောင်းသားပဲလို့ တခြားကောင်လေးတွေက တွေးကြတယ်။ သူတို့ဟာ ခါးပတ်ကို လက်နဲ့ထိပြီး ကြေးကြယ်သီးတွေကို တို့ကြည့်ကြတယ်။

"ဒီခါးပတ်ကို ငါသဘောကျတယ်"လို့ အတန်းခေါင်းဆောင် ဝီလျံက ဆိုတယ်။ မိုက်ကယ်ဟာ ဒီလိုပြောတာ ကြားရတော့ သိပ်ဘဝင်မြင့်မိတယ်။

မိုက်ကယ်ကတော့ သူ့ခါးပတ်အသစ်ကို သိပ်ဂရုစိုက်တာပဲ။ သူဟာ ဒီခါးပတ်ကို နေ့တိုင်းမပတ်ဘူး။ တနင်္ဂနွေနေ့မျိုးတွေ၊ ဒါမှမဟုတ် သူ့အဘွားနဲ့ အဒေါ်တွေနဲ့တွေ့ဖို့ရှိတဲ့ နေ့မျိုးတွေအတွက် သိမ်းထားတတ်တယ်။ ပြီးတော့ သူဟာ ဂျင်းဘောင်းဘီကို ခါးပတ်ပတ်ပြီး ဝတ်လိုက်တော့ ကြေးကြယ်သီးတွေနဲ့ ခါးပတ်ခေါင်းက တောက်ပနေတာကြောင့် သိပ်ဝင့်ကြွားစရာ ကောင်းနေတာပေါ့။

တစ်နေ့မှာ သူဟာ သူ့အဘွားကိုတွေ့ဖို့သွားတယ်။ အဘွားနဲ့အတူ ညနေစာစားပြီး လမ်းလျှောက်တယ်။ သူ့ခါးပတ်ခေါင်းကို အဘွားက အတော်သဘောကျနေမိတယ်။

"အဘွား နောက်တစ်ပတ် လန်ဒန်ကိုသွားရင် ဒီခါးပတ်ကို အဘွားပတ်ဖို့ ငှားနိုင်မလား မြေးလေးရယ်"လို့ အဘွားက ဂရုဓွေ့ရရ ပြောပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com






မိုက်ကယ်က ရယ်လိုက်တယ်။

"အဘွားကလဲ ကျွန်တော့်ခါးပတ်လိုဟာမျိုးကို အဘွားပတ်ချင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် အဘွားတကယ်လိုချင်တယ်ဆိုရင်တော့ ကျွန်တော် ငှားလိုက်ပါ့မယ်။ ကျွန်တော်က ဒီခါးပတ်ကို ဘယ်ကောင်လေးကောင်မလေး ကိုမှ မငှားဘူးခင်ဗျ။ ဒီခါးပတ်က သိပ်ဆန်းကြယ်တယ်လေ"

သူက အဘွားပေးလိုက်တဲ့ ကိတ်မုန့်နှစ်ခုနဲ့ အိမ်ပြန်လာခဲ့တယ်။ အိမ်အပြန်လမ်းမှာ အော်သံကျယ်ကျယ် ကြားရလို့ သူဟာ အံ့သြစွာ ရပ်လိုက်တယ်။ ဘယ်သူအော်နေတာလဲ။ မိုက်ကယ်ဟာ ကွင်းပြင်ထဲမှာရှိပြီး ဘယ်သူ့ကိုမှ မတွေ့ရဘူး။ အော်သံက ဆက်လက်ထွက်ပေါ်နေတယ်။

"ကယ်ကြပါ၊ ကယ်ကြပါ၊ မင်း ငါ့ကို မမြင်ရဘူးလား၊ ငါဒီမှာပါ၊ သစ်ပင်ပေါ်မှာပါ"

ဒါနဲ့ မိုက်ကယ်ဟာ အဲဒီကိုကြည့်လိုက်တော့ ခြံစည်းရိုးတစ်ဖက်က သစ်ပင်မြင့်ကြီးပေါ်မှာ ကောင်လေးတစ်ယောက်ကို တွေ့ရတယ်။ သစ်ပင်ဟာ ဟာလာဟင်းလင်းကြီးဖြစ်နေတာမို့ မိုက်ကယ်အဖို့ ကောင်လေးကို အလွယ်တကူတွေ့ရတယ်။ သူဟာ အံ့သြစွာ စိုက်ကြည့်နေမိတယ်။

"ငါ့ကို ကယ်ပါဦးကွာ"လို့ ကောင်လေးက အော်မြည်နေတယ်။

www.burmeseclassic.com





"ဘာကြောင့်လဲ၊ ဘာဖြစ်လဲ၊ မင်းမဆင်းနိုင်ဘူးလား"လို့ မိုက်ကယ်က သစ်ပင်နားကိုသွားရင်း ပြန်အော်မေးလိုက်တယ်။

"မဆင်းနိုင်ဘူး၊ ငါက သစ်ပင်မှာ ကပ်နေတယ်ကွ၊ ငါလန့်တယ်ကွာ"လို့ ကောင်လေးက ပြောရင်းနဲ့ ငိုသံပါလာတယ်။

"ဘာလို့ မင်းက အမြင့်ကြီးတက်ရတာလဲ"လို့ မိုက်ကယ်က အော်မေးတယ်။

"ဒီကွင်းထဲက နွားသိုးကြီးတစ်ကောင် ငါ့ဆီပြေးလာလို့ကွ"လို့ ကောင်လေးက ပြန်အော်တယ်။

"ငါလဲ လက်မတင်လေးပဲ၊ ဒီသစ်ပင်ပေါ် တွယ်တက်လိုက်ရတာပေါ့၊ အခုတော့ ငါ့သစ်ပင်က ဆင်းမရတော့ပြီ၊ ပြုတ်ကျမှာလဲ စိုးနေတယ်၊ ငါတော့ ခေါင်းမူးလာပြီကွာ"

"ငါတက်လာပြီး မင်းကို ကူချပေးပါ့မယ်"လို့ မိုက်ကယ်ကပြောတယ်။ သူဟာ နွားသိုးကြီးကို ရှာကြည့်ပေမယ့် ဒီဝန်းကျင်မှာရှိတော့ဟန် မတူဘူး။ ဒါကြောင့် သူဟာ သစ်ပင်ပေါ် စတက်လိုက်တယ်။ မကြာခင် ကောင်လေးဆီ သူရောက်လာတယ်။

"ကြည့်စမ်း၊ မင်းခြေထောက်ကို ဒီသစ်ကိုင်းကနေ ချမထားနိုင်ဘူးလားကွ"လို့ သူက ကောင်လေးကို ပြောလိုက်တယ်။

"မင်းနာမည် ဘာလဲ၊ အရင်က မင်းကိုငါ မတွေ့ဖူးပါလား"

"ငါက ရောဘတ်တရန့်ပါ၊ ဟော့အေး . . . ငါ့ခြေထောက်တွေကို သစ်ကိုင်းအောက်ချလို့မဖြစ်ဘူး၊ ငါ သိပ်လန့်နေပြီ၊ ငါတော့ နေမကောင်းဖြစ်တော့မယ်ထင်တယ်"

မိုက်ကယ်က သူ့ကိုကြည့်လိုက်တယ်။ သူ့မျက်နှာဟာ ပြာနှမ်းနှမ်းဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com




"တကယ်တော့ ပြုတ်ကျမှာကို မင်းမကြောက်ပါဘူး၊ မဟုတ်ဘူးလား ကွ"လို့ သူက စိတ်ထက်သန်စွာ ပြောလိုက်တယ်။

"ဟောဒီမှာ ငါ့ကိုမင်း အခြေအနေကောင်းမလာမချင်း ကိုင်ထားကွ" လို့ သူက စိတ်ထက်သန်စွာ ပြောလိုက်တယ်။

ကောင်လေးက မိုက်ကယ်ကို လှမ်းကိုင်လို့မရဘူး။ သူဟာ သစ်ကိုင်းကို ကိုင်ထားတဲ့လက်ကို မလွှတ်လိုက်ရဲဘူး။

"ဒီမှာ ငါဆင်းဖို့ လှေကားတစ်ခုလောက် မရှိဘူးလားကွ၊ ဒီလယ်ကွက်ထဲမှာ တစ်ခုတော့ ရှိမှာပဲ၊ ငါ မကြာခင် ပြုတ်ကျတော့မယ်ထင်တယ်"လို့ သူက စိတ်ပျက်လက်ပျက် ပြောလိုက်တယ်။



"ငါလယ်ကွက်ထဲမှာပြေးပြီး အကူအညီရဖို့ ရှာကြည့်မယ်"လို့ မိုက်ကယ်ကပြောရင်း ပြန်ဆင်းဖို့ပြင်လိုက်တယ်။ ဒါပေမယ့် ကောင်လေးက အော်နေသေးတယ်။

"မသွားနဲ့၊ ငါ့ကို မထားခဲ့နဲ့၊ မင်းသွားရင် ငါပြုတ်ကျတော့မှာ ငါသိတယ်၊ ငါနဲ့အတူ နေပါကွာ"

"အတော်မိုက်တာပဲ၊ မင်းက မသွားခိုင်းရင် ငါဘယ်လိုသွားပြီး အကူအညီတောင်းလို့ရမလဲ"လို့ မိုက်ကယ်ကပြောလိုက်တယ်။

"ငါမသိဘူး"လို့ ကောင်လေးကပြောရင်း အရင်ကထက် ပိုပြီးနှမ်းလာတယ်။

"ငါသိပ်လန့်နေပြီ၊ မျက်လုံးတောင် မဖွင့်ရဲတော့ဘူး ခေါင်းမူးလာပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်က သစ်ပင်အောက်ကို ကြည့်လိုက်တယ်။ ပြုတ်ကျမယ်ဆို အတော်မြင့်တာပဲ။ သူဟာ ကောင်လေးအတွက် စိုးရိမ်သွားတယ်။ သူပြုတ်ကျမှာပဲလား။ ဒါဆို သေရင်သေ၊ ကျိုးပဲ့ရင်ပဲ့ ဖြစ်သွားမှာပေါ့။

ကောင်လေးဟာ မျက်လုံးပိတ်ရင်း စကားထပ်ပြောတယ်။

"မင်းမှာ ကြိုးတစ်ချောင်းရော မရှိဘူးလား။ ဒါဆိုရင် ငါ့ကို ဒီသစ်တိုင်းမှာ ချည်ပေးထားခဲ့ပေါ့။ ဒီလိုဆို ငါလုံခြုံသွားမှာပါ၊ ဒါဆို မင်းအကူအညီသွားရှာလို့ ရတာပေါ့"

"ဟော့အေး၊ ငါ့မှာ ကြိုးမပါဘူး"လို့ မိုက်ကယ်ကပြောတယ်။ ပြီးတော့ တစ်ခုကိုတွေးလိုက်မိတယ်။ သူ့မှာ ကြိုးတစ်ချောင်းမပါပေမယ့် သိပ်ကောင်းပြီး ခိုင်ခံ့တဲ့ သားရေခါးပတ်တစ်ခု ရှိတာပဲဟာ။

သူဟာ ခါးပတ်ကို ကြည့်လိုက်တယ်။ သူဟာ ခါးပတ်ကို ဘယ်သူ့အတွက်မှ မငှားချင်ဘူး၊ ရောဘတ်အတွက်လဲ အဲဒီလိုပဲပေါ့၊ သစ်ပင်နဲ့ ပွတ်တိုက်မိသွားရင် ကြေးကြယ်သီးတချို့တော့ ပြုတ်ထွက်တော့မှာပဲ။ မဖြစ်ဘူး၊ ဒီခါးပတ်ကို ဒီငမိုက်လေးကို ငှားလို့မဖြစ်ဘူး။

ဒါပေမယ့် မိုက်ကယ်ဟာ ကြင်နာတတ်တဲ့ ကောင်လေးမို့ အကြာကြီး ဆက်မစဉ်းစားလိုက်ရဘူး။ သူဟာ သူ့ခါးပတ်ကို ရုတ်တရက်ဖြုတ်လိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com





"ငါမင်းကို ဒီခါးပတ်နဲ့ သစ်ကိုင်းမှာ ပတ်ပေးခဲ့မယ်၊ ဒါဆို မင်းအဖို့ စိတ်ချရမှာပါ။ ခါးပတ်သားရေက သိပ်ကောင်းပြီး ခိုင်တယ်ကွ"

ဒါပေမယ့် ခါးပတ်ဟာ ကောင်လေးတစ်ယောက်လုံးရဲ့ အလေးချိန်ကို သယ်ထားဖို့တော့ မလွယ်ဘူး။ ဒါကြောင့် မိုက်ကယ်ဟာ ခါးပတ်ကို အနီးနားက သစ်ကိုင်းမှာပတ်ပြီး ရောဘတ်ရဲ့လက်မောင်းနဲ့ တွဲချည်ပေးထားလိုက်တယ်။

"အခုဆို မင်းအနေနဲ့ပြုတ်ကျဖို့ မလွယ်တော့ဘူး၊ လန့်စရာ မ[illegible]တော့ဘူး"

"အေးကွာ၊ အတော်ကောင်းတဲ့စိတ်ကူးပဲ"လို့ ကောင်လေးက ဝမ်းမြောက်ဝမ်းသာ ပြန်ပြောတယ်။

"ငါ အခြေအနေ ကောင်းလာပြီ၊ ကျေးဇူးတင်ပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အခု ငါဆင်းပြီး လှေကားမဟုတ်ရင် တစ်ခုခု ယူလာခဲ့မယ်"လို့ မိုက်ကယ်ကပြောပြီး သစ်ပင်ပေါ်က လျင်မြန်စွာ ဆင်းသွားပါတယ်။ သူက ရောဘတ်ထက်စာရင် သစ်ပင်အဆင်းအတက် ပိုကျွမ်းကျင်တယ်လေ။ သူဟာ ယယ်ကွက်ဆီ ပြေးသွားပါတယ်။

အတန်ကြာအောင်ပဲ သူ့ကိုကူမယ့်သူကို ရှာမတွေ့နိုင်ဘူး။ လယ်သမားကြီးနဲ့ သူ့မိန်းမက ဈေးသွားကြတယ်။ လူတွေက နေရာအသီးသီးမှာ လုပ်ငန်းခွင်ဝင်နေကြပြီလေ။ နောက်ဆုံးတော့ မိုက်ကယ်ဟာ သူပြောပြတာ နားထောင်မယ့်လူတစ်ယောက်ကို သွားတွေ့တယ်။

"ဘာ၊ ကောင်လေးတစ်ယောက် သစ်ပင်ပေါ် ရောက်နေပြီ၊ မဆင်းနိုင်ဘူးဟုတ်လား၊ ဘယ်လိုကောင်လေးမျိုးလဲကွ၊ သူက ဆိုးလို့ပေါ့၊ မဟုတ်လား"

"ဒါပေမယ့် အကူအညီမရရင် သူပြုတ်ကျတော့မှာ ကျွန်တော်သိတယ်။ လှေကားဘယ်မလဲ၊ ကျွန်တော့်ကို ခဏလောက်ငှားပါလား" လို့ မိုက်ကယ်က ပြောတယ်။


"ဘယ်ဖြစ်မလဲ၊ မင်းလိုသူငယ်လေးတစ်ယောက်က လေးလံတဲ့ လှေကားကြီးကို သစ်ပင်ဆီ ဘယ်သယ်သွားနိုင်ပါ့မလဲ"လို့ လူကြီးကပြောတယ်။

"ငါဒီအလုပ်ပြီးတဲ့အထိစောင့်၊ ငါကိုယ်တိုင်လိုက်ပို့မယ်"

ဒါကြောင့် မိုက်ကယ်ဟာ စိတ်မရှည်တရှည်နဲ့ စောင့်နေရတယ်။ ဒီလူကြီး အလုပ်မပြီးမချင်းပေါ့။ ပြီးတဲ့အခါ လူကြီးဟာ မိုက်ကယ်နဲ့အတူ ကွင်းပြင်ထဲက သစ်ပင်ဆီ ရောက်လာခဲ့တယ်။ ဒါပေမယ့် ရောဘတ်က အဲဒီမှာမရှိတော့ဘူး၊ သွားရှာပြီ။

"ဒီသစ်ပင်ပဲ၊ ဒါပေမယ့် ကောင်လေးက မရှိတော့ဘူး"လို့ မိုက်ကယ်ကပြောတော့ . . .

"မင်း ဘာလုပ်ဖို့ ငါ့ကို လိမ်ညာပြီး ခေါ်လာရတာလဲ"



www.burmeseclassic.com



"မဟုတ်ပါဘူးခင်ဗျာ၊ ဒီလိုလုပ်တာ မဟုတ်ပါဘူး"လို့ မိုက်ကယ်က အမြန်ပြန်ဖြေတယ်။

"ကျွန်တော်ပြောတာကို ယုံပါ၊ ကျွန်တော်က ကောင်လေးကို ကျွန်တော့်သားရေခါးပတ် အကောင်းစားနဲ့ တွဲချည်ပေးခဲ့ပြီး ကိုယ့်ဘောင်းဘီကိုယ်တောင် ကြိုးတစ်ချောင်းနဲ့ပဲ ပြန်ပတ်ဝတ်ခဲ့ရတာပါ၊ ဟောဒီမှာ ကြည့်ပါ"

"ကောင်းပြီလေ၊ မင်းရဲ့သားရေခါးပတ်ကို ထပ်တွေ့မှာ မဟုတ်တာတော့ သေချာတယ်ကွ"လို့ လူကြီးကပြောပြီး ထွက်သွားပါတော့တယ်။ မိုက်ကယ်ဟာ တစ်ယောက်တည်း ရပ်နေရင်း စိတ်ဆင်းရဲနေရှာတယ်။ ဒီလူကြီးပြောတာ အမှန်ပဲလား။ သူ့ခါးပတ်လေးကို တကယ်ဆုံးရှုံးရပြီလား။

သူဟာ လယ်ကွင်းထဲမှာ နွားသိုးတစ်ကောင်ကို တုတ်နဲ့မောင်းနေတဲ့ လူကြီးတစ်ယောက်ကို တွေ့ရတယ်။ လူကြီးဟာ နွားသိုးရဲ့နှာခေါင်းထိပ်မှာ ကြိုးတစ်ချောင်းနဲ့ ချည်ထားတယ်။ သူက လူကြီးကို လှမ်းခေါ်လိုက်တယ်။

"ကျွန်တော် မေးပါရစေ၊ သစ်ပင်ပေါ်က ထိတ်လန့်ပြီး ပြုတ်ကျတဲ့ ကောင်လေးတစ်ယောက်ကို မြင်မိပါသလားခင်ဗျာ"

"အေး၊ ငါသူ့ကို နွားလာဖမ်းရင်း တွေ့တာပဲကွ။ ဒီငမိုက်သားလေးက အမြင့်ကြီးတက်ပြီး ပြုတ်ကျမှာကိုကြောက်နေတယ်။ ငါသူ့ကို အောက်ချပေးလိုက်ရတယ်"လို့ လူကြီးက ပြန်အော်ပြောတယ်။

"သူ ဘယ်သွားသလဲခင်ဗျ၊ ကျွန်တော့်ဆီက ငှားထားတဲ့ သားရေခါးပတ်နဲ့ ပတ်သက်လို့ ဘာပြောသွားသေးလဲခင်ဗျာ"လို့ မိုက်ကယ်ကမေးတော့

"ဘာမှ ပြောမသွားဘူးကွ၊ သူက အဲဒါကို သူ့ခါးမှာ ပတ်သွားတာပဲ။ ခါးပတ်က အတော်လှသားပဲ၊ အဲ . . . ပြီးတော့ သူထွက်သွားတာပဲ"လို့ လူကြီးက ပြန်ဖြေတယ်။

"အိုး"လို့ မိုက်ကယ်က ရေရွတ်လိုက်တယ်။ သူဟာ သိပ်စိတ်ပျက်ပြီး စိတ်ဆင်းရဲသွားရတယ်။ သူကတော့ ကောင်လေးကို ကူညီခဲ့တယ်၊ ပြန်ရတာကတော့ သူ့ခါးပတ်ကို ဆုံးရှုံးရခြင်းပဲ၊ ကျေးဇူးတင်စကားလေးတစ်ခွန်းတောင် ပြောမသွားဘူး။

သူဟာ အိမ်ကိုသွားပြီး သူ့အမေကို ဒီအကြောင်းပြောပြတယ်။

"တကယ်လို့ ကျွန်တော်ဒီကောင်လေးကို ထပ်တွေ့ခဲ့ရင် ထိုးပစ်လိုက်မယ်၊ သူ့အနေနဲ့ ကျွန်တော်ပြန်မလာမချင်း သစ်ပင်အောက်မှာ စောင့်နေသင့်တာပေါ့။ ကျွန်တော့်ခါးပတ်လှလှလေးတော့ သွားပါပြီ အမေရာ။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com





တော်တော့ ဘယ်သူ့ကိုမှ ခါးပတ်မငှားတော့ဘူး၊ ဒါမျိုးထပ်မလုပ်တော့ဘူး။ ဒုက္ခခံပြီး လူတွေကို မကူညီတော့ဘူးဗျာ”

“ဒီလို မဟုတ်ဘူးမိုက်ကယ်ရဲ့၊ မင်းအနေနဲ့ လူတွေကို အမှားအယွင်းတစ်ခု မလုပ်မချင်း ဆိုးတယ်လို့ သတ်မှတ်လို့မရဘူးလေ။ မင်းကိုယ်မင်းနူးညံ့သိမ်မွေ့ပြီး ကြင်နာတတ်တဲ့ ကောင်လေးအဖြစ်ကနေ လူမိုက်လေးဖြစ်အောင် ပြောင်းပစ်မလို့လား”လို့ အမေကပြောပါတယ်။

“ဟုတ်တယ်၊ အမေပြောတာ မှန်တယ်။ ကျွန်တော် စိတ်ကောင်းဆက်မွေးပါတော့မယ်။ ဒါပေမယ့် ကျွန်တော့်ခါးပတ်လေးအတွက် ဘယ်လောက်စိတ်ဆင်းရဲရသလဲဆိုတာ အမေမသိပါဘူးဗျာ”လို့ မိုက်ကယ်က ပြောတယ်။

တစ်ပတ်အကြာမှာတော့ မိုက်ကယ်ဟာ နောက်တစ်မြို့ကို သူ့အမေနဲ့အတူ ဈေးဝယ်ထွက်ခဲ့ရတယ်။ သူလမ်းလျှောက်နေတုန်း ကားတစ်စီးကသူ့နားမှာရပ်ပြီး ခေါင်းတစ်လုံး ထွက်လာတယ်။ စိတ်လှုပ်ရှားစွာ လှမ်းခေါ်သံကြားရတယ်။

“ဟော့ ဟော့၊ မင်းက ငါ့ကို ခါးပတ်ငှားခဲ့တဲ့ ကောင်လေးမဟုတ်လား” ကားပြတင်းပေါက်ကနေ ခေါင်းထွက်လာတာကတော့ ရောဘတ်ပါ။ မိုက်ကယ်

www.burmeseclassic.com






ကကြည့်ပြီး ခေါင်းညိတ်လိုက်တယ်။ ကောင်လေးဟာ ကားထဲကဆင်းပြီး သူ့ဆီ ပြေးလာတယ်။

"မင်းသွားပြီးတော့ လူကြီးတစ်ယောက် ငါ့ကို သစ်ပင်ပေါ်က လာချပေးတယ်။ ပြီးတော့ ငါမင်းကို ရှာပါသေးတယ်၊ ဒါပေမယ့် လမ်းပျောက်သွားပြီး မင်းကိုလဲ ရှာမတွေ့တော့ဘူး၊ ငါမင်းခါးပတ်ကိုယူသွားပြီး ပြန်မပေးတော့ဘူးလို့ မင်းထင်သွားမှာ ငါစိုးရိမ်မိတယ်ကွ"

မိုက်ကယ်လဲ ဘာပြောရမှန်းဘာပြောရမှန်း မသိဘူး။ ဝင်ကူပြီး ပြောပေးလိုက်တယ်။

"မိုက်ကယ်က သူ့ပစ္စည်းတွေကို တခြားသူတွေကို ငှားလေ့ရှိတယ်၊ အမြဲပြန်ရတာပါပဲကွယ်"

ကားထဲက လူကြီးတစ်ယောက် ဆင်းလာတယ်။

"ရောဘတ်ကို ကူညီခဲ့တာ ဒီသူငယ်လား၊ ငါတို့က မင်းကို နေရာအနှံ့ လိုက်စုံစမ်းမေးမြန်းနေတာကွယ့်။ သူ့ကို အကောင်းဆုံး ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ကလေးရယ်၊ သူက သစ်ပင်တက်ဖို့ ကြောက်တယ်ကွယ့်၊ အမြဲမူးတော့တာပဲ"

"ဟောဒီမှာ မင်းခါးပတ်"လို့ ရောဘတ်က ပြောပြီး ကားထဲက အထုပ်တစ်ထုပ် ယူလာတယ်။

"အရင်အပတ်ကတည်းက ငါ ဒါကိုအမြဲသယ်လာပြီး နေရာတိုင်းမှာ မင်းကိုလိုက်ရှာသေးတယ်ကွ။ အဖေ ကျွန်တော်တို့ သူ့ကို ဆပ်ကပ်ပွဲကို အတူ ခေါ်သွားရအောင်လေ၊ ခေါ်မလားအဖေ"

"ကောင်းတာပေါ့ကွာ၊ သူ့အမေကို ခွင့်တောင်းကြည့်ပေါ့" လို့ ရောဘတ်ရဲ့အဖေကပြောလိုက်တယ်။ မိုက်ကယ်အမေက ခွင့်ပြုကြောင်း ပြန်ဖြေပါတယ်။

"ခေါ်သွားလေ၊ မိုက်ကယ်ရေ၊ မင်းအတွက်တော့ ပျော်စရာပဲနေ့"



www.burmeseclassic.com

www.burmeseclassic.com



သေချာတာပေါ့၊ ရုတ်ခြည်းပဲ သူဟာ ကားပေါ်ရောက်သွားပြီး ရောဘတ်ဘေးမှာထိုင်ကာ ဆပ်ကပ်ပွဲကို ထွက်သွားကြတော့တယ်။ အတော်ပျော်စရာကောင်းတာပဲ။ ~

အခုဆို ရောဘတ်နဲ့မိုက်ကယ်ဟာ ခွဲမရတော့ဘူး။ သူတို့ဟာ တစ်ယောက်မှမရှိဘဲ တစ်ယောက် မနေနိုင်ကြဘူးလို့ မိုက်ကယ်ရဲ့ အမေကပြောပါတယ်။ ရောဘတ်က တောင်းခံတိုင်း မိုက်ကယ်က သူ့ခါးပတ်ကို ငှားလေ့ရှိတယ်ဆိုတာရော ယုံကြပါသလား။



www.burmeseclassic.com

www.burmeseclassic.com

## နွေးထွေးတဲ့ နှလုံးသား

တစ်ခါက အစ်မီလီလို့ခေါ်တဲ့ ကောင်မလေးတစ်ယောက်ရှိတယ်။ သူဟာ ပျော်တတ်တဲ့ ကောင်မလေးပေါ့။ ဘယ်တော့မှ မငိုဘူး၊ ဘယ်တော့မှ မကျေမနပ်မပြောဘူး၊ ဘယ်တော့မှ ဒေါသကတက်ခြင်း မပြုဘူး။ ဒါ ကောင်းတယ်ဆိုတဲ့သဘော မဟုတ်လားကွယ်။ ဒါပေမယ့် သူ့ကို ဘယ်သူကမှ သဘော မကျကြဘူး။

ဖြစ်ပုံက ဒီလိုလေ။

"အမ်မီလီက သိပ်ထူးဆန်းတာပဲနော်"လို့ ဘေးအိမ်က ဂျွန်က ပြောတယ်။

"သူက ဘယ်သူ့အတွက်မှ ဝမ်းမနည်းတတ်ဘူး၊ တစ်နေ့က ခြံနံရံပေါ်က ကျွန်တော်ပြုတ်ကျတော့ ခေါင်းမှာ သွေးထွက်သွားတယ်။ ဒါကို အမ်မီလီက ရပ်ပြီး စိုက်ကြည့်နေတယ်ဗျား။ ဂျိန်းက အပြေးလာပြီး ကူညီလို့သာပေါ့"

"ပြီးတော့ လမ်းထောင့်မှာ ရပ်နေတတ်တဲ့ သနားစရာ မျက်မမြင်ကြီးကို ရှင်သိသလား"လို့ ကက်တီက ဝင်ပြောတယ်။

"သူ့ကို ကျွန်မတို့က ငွေတွေ ခဏခဏ ပေးတယ်၊ ဒါပေမယ့် အမ်မီလီကတော့ တစ်ခါမှ မပေးကမ်းဖူးဘူးလို့ ပြောပြဖူးတယ်။ မင်း သူမျက်စိမမြင်တာကို မသနားဘူးလား၊ သူ့ကို မကူညီချင်ဘူးလားလို့ ကျွန်မကမေးတော့ သူက မကူညီချင်ဘူးတဲ့။ အတော်ဆန်းတဲ့ ကောင်မလေးပဲ"

"တမြန်နေ့က သူနဲ့အတူ ကျွန်မ လက်ဖက်ရည်သောက်နေတုန်း သူ့အမေက အပြင်းအထန် ခေါင်းကိုက်ပါလေရော၊ ဒါနဲ့ ကျွန်မလဲ ကစားကြရာမှာ ဆူဆူညံညံ မဖြစ်ဖို့ သတိထားလိုက်တယ်။ ဒါပေမယ့် အစ်မီလီကတော့ အကျယ်ကြီး ရယ်မောနေလိုက်တာ။ သူ့အမေက သူ့အပေါ် အင်မတန်ကောင်းပြီး ညှာတာရှင့်။ အစ်မီလီနဲ့ ပြဿနာတစ်ခုဖြစ်ပြီလို့ ကျွန်မတော့ ထင်တာပဲ"လို့ လင်နီကလဲ ပြောပါတယ်။


www.burmeseclassic.com



"ငါကလဲ ပြောပါရစေဦး"လို့-ဂျွန်က ဆိုလာတယ်။

"သူဟာ ဘယ်သူ့ကိုမှ ဝမ်းနည်းပါတယ် မပြောတတ်ဘူး။ သူဟာ ခိတ်နှလုံးကောင်း မရှိဘူး၊ သူဟာ လုပလိမ္မာပြီး သန့်ရှင်းတယ်၊ကောင်းကောင်း ကစားတတ်တယ်၊ ဒါပေမယ့် နင်တို့နဲ့ မတူဘူးဟ"

တစ်နေ့မှာ အစ်မီလီရဲ့အဘွားဟာ သူ့ကို လာတွေ့ပါလေရော။ သနားစရာ အဘွားကြီးဟာ အဲဒီမတိုင်ခင်က လှေကားပေါ်က ပြုတ်ကျပြီး



ဒူးတာနေရရှာတယ်၊ ဒါကြောင့် တုတ်ကောက်နဲ့သာ လမ်းလျှောက်နိုင်တယ်။ ဒါပေမယ့် အစ်မီလီက အဘွားအတွက် ကုလားထိုင်အပြေး မယူပေးသလို ကူလဲ မတွဲပေးဘူး။ အဘွားရဲ့ခြေထောက်အတွက် စိတ်မကောင်းပါဘူးလို့ ပြောမယ်များ ထင်သလား၊ ဝေးသေး။

သူ့အမေကပဲ ကုလားထိုင်ချပေးရတယ်။ သူ့အဘွားက သူ့ကိုကြည့်ပြီး သူ့အမေကို ပြောတယ်။

"အစ်မီလီနဲ့ပတ်သက်လို့ တစ်ခုခုလွဲနေပြီအေ့၊ သူက ဘယ်သူ့ကိုမှ စိတ်မကောင်းကြောင်း မပြောတတ်ပါလား၊ မစာနာတတ်ပါလား။ သူ့စိတ်နှလုံး က တစ်ခုခုလွဲနေပြီထင်တယ်။ အတော်သွေးအေးတာပဲ၊ ဒါ မကောင်းတဲ့ ကိစ္စပဲ ဘာလို့လဲဆိုတော့ တကယ့်ပျော်ရွှင်မှုက ဘာလဲဆိုတာ သူမသိလို့ပဲ၊ ပျော်ရွှင်မှု ဆိုတာ နှလုံးသားနွေးထွေးမှ ဖြစ်တာကွယ့်"

အစ်မီလီက သူ့အဘွားကို အလကားပါလို့ တွေးနေတယ်၊

www.burmeseclassic.com



"သမီးပျော်တာပဲ၊ ဘာဖြစ်လို့ လူတွေအတွက် စိတ်မကောင်းဖြစ်ရမှာလဲ၊ ကိုယ့်အတွက်တောင် ဘယ်တုန်းကမှ ဝမ်းမနည်းဘူး"လို့ ပြောပါတယ်။

"ငါ့မြေးမှာ လိုအပ်ချက်မှ မရှိသေးတာ၊ ငါ့မြေးဟာ လှပြီး သွက်လက်တယ်၊ အဝတ်ကောင်း အစားကောင်းတွေရှိတယ်။ ငါ့မြေးမှာ ကြင်နာတတ်တဲ့ အဖေအမေလဲ ရှိတယ်။ အရုပ်တွေလဲ အများကြီးပဲ။ ဒီတော့ ကိုယ့်အတွက်ကိုယ် ဝမ်းနည်းစရာ မရှိသေးဘူးပေါ့၊ ဒါပေမယ့် သမီးဟာ ကံကောင်းတဲ့ မိန်းကလေးမို့ ပျော်ရွှင်သင့်သလို သိပ်ကံမကောင်းတဲ့ နေမကောင်းတဲ့ မပျော်ရွှင်နိုင်တဲ့သူတွေအတွက်လဲ ဝမ်းနည်းတတ်ရမယ်ကွယ့်" လို့ အဘွားက စိတ်ရှည်လက်ရှည်ပြောပြတယ်။

"အဘွားကတော့ အမြဲဩဝါဒ ပေးနေတာပဲ"လို့ အစ်မီလီက ခပ်ပြတ်ပြတ်ပြောလိုက်တယ်။

သူ့အမေဟာ အဘွားပြောတာကြားတော့ စိတ်ပူသွားပြီး အစ်မီလီကို ဆရာဝန်ဆီ ခေါ်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် နောက်တစ်နေ့မှာ အမေဟာ အစ်မီလီနဲ့အတူ ထွက်လာတယ်။ ကောင်မလေးက မသွားချင်ဘူး၊ သူဟာ တစ်လမ်းလုံး နောက်ကနေ လိုက်လာတယ်။ ဒါပေမယ့် နောက်ဆုံးတော့ ရောက်လာတာမို့ ဉာဏ်ပညာရှိဆရာဝန်ကြီးဟာ ကောင်မလေးကို ကြည့်ရှုပေးပါတော့တယ်။

ဆရာဝန်ကြီးဟာ သူ့နှလုံးခုန်သံကို နားထောင်တယ်၊ လှည့်ပတ်ပြီး နားထောင်တယ်၊ ခေါက်ကြည့်တယ်၊ အရေပြားပေါ် ထိုးကြည့်တယ်။ ပြီးတော့ ခေါင်းခါပြတယ်။

"အားလုံး ကောင်းပုံပါပဲ၊ ဒါပေမယ့် တစ်ခုခုမှားနေတာတော့ သေချာတယ်။ မကြာခင် သူ့ကို ပြန်ခေါ်လာခဲ့၊ ကျုပ်ကြိုးစားပြီး ဘာဖြစ်သလဲ အဖြေရှာပေးမယ်၊ သိပ်ထူးဆန်းတယ်ဗျာ"

အစ်မီလီရဲ့အမေဟာ ဆရာဝန်ပြောတဲ့စကားကို ကြားရတော့ သိပ်စိတ်ပူပြီး ထိတ်လန့်သွားတာပေါ့။ သူတို့အိမ်ပြန်ဖို့ သစ်တောထဲက ဖြတ်လာတော့ အမေဟာ ငိုကြွေးလို့ ပါးပြင်ပေါ် မျက်ရည်တွေကျလာတယ်။ အစ်မီလီက မျက်ရည်တွေကို မြင်ပေမယ့် သူ့အမေကို နေသာအောင် အနွေးအထွေး မပေးတော့ဘူး။

မကြာခင် သူတို့ဟာ တောအုပ်ထဲမှာနေတဲ့ ခါးကိုင်းကိုင်း အဘွားအိုလေးတစ်ယောက်နဲ့ ဆုံတွေ့တယ်။ လူတိုင်းက အဘွားကြီးကို အသက်ရာ



www.burmeseclassic.com

www.burmeseclassic.com





ကျော်ပြီလို့ထင်ကြမှာပဲ။ သူဟာ အစ်မီလီရဲ့အမေ ငိုနေတာတွေ့ရတော့ တားပြီး ဘာဖြစ်သလဲ မေးတယ်။

"ကျွန်မသမီး အစ်မီလီရဲ့နှလုံးမှာ တစ်ခုခု မှားနေပြီရှင့်၊ ဒါပေမယ့် ဆရာဝန်က ဒါဘာလဲ မပြောနိုင်ဘူး"လို့ သူ့အမေက ပြောပါတယ်။

"ကောင်းပြီ၊ ငါရှာပေးနိုင်မှာပါ"လို့ အဘွားအိုက ပြောတယ်။

"နှလုံးသားပြန်ကောင်းဖို့ ဂါထာတွေ အများကြီးပါ၊ အစ်မီလီရဲ့ နှလုံးသားကို ငါကြည့်ပါရစေ"

"ဘယ်ဖြစ်မလဲ၊ နှလုံးသားက အထဲမှာရှင့်"လို့ အစ်မီလီကပြော တယ်။ ဒါပေမယ့် အဘွားကြီးက ရယ်မောပြီး လက်ခုပ်တီးလိုက်တော့ အစ်မီလီ ရဲ့ နှလုံးသားဟာ ကျောဘက်ကနေပြီး သူ့ကိုယ်ထဲက ပျံထွက်လာကာ အဘွား ကြီးဘေးက မြက်ခင်းပေါ် ကျသွားပါလေရော။ ဒီမြင်ကွင်းဟာ မြင်ဖူးသမျှ ထဲမှာ အထူးဆန်းဆုံးပဲ။ အဘွားကြီးဟာ နှလုံးသားကို ငုံ့ကောက်လိုက်တယ်။ သူဟာ ခေါင်းကို တည်ငြိမ်စွာ လှုပ်ခါလိုက်ပြီး အံ့သြနေတဲ့ အစ်မီလီရဲ့အမေကို ပြလိုက်တယ်။

"ဒီမှာကြည့်စမ်း၊ သူ့နှလုံးသားက ကျောက်ခဲပဲဟာ၊ ကိုင်ကြည့်၊ မာ ပြီး အေးစက်နေတယ် တွေ့လား၊ ကလေးက ဒါကြောင့် ဘယ်သူ့အတွက်မှ





www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမနည်းတတ်တာ၊ မစာနာတတ်တာသိပလားအေ့။ ဘယ်သူက ဒီနှလုံးသား လောက် အေးစက်မာကျောနိုင်မှာလဲ။ ဒါဟာ ငါ့ဘဝတစ်လျှောက် မြင်ဖူးသမျှ ထဲမှာ အဆိုးဆုံး နှလုံးသားပဲ။ ရော့၊ ဟောဒီမှာ မင်းဟာ၊ ပြန်ယူလိုက် ကောင် မလေး။ မင်းရဲ့ကျောက်ခဲနှလုံးသား အရည်မပျော်မချင်း မင်း ဘယ်တော့မှ ပျော်ရွှင်ရမှာ မဟုတ်ဘူးကွယ့်"

"ဒါပေမယ့် သူဘယ်လို လုပ်ရမလဲ"လို့ အမေက ထိတ်လန့်ကြေကွဲ စွာ မေးပါတယ်။ "တစ်နည်းပဲ ရှိတယ်ကွယ့်"လို့ အဘွားအိုက ထော့နဲ့ထော့နဲ့ လျှောက်ရင်းပြောပါတယ်။

"တစ်နည်းပဲရှိတယ်၊ ကြင်နာပါ . . . မကြိုက်သည့်တိုင်အောင် စာနာပါ၊ ကျောက်ခဲနှလုံးသားကို အရည်ပျော်ဖို့ဆိုတာ ကြင်နာဖို့ကလွဲလို့ တခြားမရှိဘူးကွယ့်"

"သမီး အစ်မိလီရယ်၊ အဘွားပြောတာကို သမီးကြိုးစားလုပ်ကြည့် ရမယ်နော်"လို့ အမေကပြောပါတယ်။

"တခြားကလေးတွေကို လူတွေချစ်သလို သမီးကို လူတွေချစ်တာပဲ အမေလိုချင်တယ်၊ ကြင်နာတတ်ဖို့ ကြိုးစားကြည့်ပြီး ကိုယ့်နှလုံးသားကို ပို ကောင်းလာအောင် နေပါကွယ်"

"ကောင်းပါပြီ၊ သမီးကြိုးစားပါ့မယ်"လို့ စိတ်ရှုပ်ထွေးနေတဲ့ အစ်မိ လီကပြောပါတယ်။

"သမီး တကယ်ကြိုးစားပါ့မယ်၊ သမီးနှလုံးသား ဒီလိုဖြစ်နေတာ သမီးလဲ မကြိုက်ပါဘူး၊ အမေသိပါတယ်၊ နှလုံးသားက ခံစားတာ သိပ်နေး ကွေးတာပဲ၊ အဲဒါ ကျောက်ခဲနဲ့ လုပ်ထားတဲ့အတွက်ကိုး"

သနားစရာ အစ်မိလီပါပဲ၊ လူတွေအပေါ် ကောင်းကောင်းပြောပါ၊ သူတို့ ဒုက္ခရောက်ချိန် သက်သာရာရအောင်ပြောဖို့ဆိုတာ သူ့အတွက် သိပ် ခက်ခဲပါတယ်။ ဒါပေမယ့် သူ့နှလုံးသားကို ပိုလေးသထက် လေးလာတယ်၊ သူမလိုချင်တာမို့ ကြိုးစားကြည့်ပါတယ်။

"ကလေးတွေ ချော်လဲရင် ငါထူပေးမယ်"လို့ သူကြံစည်ပါတယ်။

"သူတို့ကျောင်းသင်ခန်းစာတွေကြောင့် အခက်တွေ့ရင် ငါကူပြီပေး မယ်၊ အမေခေါင်းကိုက်ရင် ငါ တိတ်တိတ်နေမယ်၊ ဒီကိစ္စတွေလုပ်ဖို့ဟာ တခြား ကလေးတွေအတွက် လွယ်လွယ်လေးပဲ၊ သူတို့ကိုယ်နှိုက်ကလုပ်ချင်ကြတာကိုး၊ ငါ့ကျတော့ ဒီလိုမဟုတ်ဘူး၊ အတော်ကြိုးစားရမှာပဲ"




www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူကြိုးစားပြုပြင်ကြည့်ပါတယ်။ အဲဒီ ရက်သတ္တပတ်အတွင်း စာနာညှာတာဖို့ အခွင့်အရေး အများကြီး သူရခဲ့ပါတယ်။ မျက်နှာချင်းဆိုင်အိမ်မှာနေတဲ့ မန်ဒီလက်ကျိုးတော့ အစ်မီလီဟာ လမ်းကူးပြီး သူ့ကို သွားကြည့်တယ်။ သူဟာ သူ့အရုပ်မလေးတစ်ရုပ် ယူသွားတယ်၊ မန်ဒီကို နာရီဝက်လောက် စာဖတ်ပြတယ်။ သူဟာ ဒီလိုလုပ်ပေးရင်း သိပ်ငြီးငွေ့လာတယ်။

ပြန်ကာနီးတော့ မန်ဒီက သူ့ကိုဆွဲပြီး ပွေ့ဖက်ကာ နမ်းပါတယ်။



"နင် ဒီလို၊ ကြင်နာညှာတာတတ်တာ ငါဘယ်တုန်းကမှ မသိခဲ့ဘူး အစ်မီလီရယ်"လို့ ပြောပါတယ်။

"ငါနင့်အရုပ်မလေးကို သဘောကျတယ်၊ နင်စာဖတ်ပြတာလဲ သိပ်ကောင်းတာပဲ၊ ထပ်လာပါဦးဟာ"

အစ်မီလီရဲ့နှလုံးသားက ရုတ်တရက် နာကျင်လာတယ်၊ အဲဒီနေရာကို လက်နဲ့ထိလိုက်တယ်။ သူဟာ ဝန်ဒီရဲ့စကားကြောင့် ကျေနပ်မိတယ်၊ ဒါပေမယ့် သူ့နှလုံးသား သိပ်မနာဖို့ ဆုတောင်းနေရတယ်။ ထပ်နာလာတော့ သိပ်ဆိုးတာမို့ သူဟာ တွန့်လိမ်နေရှာတယ်။


နောက်တစ်နေ့ကျတော့ သူဟာ သူ့အဘွားဆီကို သွားကြည့်ဖို့ ဘတ်စ်ကားစီးသွားတယ်။ ကားက လူပြည့်နေလို့ အမ်မီလီဟာ သူထိုင်ဖို့ တစ်နေရာစာ မနည်းရှာရတယ်။ သူထိုင်ချလိုက်တော့ ကားပေါ် အဘိုးတစ်ယောက် တက်လာတာကို သတိထားမိတယ်။ သူ့အတွက် နေရာရှိတော့လို့



www.burmeseclassic.com

www.burmeseclassic.com





မတ်တပ်ရပ်ရတော့မယ်။ ထုံးစံအတိုင်းဆို အမ်မီလီက အဘိုးကြီးရပ်တာကို ပေကြည့်နေမှာပဲ၊ ဒါပေမယ့် သူက ကြင်နာတတ်ဖို့ ကြိုးစားနေတာမဟုတ်လား၊ ဒါကြောင့် သူဟာ ချက်ချင်းထရပ်လိုက်တယ်။

"သမီးနေရာမှာ ထိုင်ပါအဘိုး"လို့ သူကပြောပြီးနေရာဖယ်ပေးလိုက်တယ်။

"အတော်ကြင်နာတတ်တဲ့ ကလေးမပဲ"လို့ အဘိုးကြီးက ခပ်ကျယ်ကျယ်လေး ပြောလိုက်တာမို့ လူတိုင်းကြားသွားကြတယ်။ သူတို့ဟာ အမ်မီလီကိုစိုက်ကြည့်ပြီး ပြုံးလိုက်ကြတယ်။ သူလဲ ခံစားမိသွားတာကြောင့် ပျော်ရွှင်တဲ့ဝေဒနာက သူ့နှလုံးသားကို တိုးဝင်လာလို့ ရင်ဘတ်ကို ဖိထားရပြန်တယ်။ တကယ် နာလှချည်လားနော်။

သူဟာ အဘွားအိမ်ကို ရောက်လာတယ်။

"အဘွားခြေထောက် ဘယ်လိုနေသေးလဲ အဘွား၊ လက်ဖက်ရည်သောက်ဖို့ မထနဲ့လေ၊ သမီးသွားယူပေးမှာပေါ့၊ မုန့်တွေလဲ ယူခဲ့မယ်နော်" လို့ မေးလိုက်တယ်။

ဒီကိစ္စတွေအားလုံးကို ဘတ်စ်ကားစီးရင်းနဲ့ သူကြိုစီစဉ်ထားခဲ့တာ။ သူ့အဘွားကတော့ အရမ်းအံ့သြနေတယ်။ အဘွားဟာ ထိုင်ချပြီး မြေးမလေး လက်ဖက်ရည်သွားယူတာကို စောင့်ကြည့်နေတယ်။

"ကြည့်စမ်း၊ သမီးဟာ အမြဲလှပတဲ့ ကလေးပဲ၊ ဒါပေမယ့် အခုတော့ သမီးမျက်လုံးမှာ ကြင်နာတဲ့ အရိပ်အယောင်တွေပါ တွေ့ရပြီ အမ်မီလီရဲ့၊ တကယ် ချစ်စရာဖြစ်လာပြီ၊ သမီးနဲ့နေရတာ ပျော်စရာပဲ" လို့နောက်ဆုံးမှာ အဘွားက ပြောမိတယ်။




www.burmeseclassic.com

www.burmeseclassic.com



အမ်မီလီရဲ့ နှလုံးသားဟာ ထပ်နာလာပြန်တယ်၊ ဒါကြောင့် စကား တစ်ခွန်းမှ မပြောနိုင်တော့ပါ။ သူဟာ အမြဲကြွားဝါတတ်တာကြောင့် ဝမ်းနည်း စရာကို မခံစားခဲ့ဖူးဘူး၊ ဒါကြောင့် သူမ ရှင်းမပြတတ်ဘူး။

တစ်ပတ်နှစ်ပတ်ကြာသွားတယ်။ အမ်မီလီဟာ သူနိုင်သလောက် ကြင်နာမှုလေးတွေ အမြဲလိုက်လုပ်ခဲ့ပါတယ်။ မျက်မမြင်အဘိုးအိုကို ဆယ်ပြား လှူလိုက်တယ်။ ဒေါ်ညိုရဲ့ကလေးကို လက်တွန်းလှည်းထဲထည့်ပြီး နေ့စဉ် အပြင်ဘက်တွန်းပေးတယ်။ ဒေါ်ညိုက လျှော်ဖွပ်သန့်ရှင်းတာနဲ့ အလုပ်ရှုပ်နေ လို့ပါ။ သူဟာ သနားစရာ ကြောင်လေကြောင်လွင့်လေးတစ်ကောင်ကို သယ် လာပြီး သူ့ကို ကျွေးမွေးထားဖို့ အမေ့ဆီမှာ ခွင့်တောင်းတယ်။ ဒါ သူ့အဖို့ အိမ်မွေးတိရစ္ဆာန်တစ်ကောင်လိုချင်တာ ပထမဆုံးအကြိမ်ပဲ။



သူဟာ ပျော်ရွှင်စွာ ကြည့်လိုက်တော့ သူ့နှလုံးသားက နည်းနည်းနာ လာတယ်။ သူဟာ တစ်နေ့ကို အခါပေါင်းများစွာ ပြုံးတယ်။ အရင်ကထက် ပိုပြီး ရယ်မောဖြစ်တယ်။ သူ့မျက်လုံးတွေဟာ အရင်က ဘယ်သူမှ မမြင်ခဲ့ဖူး တဲ့ ကြင်နာမှုနဲ့ လင်းလက်တောက်ပနေကြတယ်။

“အမ်မီလီ၊ သမီးအတွက် အမေဂုဏ်ယူတယ်။ သမီးဟာ တကယ် ကြင်နာတတ်ဖို့ အပြင်းအထန်ကို ကြိုးစားနေတာပဲ။ အဲဒါကို ရှာရတာ သမီး အဖို့ ခက်နေတုန်းပဲလား”လို့ အမေကပြောတယ်။ အမ်မီလီဟာ အပြင်းအထန် စဉ်းစားရင်း မျက်လုံးမှာ အံ့သြဟန်ပေါ်လာတယ်။

“မခက်တော့ဘူးအမေ၊ ကြင်နာဖို့ သမီးသိပ်မကြိုးစားရတော့ဘူး။ ဒီအတွက် ကြိုးစားပမ်းစား လုပ်နေစရာ မလိုတော့ဘူး။ ကြည့်စမ်း . . . ကက်တီတော့ ချော်လဲသွားပြီလို့ ကြားရတာနဲ့ သွားကူဖို့တာဝန် အလိုလိုပြုံးမိ လာတယ်။ အဲဒီကို မစဉ်းစားဘဲ ပြေးသွားတော့တာပဲ၊ ဘာလို့လဲဆိုတော့ သူ့ငို မှာကို သမီးမမြင်ချင်လို့ပဲပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အမေ ဝမ်းသာလိုက်တာသမီးရယ်၊ သမီးနှလုံးသားက ပိုကောင်းလာတာဖြစ်ရမယ်"လို့ အမေကပြောပါတယ်။

"နှလုံးက ပိုဆိုးလာတယ် အမေရဲ့၊ အတော်နာတာပဲ၊ တစ်ခါတလေ လက်နဲ့ဖိထားရတယ်"

"သနားစရာပါလားကွယ်၊ အမေတို့ တောအုပ်ထဲမှာနေတဲ့ အဘွားကြီးဆီသွားကြရအောင်။ သူက တစ်ခုခု လုပ်ပေးနိုင်မှာပါ၊ အခုပဲ သွားကြတာပေါ့ကွယ်"လို့ အမေက အလန့်တကြား ပြောပါတယ်။

ဒါနဲ့ သူတို့ထွက်လာပြီး အဘွားကြီးရဲ့တဲကို ရောက်လာပါရော။ အဘွားကြီးက တဲထဲမှာပါ၊ သူတို့ကိုမြင်ရတော့ သိပ်ကျေနပ်သွားတယ်။

"အမ်မီလီဟာ တကယ်ကြင်နာတတ်ဖို့ ကြိုးစားနေပါပြီ၊ ဒါပေမယ့် သူ့နှလုံးက အခြေအနေဆိုးလို့ ကျွန်မစိုးရိမ်တယ်၊ သိပ်နာတာပဲတဲ့ရှင့်"လို့ သူ့အမေက ရှင်းပြပါတယ်။

"စမ်းကြည့်ရအောင်"လို့ အဘွားကြီးကပြောရင်း သူ့လက်ကို အမ်မီလီရဲ့ဝတ်စုံထဲ နှိုက်လိုက်တယ်။ သူဟာ နှလုံးရှိရာ နေရာတစ်ဝိုက်ကို စမ်းကြည့်တယ်။ ပြီးတော့ ရယ်ပြီးရင်း ရယ်ပါလေရော။

"ဘာမှ မမှားတော့ဘူး၊ ဘာမှ မဖြစ်တော့ဘူး၊ နှလုံးသားက လုံးလုံးကွဲပြားသွားပြီ၊ မင်းသမီးကို မင်းစမ်းကြည့်ပါလား။ သူ့နှလုံးသားက အရင်ကလို အေးစက်မာကျောတဲ့ ကျောက်ခဲနှလုံးသား မဟုတ်တော့ဘူး၊ နွေးထွေးနူးညံ့နေပြီကွယ့်၊ ချစ်စရာ နှလုံးသား ဖြစ်သွားပြီ။ ဒီလိုနှလုံးသားမျိုးရှိတဲ့အတွက် သူအကြီးအကျယ် ပျော်ရလိမ့်မယ်။ သူ့မျက်နှာကိုကြည့်စမ်း . . . ချိုသာပြီး နူးညံ့နေတာပဲ"







"ဒါဆို ဘာလို့ သူ့နှလုံးသား နာနေရတာလဲ"လို့ ကလေးမရဲ့အမေက မေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ထပ်မဖြစ်တော့ပါဘူး"လို့ အဘွားကြီးကဖြေတယ်၊

"ညည်းကိုငါ ပြောခဲ့သားပဲ၊ နူးညံ့ကြင်နာမှုက ဒီကျောက်ခဲနှလုံးသားကို အရည်ပျော်စေမယ်လို့၊ အရည်ပျော်တော့ နာတာပေါ့အေ၊ ဒါပေမယ့် အခုတော့ အားလုံးကောင်းသွားပြီ၊ ထပ်ပူပန်စရာ မလိုတော့ဘူးကွယ့်"

အမ်မီလီဟာ ဒီလိုကြားရတဲ့အတွက် သိပ်ပျော်သွားရှာတယ်။ သူဟာ သူ့အမေနဲ့အတူ ခုန်ပေါက်ပြေးလွှားရင်း လိုက်လာတယ်။ အခုဆို သူဟာ ကြီးပြင်းလာပြီဖြစ်ပြီး သူ့နှလုံးသားက နွေးထွေးစာနာတတ်နေပါပြီ။ ကလေးတွေကလဲ သူ့ကို အတော်ချစ်ခင်ကြတယ်။ သူက ဒီဇာတ်လမ်းကို အမြဲ ပြောပြလေ့ရှိတယ်။

"နွေးထွေးတဲ့နှလုံးသား အမြဲရှိပါစေ၊ မင်းတို့နေ့တိုင်း ပျော်ရွှင်ရမှာပဲ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

## မြူနှင်းထဲကအိမ်

တစ်ခါက နတ်သမီးတွေ၊ နတ်သူငယ်တွေ၊ လူဘီလူးကြီးတွေ၊ နဂါးတွေ၊ မှော်ပညာတွေကို မယုံကြည်တဲ့ ကောင်လေးတစ်ယောက်ရှိတယ်။

“ဒါပေမယ့် နောက်ဆုံးတော့ နဂါးတစ်ကောင်ကို စိန့်ဂျော့က သတ်ခဲ့တာ နင်လဲအသိပဲ၊ ဒါ တို့ကျောင်းက သမိုင်းစာအုပ်တွေထဲမှာ ပါတယ်လေဟာ” လို့ မေရီကပြောတော့ . . .

“နင် ဒါတွေကို ယုံသလား၊ ငါက ဒီလိုဟာမျိုးတွေကို ခေါင်းထဲမထည့်ဘူး”လို့ ဝီလျံကပြောပါတယ်။

တစ်နေ့တော့ ဝီလျံဟာ လူငယ်အသင်းအစည်းအဝေးပွဲတစ်ခုသွားဖို့ရှိပါတယ်။ သူဟာ တကယ်ကောင်းမွန်တဲ့ လူငယ်လေးတစ်ယောက်ဖြစ်ပြီး ‘ကင်းထောက်လူငယ်’ ဖြစ်ဖို့ အလားအလာရှိပါတယ်။ သူဟာ အိမ်မှာ လက်ဖက်ရည်သောက်ပြီး နာရီကြည့်လိုက်တယ်။

“သွားမှဖြစ်တော့မယ်မေမေ၊ ကျွန်တော် ခြောက်နာရီမှာ အစည်းအဝေး တက်ဖို့ရှိတယ်” လို့ ပြောလိုက်တယ်။

သူ့အမေဟာ ပြတင်းပေါက်ကနေ ချောင်းကြည့်လိုက်တယ်။ အတော်မှောင်တဲ့ ညနေခင်းပဲနော်၊ နှင်းတွေကလဲ ကျလိုက်တာ။

“မင်းသွားမှာ ငါအံ့သြတယ်ဝီလျံ၊ နှင်းဖြူတွေ သိပ်ကျနေတယ်ကွယ့်”လို့ ပြောလိုက်တယ်။

“အမေရယ် . . . ဘာအရေးလဲ၊ သားက ကိုယ့်လမ်းကိုကိုယ်သိတာပဲ၊ လမ်းချော်မသွားနိုင်ပါဘူး”လို့ ဝီလျံက အပေါ်အင်္ကျီဝတ်ရင်း ပြောလိုက်တယ်။

အေးလေ၊ ဝီလျံဟာ အင်မတန် စိတ်ခါတ်မာကျောတဲ့ သူငယ်ပဲ၊ ဒါကြောင့် သူ့အမေက သွားခွင့်ပြုလိုက်တယ်။ သူဟာ အစည်းအဝေးကို အချိန်မီရောက်သွားတယ်။ ဝီလျံဟာ အမြဲလို အချိန်တိကျတယ်။ အဲဒီ ညနေခင်းကတော့ သိပ်အဖိုးတန်တာပဲ။ ပြီးတော့ အိမ်ပြန်ချိန် ရောက်လာပါလေရော။
မေးပါပဲ

www.burmeseclassic.com





အသင်းခေါင်းဆောင်က တံခါးပေါက်ကို ကြည့်လိုက်တယ်။

"ဟင် . . . နှင်းက ထူလှချည်လား၊ မင်းတို့အိမ်ပြန်လမ်းမှန်ကို ှာတွေ့ကြပါစေလို့ ငါဆုတောင်းပါတယ်"

"ကျွန်တော်တို့အားလုံးက တစ်လမ်းတည်းပဲလေ၊ ဝီလျံကလွဲလို့ပေါ့။ ါကြောင့် အတူထိန်းသွားလို့ရတယ်။ ဝီလျံကတော့ ဘယ်လိုလုပ်မလဲ"လို့ ျွန်ကပြောတယ်။

"ဩ၊ ငါက နှင်းမြူထဲမှာ လမ်းပျောက်နေမယ် ထင်ကြလို့လား၊ ုငယ်အသင်းသားတစ်ယောက်ဟာ ဘာမှမမြင်ရရင်တောင် သူ့လမ်းကို သူသိ ာယ်ကွ"လို့ ဝီလျံကပြောပါတယ်။

ပြီးတော့ သူဟာ မြူနှင်းထဲကို တစ်ယောက်တည်း ထွက်လာခဲ့တယ်။ ၁ု လမ်းကောင်းကောင်း သိနိုင်ပါ့မလား။ ဆင်တူတဲ့လမ်းတွေများစွာကို သူ လျှောက်ခဲ့ဖူးတာပဲ။ နှင်းထူလို့ရော ဘာအရေးလဲ။ အိမ်ပြန်လမ်းကို အေးအေး ဆေးဆေးပဲ သူရှာနိုင်ပါတယ်။ ဒါပေမယ့် ထောင့်ချိုးနှစ်ခုကို ကွေ့အပြီးမှာ ှုဟာ ရုတ်တရက် ရပ်လိုက်တယ်။ သူ့လက်နှိပ်ဓာတ်မီးက ထူထဲတဲ့ နှင်းမြူ ကြားထဲမှာ အလင်းရောင် မသဲမကွဲ ညွှန်ပြနေတယ်။ သူလမ်းမှန်ပေါ်ရောက် ာမှ ဟုတ်ရဲ့လား။ ရအောင်သွားမယ်၊ သူလမ်းမှားသွားတာ မဖြစ်နိုင်ဘူး။

သူဟာ ဓာတ်မီးနဲ့ အနားမှာရေးထားတဲ့ လမ်းနာမည်ကို ထိုးကြည့် ိုက်တယ်။ သူမှန်သားပဲ၊ ဒါ 'သစ်တစ်ပင်လမ်း'ပဲ။ ဘုရားသခင် ကျေးဇူးပဲ၊ ုတော့ လမ်းမမှားခဲ့ဘူး။

"ငါ့အနေနဲ့ လမ်းအဆုံးကို ဆင်းသွားပြီး ဘယ်ဘက်ကွေ့လို့ ဖြတ် ားလိုက်ကာ တည့်တည့်သွားရင် ငါ့အိမ်ရောက်မှာပဲ"လို့ ဝီလျံက သူ့ကိုယ်သူ ပြောလိုက်တယ်။ ဒါကြောင့် သူဟာ ထပ်လျှောက်လာခဲ့တယ်၊ သူ့ခြေလှမ်း ဆွက သူ့ကိုဝန်းရံထားတဲ့ နှင်းမြူထူထူထဲမှာ တဒေါက်ဒေါက်နဲ့ ရွေ့လျား ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ရှေ့ဆက်တိုးလာတယ်။ သစ်တစ်ပင်လမ်းရဲ့အဆုံးက ဘယ်နေရာလဲ။ လမ်းက ရှည်လှချည်လား။ ဆက်ပြီးရင်း ဆက်ရင်းပဲ၊ ဝီလျံဟာ ရပ်လိုက်ပြီး ဇဝေဇဝါဖြစ်နေတယ်။ သူ့အနေနဲ့ လမ်းဆုံးကိုရောက်ပြီး ဘယ်ဘက်ကို ကွေ့လို့ရသင့်နေပြီ။



သူဟာ ပြန်လှည့်ပြီး နောက်ဘက်ပြန်လျှောက်လာတယ်။

"ငါ လမ်းထိပ်ကို ပြန်သွားပြီး လမ်းနာမည်ကိုကြည့်မှ"လို့ တွေးမိ
တယ်။ သူ့ခြေလှမ်းတွေ လမ်းပေါ်မှာ ရိုက်ခတ်နေတယ်။ သူဆက်လျှောက်လာ
ခဲ့တယ်။

လမ်းထိပ်က သူစလျှောက်ခဲ့တဲ့နေရာကိုရောက်တော့ လမ်းနာမည်ကို
မြင်ရတယ်။ ဒီလမ်း ဟုတ်တာပဲဟာ၊ သူဟာ ဒီကျောက်ပြားလမ်းကို လျှောက်
ခဲ့ပေမယ့် အဆုံးမှာ ဖြတ်ကူးစရာနေရာ မရှိဘူး။ ဒီလမ်းဟာ သစ်တစ်ပင်
လမ်းပဲ၊ ဒါပေမယ့် ဘာလို့ အဆုံးမရှိတာလဲ။ သူဟာ ထရပ်လိုက်တယ်။ သူဟာ
လှည့်ပြီး လမ်းအတိုင်း လျှောက်သွားပြန်တယ်။ ချိုးကွေ့လို့မရတာ သေချာ
ပါတယ်။ ဆက်သွားလာခဲ့ပေမယ့် ကွေ့စရာနေရာ မရှိဘူး။ ဘာဖြစ်တာလဲ

"ငါ အိပ်မက်မက်နေတာ မဟုတ်ဘူး၊ ဒါကို ငါသိနေသားပဲ"လို့
ဝီလျံက ရေရွတ်ပါတယ်။

"ငါ အခုလေးတင်ပဲ အသင်းအစည်းအဝေးပွဲကပြန်လာပြီး မြူနှင်း
ထူထူထဲမှာ အိမ်ကိုလျှောက်လာတယ်။ ငါလျှောက်ခဲ့တဲ့လမ်းက မှန်သာ
ဒါ လမ်းမမှားခဲ့ဘူး။ ဒါတောင် ဒီလမ်းရဲ့အဆုံးကို ငါရှာမတွေ့တာ ဘာဖြ
လို့လဲ"

မလွယ်ပါဘူး၊ သူဟာ လမ်းအဆုံးကို ရှာမတွေ့ဘူး။ ဆက်သွားချိ
တော့ ပြဿနာမရှိပေမယ့် လမ်းဟာ အဆုံးမရှိ၊ အစမရှိသလိုပဲ။



www.burmeseclassic.com


www.burmeseclassic.com



"အတော်ဆိုးတာပဲ၊ ဘာမြင်ကွင်းမှ မတွေ့ရပါလား။ အိမ်တစ်လုံး ထဲဝင်ပြီး လမ်းမေးဦးမှထင်တယ်"လို့ ဝီလျံက နောက်ဆုံးမှာ ရေရွတ်လိုက် တယ်။

သူဟာ အနီးဆုံးအိမ်ရဲ့ ဂိတ်ဝပေါ်ကို ဓာတ်မီးနဲ့ထိုးထွက်ပေါ်လာ တယ်။

"မွန်တီဂေဟာ"ဆိုတဲ့ အမည်ကိုတွေ့ရတယ်။ သူဟာ လမ်းလေး အတိုင်းသွားပြီး အိမ်ရှေ့တံခါးဆီကို ရောက်လာတယ်။ တံခါးပေါ်မှာ လူခေါင်း ပုံများ ထူးဆန်းတဲ့ လက်ကိုင်ဘုရှိတယ်။ ခေါင်းမှာ နားရွက်တွေရှိပြီး စပ်ဖြဲ ဖြဲလုပ်နေပုံပဲ။ ဝီလျံဟာ တံခါးကဘုကိုနှိပ်လိုက်တယ်။



တံခါးပွင့်လာပြီး ခန်းမက မှုန်ဝါးဝါးအလင်းရောင် ထွက်ပေါ်လာ တယ်။

"ကျေးဇူးပြုလို့ ပြောနိုင်မလားခင်ဗျာ . . . "လို့ ဝီလျံက စပြောလိုက် တယ်။

ပြီးတော့ သူရပ်လိုက်တယ်။ ဘယ်သူမှ အဲဒီမှာ မရှိပါလား။ တံခါး ကိုဖွင့်ထားပြီး အခန်းမှောင်မှောင်ကြီးထဲမှာ ဘယ်သူ့မှ မမြင်ရဘူး။ ဘယ် လောက်ထူးဆန်းသလဲ၊ ဝီလျံဟာ အထဲကို ချောင်းကြည့်လိုက်တယ်။

မီးခိုးခေါင်းတိုင်က လေသံလိုမျိုး ခန်းမဆီကလာတဲ့ ထူးဆန်းဆန်း ဆန်း လေချွန်သံတစ်ခုကို ကြားလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ လေချွန်နေသံပဲ . . . အိမ်ထဲမှာ တစ်ယောက်ယောက်ရှိရမယ်၊ ငါဝင်သွားမှ"လို့ ဝီလျံကပြောလိုက်တယ်။

ဒါကြောင့် သူဝင်သွားတော့ သူ့နောက်မှာ တံခါးဟာ အသာလေး ပိတ်သွားတယ်။ သူဟာ ခန်းမထဲလျှောက်ရင်းနဲ့ တံခါးမရှိတဲ့ အခန်းတစ်ခန်း ထဲရောက်လာတယ်။ တစ်စုံတစ်ယောက်က အဲဒီကနေ လေချွန်နေကာ၊ လေချွန် သံရပ်သွားတယ်။

"ဝင်ခဲ့ ဝင်ခဲ့၊ ဘာလိုချင်လို့လဲ ဝီလျံ"လို့ အသံမြင့်မြင့်နဲ့ပြောတယ်။

ဝီလျံဟာ ထခုန်မိတယ်။ ဒီအိမ်ကလူက သူ့နာမည်ကို ဘယ်လိုများ သိနေပါလိမ့်။ သူဟာ အခန်းကို အံ့ဩစွာ လှည့်ပတ်ကြည့်လိုက်တယ်။ ထင်ရှားတဲ့ နားရွက်တွေနဲ့ မှတ်မိလွယ်တဲ့ မျက်လုံးစိမ်းတွေရှိတဲ့ ခပ်လုံးလုံး၊ လူသေး သေးလေးတစ်ယောက်ဟာ မီးပုံကြီးဘေးနားက လှုပ်လို့ရတဲ့ ကုလားထိုင်မှာ ထိုင်နေပါတယ်။ သူဟာ ကုလားထိုင်ကို လှုပ်လှုပ်နေတယ်။ ပြီးတော့ ဝီလျံကို ပြုံးဖြဲဖြဲနဲ့ ကြည့်နေတယ်။

"ဘာကြောင့် ခင်ဗျားပုံဟာ တံခါးလက်ကိုင်ဘုပေါ်ကပုံနဲ့ ချွတ်စွပ် တူနေရတာလဲ"လို့ ဝီလျံက မေးလိုက်တယ်။

"အဲဒါ ဘာဖြစ်သလဲကွ၊ မင်းနာမည်ဝီလျံမဟုတ်လား။ ငါက မစ္စတာ မွန်တီကွ၊ မွန်တီဂေဟာရဲ့ ပိုင်ရှင်ပေါ့ကွာ"လို့ လူသေးသေးလေးကပြောတယ်။

"ကျွန်တော့်နာမည်ကို ခင်ဗျားက ဘယ်လိုသိနေရတာလဲ"လို့ ဝီလျံက မေးပါတယ်။

"ငါမင်းကို တစ်ချက်ကြည့်လိုက်တာနဲ့ မင်းနာမည် ဝီလျံဖြစ်မှန်း သိတယ်ကွ"လို့ မစ္စတာမွန်တီက ခုံကိုလှုပ်ရင်းပြောတယ်။

"လွယ်လွယ်လေးပါကွာ"

ဒါဟာ ဝီလျံအဖို့တော့ လွယ်လွယ်လေးမဟုတ်ပါ။ သူဟာ မစ္စတာ မွန်တီကို စိုက်ကြည့်လိုက်တယ်။ သူကလဲ ပြန်စိုက်ကြည့်တယ်။

"ကျွန်တော်မေးဖို့ လာရတာကတော့ . . . "လို့ ဝီလျံက စပြောလိုက် တယ်။ ဒါပေမယ့် မစ္စတာမွန်တီရဲ့ အနက်နဲ့ အဖြူရောင်ရှိတဲ့ မျက်လုံးစိမ်းနဲ့ ကြောင်ကြီးက သူ့စကားကိုဖြတ်ကာ အော်လိုက်တယ်။

ကြောင်ကြီးဟာ "ညောင်"လို့ အော်ကာ အခန်းထဲလျှောက်လာပြီး မစ္စတာမွန်တီရဲ့ ဒူးပေါ်ကိုတက်လိုက်တယ်။

"ညောင် . . . ဝေါင်"




www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆာနေပြီလားကွ၊ ငုံ့ပေးလိုက် ကရားရေ၊ ငုံ့ပေးလိုက်"လို့ မစ္စတာမွန်တီက ပြောလိုက်တယ်။

စားပွဲပေါ်မှာ နို့ကရားရှိပြီး ကြမ်းပြင်ပေါ်မှာတော့ ပန်းကန်ပြားကြီး တစ်ချပ်ရှိတယ်။ ကရားဟာ ကွန်ခြေရရပဲ နို့တွေကို သူ့ဘာသာစောင်းပြီး ပန်းကန်ပြားပေါ်ကို ငုံ့ပေးတယ်။



"အတော်တော်တဲ့ ကရားပဲ"လို့ မစ္စတာမွန်တီက ခုံကိုလှုပ်ရင်း ပြောတယ်။

"တစ်ဝက်မှ မလေလွင့်သွားဘူး၊ မင်းပိုတော်လာပြီကွ"

ဝီလျံဟာ အံ့ဩစွာ မျက်လုံးပြူးကြည့်မိတယ်။ အတော့်ထူးဆန်းတဲ့ ကရားပဲ။ သူဟာ မစ္စတာမွန်တီကို ကြည့်လိုက်တယ်။

"ကျွန်တော် ပြောပါရစေ၊ ခင်ဗျားက မျက်လှည့်ဆရာလား"

"မဟုတ်ဘူးကွ"လို့ မစ္စတာမွန်တီကဖြေတယ်။

"မင်းကရော မျက်လှည့်ဆရာလား"

"မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်က ကောင်လေးတစ်ယောက်ပါ"လို့ ဝီလျံကပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူးကွ"လို့ မစ္စတာမွန်တီဟာ ငှက်နက်တစ်ကောင်လို စူးစူး ရှရှအော်ရယ်ပါလေရော။

"ငါက ကောင်လေးတွေကို ဘယ်တော့မှ မယုံဘူးကွ"

ဝီလျံဟာ အံ့အားသင့်သွားတယ်။

"ဒါပေမယ့် ကျွန်တော်ပြောတာတော့ ယုံပါ၊ ကျွန်တော်က လူငယ် အစည်းအဝေးကို သွားခဲ့တာပါ၊ ကျွန်တော်က အသင်းသားတစ်ယောက်ပါ၊ ပြီးတော့ . . ."

"အဲဒါပြောတာပေါ့၊ မင်းဟာ အသင်းသားတစ်ယောက်ပဲ၊ ကောင် လေးတစ်ယောက်မဟုတ်ဘူး။ မင်းတို့အသင်းက ဘာများလဲကွ၊ မင်းဟာ မြေခွေးအသင်းကပဲဖြစ်ရမယ်၊ မင်းမှာ အဲဒီလိုမျိုး အမွေးဖွားဖွားကြီးရှိတဲ့ ဟာကို"

ဝီလျံဟာ သူ့နောက်ကျောမှာ တစ်စုံတစ်ခု လှုပ်ယမ်းနေသလို ခံစား ရတဲ့အတွက် လှည့်ကြည့်လိုက်တယ်။ သူ့တင်ပါးနောက်မှာ အမွေးရှည်ကြီး တစ်ခုကို တွေ့ရတဲ့အတွက် အကြီးအကျယ် အံ့အားသင့်သွားရတယ်။ သူဟာ သေချာကြည့်ဖို့ လှည့်လိုက်တော့ အမြီးကလဲ သူနဲ့အတူ လည်သွားတယ်။ အမြီးဟာ သူ့ဘောင်းဘီကိုဖြတ်ပြီး ပေါက်သလိုထင်ရတဲ့အတွက် အရမ်း အံ့သြ သွားတယ်။





"ညောင် ဝေါင် ဝေါင်" ကြောင်ကြီးက ထပ်အော်ရင်း လူကြီးရဲ့ ဒူး ပေါ်ကို ခုန်တက်လိုက်တယ်။

"ကြည့်စမ်း၊ ဆာပြန်ပြီလားကွ"လို့ မစ္စတာမွန်တီကဆိုတယ်။

"ဒီလိုကြောင်မုန်း ငါမသိခဲ့ဘူး၊ မင်းအတွက် ကြောင်အိမ်ထဲမှာ ငါး ခြောက်ရှိတယ်ကွ"

ကြောင်ကြီးဟာ ကြောင်အိမ်ဆီသွားပြီး နောက်ခြေနှစ်ချောင်းနဲ့ မတ်တတ် ရပ်ကာ ကြောင်အိမ်တံခါးကို ဖွင့်တယ်။ သူဟာ ကြောင်အိမ်ထဲကို အနံ့ခံကာ



www.burmeseclassic.com

www.burmeseclassic.com



လက်ထည့်ပြီး ငါးခြောက်ကို ဆွဲထုတ်တယ်။ ပြီးတော့ ကြမ်းပြင်ပေါ် ချလိုက်တယ်။

"တံခါးပိတ်လိုက်စမ်း ငစိမ်း၊ ပိတ်လိုက်စမ်း"လို့ မစ္စတာမွန်တီက အမိန့်ပေးတယ်။ ကြောင်ကြီးဟာ မျက်လုံးစိမ်းတွေနဲ့ မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ကြောင်အိမ်တံခါးကို ဂရုတစိုက် ပိတ်လိုက်ပါတယ်။ ပြီးတော့ ငါးခြောက်ကို စစားတော့တယ်။

ဝီလျံဟာ သူ့အမြီးကိုတောင် ခဏမေ့သွားပြီး ပါးစပ်အဟောင်းသားနဲ့ စိုက်ကြည့်နေမိတယ်။ အတော်လိမ္မာတဲ့ကြောင်ပဲ။

"ကောင်းပြီ၊ မင်းဟာ မြွေခွေးအသင်းကလို့ ပြောချင်သလား။ မင်းဟာ ဝက်ဝံအသင်းကပဲ ဖြစ်ရမယ်၊ မင်းမှာ သိပ်အမွေးထူတဲ့ လက်သည်းတွေ ရှိနေပါလား"

သူဟာ လက်တွေကို စိတ်ပျက်လက်ပျက်နဲ့ အင်္ကျီလက်ထဲ ထည့်ဝှက်လိုက်မိတယ်။ ဘာဖြစ်တာလဲ၊ မျက်လုံးစိမ်းတွေနဲ့ ဒီလူဖလံလေးဟာ ဘယ်သူလဲ။



"မဟုတ်သေးဘူး၊ မင်းဟာ ခြင်္သေ့အသင်းဝင်ဖြစ်ရမယ်"လို့ မစ္စတာမွန်တီက သူ့ကိုကြည့်ရင်း ပြောတယ်။

"ငါ့ဘဝမှာ ဒီလောက်အံ့သြစရာကောင်းတဲ့ နှုတ်ခမ်းမွေးတွေ မမြင်ဖူးဘူးကွ၊ ထူးဆန်းလိုက်တာ မဟုတ်လား ငစိမ်းရ၊ သူ့နှုတ်ခမ်းမွေးတွေက ခင်းထက်သာတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ညောင် ဝေါင် ဝေါင်"လို့ ကြောင်ငစိမ်းက အော်ပြန်လေရော။

ဝီလျံဟာ သူ့မျက်နှာမှာ လန့်စရာဖြစ်လာတာကို ခံစားမိတယ်၊ ဘုရားရေ၊ သူ့ပါးမှာ ပါးမုန်းမွေးတွေ ပေါက်နေပါရောလား၊ သူ့ကြည့်ရတာ ဘယ်လောက်ထူးဆန်းလိမ့်မလဲ၊ သူ့လက်သည်းတွေနဲ့ မျက်နှာကိုပွတ်ကြည့်တော့ သူ့မျက်နှာဟာ ဝက်ဝံတွေလို အမွေးထူပြီးနေတာ တွေ့ရတယ်။

"ကျေးဇူးပြုလို့ ကျွန်တော် အိမ်ပြန်ပါရစေ လူကြီးမင်းရယ်၊ ကျွန်တော်ဟာ ခြင်္သေ့အသင်းသား၊ ဝက်ဝံအသင်းသား၊ မြေခွေးအသင်းသား မဟုတ်ရပါဘူး။ လူငယ်အသင်းသားလေးပါ၊ ကင်းထောက်လူငယ်အသင်းလိုမျိုးပေါ့" လို့ ဝီလျံက ကြောက်လန့်စွာ တောင်းပန်လိုက်တယ်။

"ငါပြောသားပဲ၊ ကောင်လေးတွေကို ငါမယုံပါဘူးဆို။ ဒါကြောင့် မင်းအိမ်ပြန်ဖို့ကိုလဲ ငါမယုံဘူး၊ မင်းအိမ်ပြန်ချင်တာကို ငါမယုံဘူး၊ ဒါလဲ အိမ်ပဲမဟုတ်လား၊ ငါမင်းကို မယုံဘူးကွ၊ ယုံကိုမယုံဘူး" လို့ မစ္စတာ မွှန်တီက ဆိုပါတယ်။

"ကောင်းပြီ၊ ခင်ဗျားက ဘယ်သူလဲ"လို့ ဝီလျံက စိတ်ပျက်လက်ပျက် မေးလိုက်တော့ . . .

"ငါ့အမေက မှင်စာ၊ ငါ့အဖေက နတ်သူငယ်ကွ"လို့ မစ္စတာမွှန်တီက ခုံကိုလှုပ်ရင်း ဖြေပါတယ်။

"ဒါဆို ကျွန်တော်ခင်ဗျားကို မယုံဘူး၊ ကျွန်တော်က နတ်သမီးတွေ၊ မှင်စာတွေ၊ နတ်သူငယ်တွေ၊ နဂါးတွေ၊ လူ့ဘီလူးကြီးတွေကို မယုံဘူးဗျ" လို့ သနားစရာ ဝီလျံကပြောတဲ့ခါ . . .

"ငါကလဲ မင်းတို့လိုကောင်လေးတွေကို မယုံဘူးကွ၊ အတူတူပဲပေါ့ကွာ"လို့ မစ္စတာမွှန်တီက ပြုံးဖြဲဖြဲကြီးပြန်ပြောတယ်။

"ဒင်းဒေါင်"လို့ နာရီက အကျယ်ကြီးအော်ပြီး မီးလင်းဖိုစင်အဆုံးထိ ဆင်းလာကာ ကပြီး ပြန်တက်သွားတယ်။

"မင်းတားလို့ ရမယ်ထင်လား"လို့ မစ္စတာမွှန်တီက တိုင်ကပ်နာရီကို ဒေါသတကြီး ငေါက်လိုက်တယ်။

"လိမ္မာတဲ့ အကျင့်ကောင်းတဲ့ နာရီတွေဟာ ဒါမျိုးမလုပ်ဘူးလို့ မင်းကို ငါပြောတာ ဘယ်နှစ်ခါရှိပြီလဲ"

ဝီလျံဟာ စိတ်ရှုပ်ထွေးလာတယ်။ သူ့အမြီးဟာ သူ့နောက်မှာ လှုပ်ရမ်းနေတယ်။ သူဟာ နေသာထိုင်သာတော့ ရှိသွားပြီ၊ သူ့ရဲ့အမွေးထူတဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်တွေကို အကျီအိတ်ထဲ ထည့်ထားတယ်။ ပါးပေါ်က နှုတ်ခမ်းမွေးတွေက ခံစားထိတွေ့နေရတယ်။ ဘာဖြစ်နေတာပါလိမ့်၊ ဒါတွေ ဘာတစ်ခုကိုမှ သူက အယုံအကြည်ရှိတာ မဟုတ်ဘူး။ ဒါပေမယ့် ဒါတွေအားလုံးဟာ တကယ်ဖြစ်နေတာပဲဟာ။

"ထူးဆန်းတဲ့ ဒီအိမ်ထဲက ငါထွက်ရမယ်"လို့ ဝီလျံက ရုတ်တရက် ပြောကာ လှည့်ထွက်လိုက်တယ်။

"သွားပါဦးမယ်၊ ပြောသွားရမယ်ကွ"လို့ မစ္စတာမွန်တီက ကုလားထိုင်ကို လှုပ်ရင်းပြောလိုက်တယ်။

"သွားပါဦးမယ် မစ္စတာမွန်တီ"လို့ ဝီလျံကလဲ ပြောလိုက်ရတယ်။

ကြောင်က တညောင်ညောင်အော်ရင်း သူနဲ့အတူ ရှေ့တံခါးဝကို လိုက်လာတယ်။ ကြောင်ဟာ ထရပ်ပြီး တံခါးကို ညင်သာစွာ ဖွင့်လိုက်တယ်။



ဝီလျံဟာ အမှောင်ထုထဲကနေ နှင်းမြူထဲကို ထွက်လာတယ်။ တံခါးပိတ်သွားတယ်။ သူဟာ တံခါးလက်ကိုင်ဘုခေါင်းကို ဓာတ်မီးနဲ့ထိုးလိုက်တော့ 'မွန်တီဂေဟာ'ဆိုတာ တွေ့ရတယ်။ သူဟာ မစ္စတာမွန်တီ အစစ်ပဲလား။ သူဟာ မျက်လှည့်ဆရာတစ်ယောက်လား။ မျက်လှည့်ဆရာတွေလဲ ဒီလိုထူးဆန်းတာတွေ လုပ်တတ်ကြတယ်လေ။ ဒါပေမယ့် ကြောင်ရယ်၊ ကရားရယ်၊ နာရီရယ် ကရော . . .။



www.burmeseclassic.com


www.burmeseclassic.com



"မနက်ဖြန် ဒီကို ကျိန်းသေပြန်လာပြီး နေ့ဘက်အလင်းရောင်ထဲမှာ မစ္စတာမွန်တီကို ကြည့်ရမယ်"လို့ ဝီလျံက သူ့ဘာသာပြောနေပါတယ်။

"အမယ်လေး၊ အမြီးတွေ လက်သည်းတွေ နူတ်ခမ်းမွေးတွေနဲ့ ငါ အိမ်ပြန်သွားရင် အမေက ဘာပြောလိမ့်မလဲ"

အမေက ဘာမှမပြောပါဘူး၊ သူ့အမြီးပျောက်သွားပြီး လက်တွေ ပုံမှန်ပြန်ဖြစ်သွားတာ နူတ်ခမ်းမွေးတွေ မရှိတော့တာကို ဝီလျံဟာ လမ်းလျှောက်ရင်းသိလိုက်ရတော့ ကျေးဇူးတင်လိုက်တာ။ သူ့အမေကတော့ သူ့ဇာတ်လမ်းကို တစ်ခွန်းမှ မယုံတော့ပါဘူး။



"ဒီလို လန့်ကြုတ်ဇာတ်လမ်းမျိုးတွေ နင်ဖန်တီးတာပေါ့ ဟုတ်လား" လို့ အမေကပြောတယ်။

"နင်အတော် နောက်ကျလှချည်လား ဝီလျံရဲ့၊ ဒီအတွက် ငါ့ကို နတ်သမီးပုံပြင်တွေ ထွင်ပြောပြစရာ မလိုပါဘူးတော်။ အမှန်အတိုင်းပဲ ပြောစမ်းပါ"

နောက်တစ်နေ့မှာ ဝီလျံဟာ မွန်တီအိမ်ကို ရှာဖွေဖို့အတွက် ပစ်တင် ပင်လမ်းကို ထွက်လာတယ်။ ဒါပေမယ့် ယုံကြမလားတော့ မသိဘူး၊ သူဟာ အိမ်ပေါက်စေ့ လိုက်ရှာပေမယ့် မွန်တီဂေဟာလို့ခေါ်တဲ့ အိမ်ကို လုံးဝမတွေ့ သလို တံခါးက ပြုံးဖြဖြမျက်နှာကိုလဲ ရှာမတွေ့ရပါဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သနားစရာ ဝီလျံဟာ အရမ်းကို စိတ်ရှုပ်သွားတယ်။ သူ့ဇာတ်လမ်းကို လူတိုင်းကို ပြောပြပေမယ့် ဘယ်သူမှ မယုံကြပါဘူးတဲ့ကွယ်။

“နင်က ဒါမျိုးတွေ မယုံဘူးဆိုပြီး ပြောလေ့ရှိပြီး ဒီလို ဇာတ်လမ်းမျိုး ဘာလို့ ပြောပြနေရတာလဲဟာ”လို့ မေရီကပြောပါတယ်။

“ငါ့မှာ အမြီးတော့ မကျန်တော့ဘူး၊ ဒါပေမယ့် ငါ့လက်မှာ အမွေးလေးတွေ နည်းနည်းကျန်နေသေးတယ်။ ပြီးတော့ ပါးမှာလည်း နှုတ်ခမ်းမွေးလေးတွေ နည်းနည်းကျန်ခဲ့သေးတယ်။ ဒီအပေါ် နင်ဘယ်လိုထင်သလဲ ပြောစမ်းပါဟာ”လို့ ဝီလျံကတော့ ပြောရှာတယ်။

ဒီကိစ္စအပေါ် ဘယ်လိုထင်ရမလဲ မသိနိုင်တော့ဘူး။ ကလေးတို့ဆိုရင်ကော ဘယ်လိုထင်ကြမှာလဲတဲ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

## စွက်ဖက်တတ်တဲ့ ကောင်မလေး

ဝင်စွက်ဖက်တတ်တဲ့ 'အင်နာ'အကြောင်း ကြားဖူးကြပါသလား။ သူဟာ ရှစ်နှစ်အရွယ် ကောင်မလေးကွယ့်၊ လုံးဝကိုလှပပြီး လိမ္မာရေးခြားရှိတယ်။ ဒါပေမယ့် တခြားကလေးတွေရဲ့ ကိစ္စမှာ ဝင်စွက်ဖက်တတ်တယ်ကွယ့်။

ကလေးနှစ်ယောက်သုံးယောက်လောက် ကစားနေတာတွေ့ရရင် သူဟာ သွားပြီး ကစားပွဲထဲဝင်ပြောပါလေရော။

"အောင်မယ်၊ နင်တို့ ကစားနေတာ လုံးဝ မမှန်သေးပါလား၊ ကြည့်စမ်း . . . နင်တို့ ဒီလိုကစားသင့်တယ်"

ပြီးတော့ သူဟာ ကလေးတွေကို ပုံစံတစ်မျိုးနဲ့ ကစားပြတတ်တယ်။ သူတို့ မကစားချင်တဲ့ပုံစံနဲ့ပေါ့။

"ဝင်မစွက်စမ်းပါနဲ့ဟာ၊ သွားပါ အင်နာရာ"လို့ သူတို့က နောက်ဆုံးမှာ ပြောရပါတော့သတဲ့။

ဒီအခါ "အောင်မယ်၊ ငါက နင်တို့လမ်းမှန်ကျစေချင်လို့ပါဟဲ့" လို့ သူတို့က နောက်ဆုံးမှာ ပြောရပါတော့သတဲ့။

ဒီအခါ "အောင်မယ်၊ ငါက နင်တို့လမ်းမှန် ကျစေချင်လို့ပါဟဲ့" လို့ အင်နာကပြောပြီး စိတ်တိုကာ ထွက်သွားလေ့ရှိပါသတဲ့။

တကယ်လို့ ကောင်မလေးတစ်ယောက် အပ်ချုပ်နေတာ မြင်ရင်လဲ ချက်ချင်းပဲ ဘယ်လိုလုပ်နေသလဲဆိုတာ သွားကြည့်တတ်တယ်။ ပြီးရင် ဒီလို ပြောပါလေရော။

"ဩော် . . . နင်က အရုပ်မအတွက် ခါးစည်းလေး ချုပ်နေတာကို နင်လုပ်နေတာ မှားနေတယ်၊ ဒီလို ချုပ်ရတယ်ဟ"

ပြီးရင် သူဟာ ကလေးမလက်ထဲက ချုပ်နေတာကို ယူပြီးနောက် တစ်မျိုးချုပ်ပြတတ်တယ်။ အတော်ဒုက္ခပေးတဲ့ အင်နာပဲနော်။

www.burmeseclassic.com



တခြားကလေးတွေက သူ့ကိုသိပ်ငြီးငွေ့နေပြီ၊ သူလာတော့ [illegible] သူတို့က "ဟိုမှာ ဝင်စွက်တဲ့ အင်နာ့ပါလား"လို့ပြောပြီး "ဟေ့ အင်နာ နင်က ငါတို့ကစားတာကို ဝင်စွက်ဦးမလို့လား၊ သွားစမ်းဟာ"လို့ ပြောတတ်ကြတယ်။

ဒါပေမယ့် ဒီလိုပြောလို့ အင်နာက ဝင်မစွက်တော့ဘူးတဲ့ [illegible] ဆေးပါသေးတယ်၊ သူဟာ အရာရာကို ဝင်စွက်ဖက်ရတာ လူတကာလုပ်သမျှကို နှာခေါင်းရှုံ့ရတာကို သိပ်သဘောကျတာပဲ။

တစ်နေ့တော့ သူဟာ ကျောင်းကနေ အိမ်ကို တစ်ယောက်တည်း ပြန်လာတယ်။ တခြားကလေးတွေက သူနဲ့အတူ လမ်းမလျှောက်ကြဘူး၊ ဘာ လို့လဲဆိုတော့ နံနက်တုန်းက သူတို့ကစားနေကြတုန်းမှာ ပွဲပျက်အောင် ဝင်စွက် ဖက်ခဲ့လို့ပါပဲ။ ဒါကြောင့် အင်နာဟာ တစ်ယောက်တည်း စိတ်တိုတိုနဲ့ လမ်း လျှောက်လာရတယ်။



ကွင်းပြင်တစ်ခုကိုရောက်တော့ ရယ်မောနေသံကို သူကြားရတယ်။ ရယ်စရာ ရယ်သံလေးမို့ အင်နာဟာ ဘာမှန်းကြည့်ဖို့ရပ်လိုက်တယ်။ သူဟာ ခြံစည်းရိုးကိုကျော်ပြီး ကွင်းပြင်ထဲကို ချောင်းကြည့်လိုက်တယ်။ အုံ့သြဖွယ် မြင်ကွင်းကို သူမြင်ရပါတယ်။

မှင်စာလေးလေးကောင်ဟာ ဖားခုန်တမ်းကစားနေကြတာကို သူမြင် တယ်လေ။ သူတို့ဟာ ကောင်းကောင်းကြီး ကစားပြီး အော်ဟစ်ကာ ရယ်မော နေကြတယ်။ အင်နာဟာ သူတို့ကို ခဏစောင့်ကြည့်ပြီးတော့ လှမ်းခေါ်လိုက် တယ်။

"ရှင်တို့ ခုန်နေတာ နည်းလမ်းမကျဘူး၊ ခါးတွေကို နောက်ဘက် ညွတ်ထားရမှာ၊ ရှေ့ဘက်ကို မဟုတ်ဘူး။ ကြည့် . . . ကျွန်မလုပ်ပြမယ်"

သူဟာ ခြံစည်းရိုးကို ကျော်တက်ပြီး ကွင်းပြင်ထဲကို ခုန်ချလိုက် တယ်။ ပြီးတော့ အံ့သြနေတဲ့ မှင်စာလေးတွေဆီ ပြေးသွားတယ်။ သူဟာ သူ့ ထဲက တစ်ယောက်ကိုကိုင်ပြီး ခါးကိုညွှတ်စေတယ်။ မှင်စာလေးဟာ [illegible] အကြီး ပြန်ရပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com





"မင်းက ငါ့ကိုတွန်းရဲတယ်ပေါ့ ဟုတ်လား၊ ထွက်သွားစမ်း၊ အတော် စွက်ဖက်တဲ့ကောင်မလေးပဲ"လို့ အသံစူးစူးလေးနဲ့ အော်ပါလေရော။

"ဒါပေမယ့်ရှင်၊ ကျွန်မက ရှင့်ကို သင့်တော်တဲ့ နည်းလမ်းပြတာပါ ခါးပြန်ကုန်းလိုက်"လို့ အင်နာက ခပ်ဆတ်ဆတ်လေး ပြောလိုက်တယ်။

သူမဟာ မှင်စာလေးကို ခါးထပ်ကုန်းစေဖို့ ပြင်လိုက်တယ်၊ ဒါပေ မယ့် သူက အင်နာကို တွန်းပစ်ပြီး သူ့လက်ချောင်းတွေကို ဖြန်းခနဲ ရိုက်ပစ် တယ်။

"တို့က တို့နည်းနဲ့တို့ ဖားခုန်တမ်းကစားနေတာ၊ မင်းနည်းနဲ့မဟုတ် ဘူးကွ၊ ညီအစ်ကိုတို့ရေ၊ ဒီအကျည်းတန်တဲ့ ကလေးက ဘယ်သူလဲကွ"လို့ သူက ပြောပါတယ်။

"သြ၊ သူက ဒါမျိုးလုပ်တာကိုး"လို့ ပထမမှင်စာကပြောပြီး အင်နာကို မကျေမနပ်နဲ့ ကြည့်ပါတယ်။

"ကောင်းပြီ၊ နောင်ဆို သူဝင်စွက်ဖက်ပြီး လူတွေကိုနှာခေါင်းရှုံ့တိုင်း သူ့နှာခေါင်းရှည် ထွက်လာပါစေ။ ဟား ဟား . . . ဒါဆို ရယ်ရမှာပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



သူဟာ လေထဲခုန်လိုက်ပြီး ချာလပတ်လှည့်ကာ ခြံစည်းရိုးကိုကျော်သွားတယ်။ တခြားသူတွေလဲ လိုက်သွားကျတော့ အင်နာတစ်ယောက်တည်း လယ်ကွက်ထဲမှာ ကြောက်လန့်စိတ်တိုပြီး ကျန်ခဲ့ရတယ်။

သူဟာ အိမ်ပြန်သွားတယ်။

"ငမိုက်လေးတွေ"လို့ ရေရွတ်ရင်း သူ့နှာခေါင်းလှလှလေးကို စမ်းကြည့်တယ်။

"သူတို့ပြောသလိုတော့ မဖြစ်သေးပါဘူး"

အင်နာဟာ ညနေစာစားပြီး ခြံထဲကိုကစားဖို့ ဆင်းသွားတယ်။ အိမ်ဘေးက ကောင်လေးက သူ့ယုန်လေးကို အမွေးသုတ်ပေးရင်းပြောနေသံကို ကြားရတယ်။

အင်နာဟာ သေတ္တာတစ်လုံးပေါ် တက်ရပ်ရင်း နံရံကို ကျော်ကြည့်လိုက်တယ်။

"ဂျင်မီရေ၊ ယုန်ကို ဒီလိုမသုတ်ရဘူးလေ၊ နင်လုပ်ရမှာက . . ."

ဂျင်မီက သူ့ကို မျက်လုံးပြူးကြည့်တယ်၊ ပြီးတော့ ထပ်ကြည့်ပြန်တယ်။ အင်နာရဲ့ နှာခေါင်းလေးမှာ ရယ်စရာတစ်ခုခု ဖြစ်နေပြီလေ။ သူ့နှာခေါင်းဟာ တစ်လက်မလောက် ပိုရှည်ထွက်လာတယ်။

"နင့်နှာခေါင်းက ဘယ်လိုဖြစ်တာလဲ အင်နာရယ်၊ ကြည့်ရတာ သိပ်ရယ်စရာ ကောင်းတာပဲ"လို့ ဂျင်မီက အံ့အားသင့်စွာ ပြောပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



အင်နာဟာ သူ့နှာခေါင်းကို အလန့်တကြား စမ်းလိုက်တယ်။

အလိုလေး၊ နှာခေါင်းက ပိုရှည်လာပါလား။ သူဟာ အိမ်ထဲကိုပြေးဝင်သွားပြီး မှန်ထဲကို ကြည့်လိုက်တယ်။ ဟုတ်တယ်၊ သူ့နှာခေါင်းဟာ တစ်လက်မလောက် ရှည်ထွက်လာတာမို့ သူ့မျက်နှာဟာ ရယ်စရာဖြစ်နေတယ်။ အင်နာဟာ ရှက်ရွံ့ပြီး ထိတ်လန့်သွားတယ်။

"ဒီနှာခေါင်းကို တိုက်မိလို့ ဖြစ်တာပါလို့ ငါပြောရမယ်"လို့ ကောင်မလေးဟာ သူ့ဘာသာသူ ရေရွတ်လိုက်တယ်။ သူဟာ လိမ်ညာမပြောချင်ပေမယ့် သူများကိုစွ ဝင်စွက်ဖက်လို့ နှာခေါင်းရှည်လာရတယ်လို့ ပြောရမှာကိုတော့ ရှက်တာပေါ့။

ဒါကြောင့် အဲဒီနေ့လယ်ကျောင်းသွားတော့ တခြားကလေးတွေက သူ့နှာခေါင်း ဘာဖြစ်တာလဲ မေးတဲ့အခါ အင်နာဟာ လိမ်ပြောလိုက်မိတယ်။

"ဝင်တိုက်မိလို့ ရောင်လာတာဟာ"

"နင်ယောင်ပုံကလဲ ရယ်စရာပဲ၊ အတော်ကြီးတာပဲဟ . . . ရှည်လဲရှည်လိုက်သေးတယ်"လို့ ဂျွန်ကပြောတယ်။

အန်နာဟာ သူကြိုက်တဲ့ ကျောင်းသင်ခန်းစာကို လုပ်ရင်းနဲ့ နှာခေါင်းကိစ္စကို ခဏမေ့သွားတယ်။ ကလေးတွေက အရုပ်တွေလုပ်နေကြတယ်။ အန်နာက သူ့ဘေးက ကောင်လေးကိုကြည့်လိုက်တယ်။

"နင် ဘာလုပ်နေတာလဲ"လို့ မေးတယ်။

"ငါ ရထားတစ်စီး လုပ်နေတာဟ"လို့ ကောင်လေးကဖြေတယ်။

"ရထားလုပ်တာ ဒီလိုမဟုတ်ဘူးဟဲ့"လို့ အင်နာက မလိုတမာလေသံနဲ့ ပြောပါလေရော။

"ငါ့ကိုပေးစမ်း၊ ကြည့် . . . ဟောဒီလို တပ်ရတယ်ဟဲ့၊ ဒီမှာကြည့်" အင်နာဟာ ရထားခေါင်တိုင်ကို ခပ်ပြင်းပြင်း ဖိချလိုက်တာကြောင့် ကျိုးသွားတယ်ကွယ့်။

"အိုး၊ နင်ဝင်စွက်ပြန်ပြီ"လို့ ကောင်လေးက ငိုရင်းပြောတယ်။ သူက သူ့ရထားလေးအတွက် သိပ်ဂုဏ်ယူနေရှာတယ်။

"အိုး၊ နင့်နှာခေါင်းက ဘာဖြစ်တာလဲအင်နာ"

တကယ်ကိုပဲ သူ့နှာခေါင်းဟာ ချက်ချင်းကို နှစ်လက်မထပ် ရှည်ထွက်လာတယ်၊ ကြည့်ရတာ လန့်စရာပဲ။ အင်နာတော့ လုံးလုံးကို အရုပ်ဆိုးသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com







ကလေးတွေက ရယ်မောပြီး အော်ဟစ်ကြတယ်။

"အင်နာကတော့ တခြားလူတွေရဲ့ကိစ္စကို ဝင်ရှုပ်လို့ သူ့နှာခေါင်းကြီး ပိုရှည်ရှည်လာပြီဟေ့"လို့ ဂျွန်က ပြောတယ်။

အဲဒီနေ့မကုန်ခင်မှာပဲ အင်နာရဲ့ နှာခေါင်းဟာ ခြောက်လက်မ ရှည်လာတယ်လေ။ တွေးကြည့်စမ်းပါ၊ နှာခေါင်းဟာ သူ့မျက်နှာမှာ စွဲကပ်နေပုံများ ကြည့်ရတာ သိပ်ဆန်းတာပဲ။ သူ့အမေက ဒါကိုတွေ့ရတော့ တုန်လှုပ်သွားတာပေါ့။

"အင်နာ၊ နင့်နှာခေါင်းကို ဘာလုပ်လာတာလဲဟဲ့"

"ဘာမှ မလုပ်ရပါဘူး အမေရယ်" လို့ အင်နာက သုန်သုန်မှုန်မှုန် ဖြေလိုက်တယ်။ တိုက်မိလို့ ဖြစ်တာပါ ပြောလဲ သူ့အမေက ယုံမှာမှ မဟုတ်ဘဲ။

"တစ်ခုခု ဖြစ်လာတာထင်တယ်၊ အတော်ဆိုးတာပဲ။ ငါနင့်ကို ဆရာဝန်ဆီ ခေါ်သွားမယ်"လို့ အမေကပြောတယ်။

ဒါကြောင့် အင်နာဟာ ဆရာဝန်ဆီ ရောက်သွားတယ်။ အစမှာ ဆရာဝန်ဟာ သူ့နှာခေါင်းကို မြင်ရတော့ ရယ်ပါတယ်၊ ပြီးတော့ မျက်နှာတည်သွားပြီး နောက်ဆုံးမှာ စိတ်ရှုပ်ထွေးစွာ ကြည့်လိုက်တယ်။

"ဒီလိုနှာခေါင်းမျိုး ကျုပ်မမြင်ဖူးဘူးဗျ၊ ဘယ်လိုဖြစ်လာတာလဲ"လို့ မေးပါတယ်။

"သူက မပြောပြဘူးရှင့်"လို့ အင်နာ့အမေက ပြောပါတယ်။ အဲဒီမှာ အင်နာက ငိုကြွေးပြီး ဖြစ်ခဲ့သမျှ အကုန်အစင်ကို ပြောပြပါတော့တယ်။ မှင်ဘ လေးတွေကို သူဘယ်လို ဝင်စွက်ဖက်ခဲ့ပုံ၊ သူ့နှာခေါင်းရှည်လာမယ်လို့ [illegible] ပြောခဲ့ပုံတွေကိုပေါ့။

"ကြည့်စမ်း၊ ဒီလိုကိုး . . . ကောင်းပြီ၊ ငါဘာမှ မလုပ်နိုင်[illegible] [illegible] ရိမ်တယ်" လို့ ဆရာဝန်ကပြောပါတယ်။

www.burmeseclassic.com





"ဒါပေမယ့် သူ့နှာခေါင်းကို ဘယ်လိုပြုပြင်ရမယ်ဆိုတာ ပြောမပြနိုင်ဘူးလားဆရာရယ်၊ သမီးလေးက အလှလေးပါ၊ အခုတော့ အရုပ်ဆိုးနေရှာပြီ"လို့ အင်နာ့အမေကလဲ ငိုရင်းတောင်းပန်တယ်။

"အေးလေ၊ သူတစ်ပါးကိစ္စတွေကို သူဝင်စွက်တာရပ်လိုက်ရင် သူ့နှာခေါင်းပုံမှန်ပြန်ဖြစ်သွားမယ်ဆိုတာလောက်ပဲ ကျုပ်ပြောနိုင်တယ်။ ဒါပေမယ့် ဒီကိစ္စကို အင်နာကိုယ်တိုင်ရပ်မှ ဖြစ်မှာဗျ"လို့ ဆရာဝန်က အကြံပေးတယ်။

သူတို့ဟာ အိမ်ပြန်လာကြတယ်၊ အမေကတော့ သိပ်ဝမ်းနည်းပြီး စိတ်ဆင်းရဲနေတာပေါ့၊ အင်နာ့ကလည်း ဒီလိုပါပဲ။

"နားထောင်စမ်း သမီးအင်နာ၊ သမီးနှာခေါင်းရှည်ထွက်လာတာကို အမေတို့ မလိုချင်ဘူးမဟုတ်လားကွယ်။ ဒါဆို သမီးက ဝင်စွက်တတ်တဲ့ အကျင့်ကို ရပ်နားပစ်ရမယ်။ ဘာကိုမှ ထပ်မစွက်ဖက်မိစေနဲ့။ တခြားကလေးတွေကို အကူအညီတောင်းခံတာက ပိုကောင်းမယ်ကွယ့်"လို့ အမေကပြောပြတယ်။

"စိတ်ချပါ မေမေ၊ သမီး ကြိုးစားပါ့မယ်"လို့ အင်နာကပြောတယ်။ သူမသူငယ်ချင်းတွေကိုရှာဖို့ အပြင်ထွက်လာခဲ့တယ်။ ဆရာဝန်ပြောလိုက်တာကို သူတို့ကို ပြောပြတယ်။

"ဒါကြောင့် နင်တို့အားလုံး ငါ့ကိုကူညီကြပါဟယ်၊ တကယ်လို့ ငါလာပြီး စွက်ဖက်တာများရှိခဲ့ရင် ချက်ချင်းပဲ ဝိုင်းတားကြပါဟယ်၊ မဟုတ်ရင် ငါ့နှာခေါင်းက မြေကြီးထိအောင် ရှည်လာတော့မှာ . . .။ ငါကယ် အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ခိုင်းဖို့ နှာခေါင်းမှာ အထုံးတစ်ထုံး ချည်ထားပါ့မယ်”လို့ အင်နာက မေတ္တာရပ်ခံတယ်။

“ငါတို့အားလုံး ကူညီမှာပေါ့၊ အင်နာရယ်”လို့ ကလေးတွေက ကြင်နာစွာပြောကြတယ်။ ကလေးတွေဟာ တစ်ပါးသူဒုက္ခရောက်တာတွေ့ရင် သနားတတ်ကြတယ်၊ ပြီးတော့ ဒီကလေးတွေဟာအင်နာရဲ့ နှာခေါင်းရှည်ကြီးပေါ် မျက်ရည်တွေစီးကျတာကို မမြင်ချင်ကြဘူး။ သူတို့က အင်နာ့ကို မကြာမကြာ စိတ်တိုတတ်ကြပေမယ့် အခုတော့ သူ့ကို ကူညီချင်တာသာ ရှိတော့တယ်။

ဒါကြောင့် နောက်ထပ်ရက်အနည်းငယ်အတွင်းမှာ ဘာဖြစ်ခဲ့တယ်ဆိုတာ မင်းတို့မြင်စေချင်တယ်။ အင်နာဟာ တစ်စုံတစ်ခုကို ဝင်စွက်ဖက်ဖို့ နှာခေါင်းရှုံ့ဖို့ လုပ်တဲ့အခါတိုင်း သူတို့က အင်နာကို ချက်ချင်းလှမ်းသတိပေးကြတယ်။



“အင်နာ၊ သတိထားစမ်း၊ ဝင်မစွက်ဖက်ကြေးနော်”

အဲဒီအခါ အင်နာဟာ မျက်နှာနီရဲလာပြီး “ခွင့်လွှတ်ပါဟယ်၊ ငါမေ့သွားတော့မလို့”လို့ ပြောတတ်ပါတယ်။

တစ်ပတ်မှာတော့ သူ့နှာခေါင်းဟာ ပုံမှန်အနေအထားကို ပြန်ရောက်သွားပါတော့တယ်။ မကြာခင် အရင်အတိုင်းပဲ နှာခေါင်းလေးဟာ လှလာတယ်။

ဒါပေမယ့် မှော်အစွမ်းက ဘယ်လောက်တည်နေဦးမယ်မှ မသိတာ။ သူဟာ တစ်သက်လုံးပဲ သူများအရေးတွေမှာ ဝင်မစွက်မိဖို့ သတိထားရဦးမှာဖြစ်တယ်။ သနားစရာ အင်နာပါကွယ်။ သူ့ကြည့်ရတာ နည်းနည်းတော့ ရယ်စရာပဲ၊ ဒါပေမယ့် နောက်တစ်ခါ ထပ်တွေ့တဲ့အခါကျရင် သူလှနေပါစေလို့ မျှော်ရတာပဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## ပျင်းရိတဲ့ကောင်လေးအတွက် ဂါထာတစ်ပုဒ်

တွမ်ဟာ နံနက်စာစားဖို့ နောက်ကျ၊ ကျောင်းသွားဖို့ နောက်ကျ၊ ကစားဖို့နောက်ကျ၊ အလုပ်အားလုံး နောက်ကျတဲ့ကောင်လေးပါ။ သူဟာ ပျင်းရိပြီး နှေးကွေးတယ်။ မြန်မြန် သွက်သွက် မလုပ်တတ်ဘူး။

တစ်နေ့မှာ သူ့အဖေက သူ့ကိုခေါ်ပြီး ကြင်နာပေမယ့် ဖာင်းမာစွာ စကားပြောတယ်။

"နားထောင်စမ်း တွမ်၊ မင်းကိုယ်မင်း ပြောင်းလဲပစ်နိုင်ရင် အဖေ မင်းကို ဆုတစ်ဆုပေးမယ်။ မင်းဟာ ဒီကမ္ဘာပေါ်မှာ အသုံးမဝင်တဲ့ လူတစ်ယောက်ဖြစ်နေတယ်။ မင်းကိုယ်မင်း နောက်မကျအောင် မလေးကွေးအောင် ပြုပြင်နိုင်မလား။ ဒီအကျင့်တွေအားလုံးကို တစ်ပတ်လုံးလုံး ပြောင်းလဲပစ်ပြီး ခရစ်ကတ်ကစားကာ ပြေးလွှားနိုင်ရင် အဖေ မင်းကို စက်ဘီးတစ်စီး ဝယ်ပေးမယ်"

"ခင်ဗျာ"လို့ တွမ်က မြည်တမ်းရင်း မျက်လုံးတွေပြူးကျယ်သွားတယ်။ သူ့သူငယ်ချင်းအားလုံးမှာ စက်ဘီးရှိကြတယ်၊ ဒါပေမယ့် တွမ်ဟာ ဘယ်အရာကိုမှ အပြင်းအထန်မကြိုးစားတဲ့အတွက် အဖေက မထိုက်တန်ဘူး ထင်လို့ ဘယ်တုန်းကမှ ဝယ်မပေးခဲ့ဘူး။

"အခု မင်းအပြင်းအထန် ကြိုးစားမှာလား"လို့ အဖေက မေးလိုက်တော့ တွမ်က ခေါင်းညိတ်လိုက်တယ်။ သူ့မျက်လုံးတွေ တောက်ပလာတယ်။ စက်ဘီးအသစ်လေး ရတော့မယ်ဟေ့၊ အသံကျယ်တဲ့ ဘဲလ်နဲ့ လေထိုးတံပါတဲ့ စက်ဘီးလေးပေါ့။ ဘုရားရေ၊ သူသာ မြန်မြန်သွားလာရင် တခြားကောင်လေးတွေ ဘယ်လောက်ရယ်လိုက်ကြမှာလဲ။

ဒါပေမယ့် သူရမယ့်ဆုကို သဘောကျပေမယ့် တွမ်ဟာ မြန်မြန် စလုပ်ဖို့တော့ မသေချာလှဘူး။ သူဟာ ထိုင်ချရင်း ဒီကိစ္စကို စဉ်းစားနေတယ်။



www.burmeseclassic.com

www.burmeseclassic.com





"ငါ့ကို ကူညီမယ့် ဂါထာတစ်ပုဒ်သာရရင် ဒီကိစ္စလုပ်ရတာ သိပ်လွယ်သွားမှာပဲ"လို့ သူ့ကိုယ်သူ ပြောမိတယ်။

"ဒါဆို သစ်တောအလယ်မှာနေတဲ့ အဘွားကြီးဆီ သွားမှပဲ၊ သူဟာ စုန်းမတွေရဲ့ ဘွားအေကြီးလို့တော့ လူတွေက ပြောကြတာပဲ၊ ဒါကြောင့် ဂါထာတွေ သူသိမှာပါ"

ဟုတ်ပါတယ်၊ အဘွားကြီးက သိပ်သိတာပေါ့။ သူဟာ တွမ်ကို ဘူးထဲက အဝါရောင်အမှုန့် နည်းနည်းပေးလိုက်တယ်။

"ဒါဟာ ငါသိသလောက်ထဲမှာ ပျင်းရိမှုအတွက် အကောင်းဆုံးဂါထာပဲကွယ့်၊ ဒါကို မင်းလက်တွေနဲ့ ခြေထောက်တွေမှာ ပွတ်ထားတာနဲ့ ချက်ချင်းပဲ မြန်မြန်ဆန်ဆန် အားကောင်းမောင်းသန် လှုပ်ရှားကြလိမ့်မယ်။ မင်းလဲ အကုန်အဆင်ပြေသွားမှာပါ။ ဒါပေမယ့် သတိထားရမှာက ငါ့ဂါထာကြောင့် မင်းစက်ဘီးရလာခဲ့ရင် မင်းအနေနဲ့ ငါတောက်တိုမယ်ရအလုပ်တွေကို တစ်ပတ်မှာ နှစ်ခါ လာနင်းပို့ပေးရမယ်"လို့ အဘွားကြီးကပြောတယ်။

"အို၊ လုပ်ပေးမယ်၊ လုပ်ပေးမယ်"လို့ တွမ်က ကတိပေးပြီး အဝါရောင်ဆေးမှုန့်နဲ့အတူ ပြေးထွက်လာခဲ့တယ်။ သူဟာ ဆေးမှုန့်ကို အဲဒီညအိပ်ရာမဝင်ခင် သုတ်လိုက်တယ်။

သူဟာ အိပ်ရာနေရာက ချက်ချင်းပဲ အိပ်ပျော်သွားတယ်။ ဂါထာဟာ သူ့အထဲမှာ တစ်ညလုံး အစွမ်းပြနေတယ်။ ဆေးအစွမ်းဟာ သူ့လက်တွေ ခြေတွေထဲ ရောက်သွားပြီး လက်ချောင်းတွေ ခြေမအထိ ပျံ့နှံ့သွားတယ်။ နံနက်ကျတော့ သူ့ကိုနိုးစေတယ်။

www.burmeseclassic.com

www.burmeseclassic.com






တွမ်ဟာ သမ်းဝေပြီး လုပ်နေကျအတိုင်း ကိုယ်ကို ဆန့်တန်းလိုက်တယ်။ ဒါပေမယ့် သူ့ခြေထောက်တွေက ဒီလိုလုပ်ဖို့ အချိန်မရှိကြောင်း ငြင်းဆန်ပြီး အိပ်ရာက ချက်ချင်းခုန်ထလိုက်တယ်။ မကြာခင် သူ့လက်တွေက အမြန်ဆုံးနှုန်းနဲ့ အလုပ်လုပ်တော့တယ်။ ဘောင်းဘီအင်္ကျီတွေကို အမြန်ဝတ်ပြီး ဆွယ်တာအင်္ကျီကို အမြန်ဝတ်နေတာ တွေ့ရတယ်။

“ဘုရားရေ”လို့ တွမ်က ရေရွတ်ရင်း ဖိနပ်နှစ်ဖက် စီးပေးနေတဲ့ သူ့လက်တွေကိုတားဖို့ ကြိုးစားတယ်။ ဒါပေမယ့် ဂါထာအစွမ်းက သိပ်အားကောင်းနေတော့ သူ့ကိုယ်သူ လုံးဝ မဟန့်တားနိုင်ပါဘူး။ သူဟာ ဖိနပ်စီးပြီးတာနဲ့ လျှပ်တစ်ပြက်အတွင်း ကြိုးတွေချည်ပြီးသား ဖြစ်သွားတယ်။

အဲဒီနောက် သူ့ခြေထောက်တွေဟာ သူ့ကို သယ်သွားခေါ်သွားပြီး လှေကားထစ်ကို အမြန်ဆုံးနှုန်းနဲ့ ပြေးဆင်းလာပါရော။ သူဟာကြောင်ပေါ်တက်နင်းမိပြီး ခေါင်းစိုက်ကာ လဲကျတယ်။ ဒီအသံကြောင့် သူ့အဖေဟာ စိတ်တိုသွားတယ်။



www.burmeseclassic.com



"တွမ်၊ တစ်အိမ်လုံး အနှောင့်အယှက်ဖြစ်အောင် လုပ်စရာလိုသလား ကွ၊ မင်းဘာလုပ်နေတာလဲ"

တွမ်ရဲ့ခြေထောက်တွေက နံနက်စာစားပွဲဆီ အမြန်ပြေးသွားပြီး သူ့လက်တွေက နံနက်စာစားဖို့ ကူညီပေးတယ်။ ခွက်ထဲ နို့ဖြည့်၊ ပန်းကန်ထဲ သကြားထည့်ပြီး သူ့ကို အစာတွေ အမြန်စားစေတာ နင်မတတ်ပါပဲ။

သူ့ပါးစပ်တွေခမျာ ဖွင့်လိုက်၊ ပိတ်လိုက်နဲ့ပေါ့။ သနားစရာတွမ်ခမျာ နောက်တစ်ဖွန်း မကြာခင် ကမန်းကတန်း မျိုချနေရရှာတယ်။

"တွမ်၊ ဒီလို အလောတကြီး မစားနဲ့လေ"လို့သူ့အမေကပြောတယ်။

"နင် ဘာလို့ ဒီလောက်ပျာနေရတာလဲ၊ မနေ့ကပဲ သိပ်ပျင်းလွန်းလို့ အကြာကြီး စားနေခဲ့သေးတယ်၊ ဒီနေ့ကျတော့ နင်မတတ် အမြန်ကြီး စားရသလား၊ နင့်ကိုယ်နင် ပြင်စမ်းပါ"

ကြက်ဥပြုတ်ကို စားတော့လဲ ဒီလိုပါပဲ။ သူ့လက်ဟာ ကြက်ဥကို ထိပ်ကနေခွဲချပြီး ဇွန်းနဲ့ကော်ထုတ်ကာ တခြားလက်တစ်ဖက်က ပေါင်မုန့်နဲ့ ထောပတ်ကို အမြန်ယူလာပါရော။ ဒါကြောင့် မိနစ်ပိုင်းအတွင်း ကြက်ဥနဲ့ ပေါင်မုန့်ကို စားပြီးသွားတယ်။

"တွမ်၊ ဒီလိုခပ်ကြောင်ကြောင်လုပ်ရင် ငါပေးမယ့် စက်ဘီးကို ရမယ် လို့ထင်နေတာဆို မှားမယ်နော်။ မင်း သိပ်မိုက်တာပဲကွ၊ ပြန်ထိုင်ပြီး တို့စားပြီး တဲ့အထိ နေစမ်း၊ မင်းအစား ငါရှက်တယ်"လို့ အဖေက သတင်းစာကိုချရင်း ပြောတယ်။

ဒါပေမယ့် တွမ်ဟာ ပြန်မထိုင်နိုင်တော့ပါ၊ ဂါထာက အစွမ်းပြ နေပြီလေ။ သူ့ခြေထောက်တွေက ခုန်ထပြီး ကျောင်းလွယ်အိတ်ဆီ ပြေးပါလေ ရော။ သူ့လက်တွေက စာအုပ်အားလုံးကို လွယ်အိတ်ထဲ စုပြုထည့်နေတယ်။ ပြီးတော့ ဦးထုပ်နဲ့ အပေါ်အင်္ကျီကိုယူကာ ဝတ်စားပေးတယ်။ ပြီးတဲ့အခါ သူ့ ခြေထောက်တွေက အဖေနဲ့အမေကို နှုတ်ဆက်ပြီး ပြေးသွားပါလေရော၊ ပြီးတော့ အိမ်ထဲကထွက်ပြီး လမ်းပေါ်ရောက်လာတယ်။ သူဟာ မအီမသာ ခံစားနေရတယ်။ မနက်စာကို ဒီလို ပလုတ်ပလောင်းစားရတာ မကောင်းဘူး မဟုတ်လား။

"တွမ် ဘာဖြစ်သွားတာလဲ"လို့ သူ့အမေက အလန့်တကြား ပြော တယ်။ "ရှင် သူ့ကို စက်ဘီးဝယ်ပေးဖို့ ကတိမပေးသင့်ဘူး အဖေကြီးရဲ့၊ အဲဒါ ကြောင့် ဒီလိုဖြစ်ရတာ"




www.burmeseclassic.com

www.burmeseclassic.com



အဲဒီမနက်မှာ သနားစရာတွမ်ဟာ ကျောင်းမှာ ဒုက္ခရောက်ရတော့တာပဲ၊ တခြားကျောင်းသားတွေက နာရီဝက်ကြာတဲ့အထိ ရောက်မလာသေးဘူး။ ဒါပေမယ့် တွမ်ရဲ့ ခြေထောက်တွေဟာ လေးလေးသွားလို့ မရတော့ဘူးလေ၊ လက်တွေလဲ အဲဒီလိုပဲ၊ ခြေတွေ လက်တွေဟာ မကြာခင် အလုပ်အပြင်းအထန် လုပ်ပါလေရော။ ကျောင်းဥယျာဉ်ထဲက ပေါင်းပင်တွေကောတွန်းလှည်းပေါ်တင်ပြီး တွင်းထဲသွားချလိုက်၊ သွားသယ်လိုက် လုပ်နေပါရော။

ကျောင်းအုပ်ဆရာကြီး ရောက်လာပြီး အဲဒါကိုမြင်ရတော့ သိပ်အံ့သြသွားတယ်။ ဒါ အပျင်းထူတဲ့ တွမ်မဟုတ်လား၊ ဒီကျောင်းမှာ အနေးကွေးဆုံးချာတိတ်က အမြန်ဆုံးနှုန်းနဲ့ ပေါင်းသင်နေတာ အမှိုက်ပစ်နေတာ ဟုတ်နိုင်ပါ့မလား။



ဟုတ်တယ်ဆိုရင်တော့ သိပ်ကောင်းတာပေါ့။

ကျောင်းစတက်တော့ တွမ်ဟာ သိပ်ပင်ပန်းနေပြီ။ သူက ဒီလို မြန်မြန်လုပ်ရတဲ့အလုပ်တွေ လုပ်လေ့မှမရှိတာ။ သူဟာ ခုံမှာ မနည်းထိုင်ချလိုက်ရတယ်။ ဘာပဲပြောပြော နားရတာပေါ့။

ဒါပေမယ့် မနားရပါဘူး။ သူ့လက်တွေဟာ ပုစ္ဆာတွေကိုစရေးပြီးအမြန်ဆုံးနှုန်းနဲ့ ကူးယူနေတာကြောင့် တွမ်ဟာ ပုံတွေကိုတောင် မနည်းကြည့်ရတယ်။ ပြီးတော့ ဂါထာအစွမ်းက သူ့ခေါင်းထဲရောက်လာတာမို့ သူ့ဦးနှောက်က ပုစ္ဆာတွေကို မနားတမ်း တွက်ပါလေရော။ သူ့ခမျာ ပုစ္ဆာတွေကလွဲလို့ ဘာကိုမှ မစဉ်းစားအားတော့ဘူး။ များသောအားဖြင့် သူ့အနေနဲ့ ပြတင်းပေါက်ကို လှမ်းကြည့်ရင်း တခြားကလေးတွေကို ကြည့်ရင် အပျင်းထူနေတတ်တယ်မဟုတ်လား။ ဒီနံနက်ကျတော့ ဒါမျိုး လုပ်လို့မရတော့ဘူး။

"မင်းတွက်တာတွေ လုံလောက်ပြီ တွမ်၊ မင်းတွက်တာ သိပ်ကောင်းတယ်၊ ဂါသဘောကျတယ်"လို့ ဆရာကပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကြောင့် တွမ်ဟာ ဝမ်းသာသွားပေမယ့် အလန့်တကြား ဖြစ်လာရပြန်တယ်။ ဂါထာအစွမ်းက သူ့အတွက် သိပ်အားကောင်းနေပြီလေ။ သူဟာ အရာရာကို ဒီလိုအမြန်လုပ်နေရတာကို မကြိုက်တော့ဘူး။ ဒါပေမယ့် သင်ခန်းစာတွေကို ရေးရတော့လဲ ဒီလိုပါပဲ။

ကလေးတွေကို သမိုင်းစာအုပ်ထဲက စာမျက်နှာကို အကောင်းဆုံးဖြစ်အောင် ပြန်ကူးရေးဖို့ ဆရာကပြောတယ်။ ချက်ချင်းပဲ တွမ်ရဲ့လက်တွေ အလုပ်လုပ်ပြီး တစ်မျက်နှာပြီးတစ်မျက်နှာ ရေးတော့တာပဲ။ ဆရာက ကြက်သေသေပြီး ကြည့်နေပါလေရော။ တွမ်က ပုံမှန်ဆို မျက်နှာဝက်လောက်ပဲ ရေးလေ့ရှိပေမယ့် အခုတော့ တစ်မျက်နှာပြီး တစ်မျက်နှာ လှန်လိုက်ရေးလိုက် လုပ်နေလေရဲ့။ ဘာဖြစ်ရာန်ပြီလဲ။

ကစားချိန်ရောက်လာတော့ တွမ်ရဲ့ခြေထောက်တွေဟာ ပစ္စည်းသိမ်းခန်းဆီ တစ်ဟုန်ထိုး ပြေးထွက်လာပြီး နေ့လယ်စာ လာယူတယ်။ ပြီးတော့ ကစားကွင်းဆီ ဝုန်းခနဲ ပြေးထွက်သွားတာမို့ ကလေးနှစ်ယောက်ကို တိုက်လုနီးပါးဖြစ်သွားတယ်။



"အတော်ပျာတာပဲ"လို့ သူတို့ကအော်ပြီး သူ့ကို တွန်းလိုက်တယ်။

"ဒီလိုပျာတာကို ရပ်စမ်းတွမ်၊ ဒါ နောက်စရာ မဟုတ်ဘူး"

ကလေးတွေဟာ ကစားကွင်းထဲမှာ ကစားကြတော့ တွမ်ဟာလျင်မြန်စွာ ပြေးလွှားပြီး ဟိုမှသည် လှည့်ပတ်တိမ်းရှောင်ကာ တခြားသူတွေအားလုံးကို အလွယ်တကူ လိုက်ဖမ်းနေတယ်။ ကလေးတွေဟာ ဘာဖြစ်နေမှန်းများမလည်

www.burmeseclassic.com





ပေမယ့် စိတ်တိုလာကြတယ်။ ပီတာက တွမ့်ကို ဖြန်းခနဲ ရိုက်လိုက်တော့ ချက်ချင်းပဲ တွမ်ရဲ့ လက်သီးတွေက သူ့အလိုလို ပီတာကို ထိုးပါလေရော။

"ထိုးတယ်၊ ထိုးတယ်ဟေ့"လို့ ကောင်လေးတွေက အော်ပြီး ဝိုင်းလာပါတယ်။ တွမ်ဟာ ရန်မဖြစ်ချင်ပါဘူး၊ ပီတာကို သူခင်တယ်လေ။ ဒါပေမယ့် သူ့လက်သီးတွေ ပီတာ့အပေါ် အရှိန်ပြင်းပြင်း ကျရောက်နေတာကို ရပ်လို့မရပါဘူး။ ပြီးတော့ ဆရာရောက်လာပြီး ခပ်မာမာ စကားပြောကာ တွမ်ကို အခန်းထဲ ပို့လိုက်ပါတယ်။

တွမ်ဟာ မောဟိုက်စွာ ထိုင်ချလိုက်တယ်။ သူဟာ ပင်ပန်းပြီး ထိတ်လန့်နေပြီ။ ဂါထာကို အဘွားကြီးဆီက မမေးမိရင် ကောင်းမှာပဲလို့တောင် တမိတယ်။

နံနက်ခင်းနားနေချိန်ပြီးလို့ ကျောင်းဆက်တက်တော့ ပထဝီအချိန်မှာ တွမ်ဟာ ကွဲပြားတဲ့ မြေပုံခြောက်ခုကို ဆွဲပြီးပြီမို့ ဆရာမက အံ့ဩစွာ ကြည့်နေပါတယ်။ သူဟာ ကဗျာသုံးမျက်နှာကိုလဲ ချက်ချင်းအလွတ်ရသွားပါတယ်။ သူ့ကိုယ်သူ အမြန်အသွက်ဆုံးလုပ်တာကို ရပ်တန့်လို့ မရနိုင်တော့ဘူးလေ။ သူ့ခြေထောက်တွေဟာ အိမ်ကို ထမင်းပြန်စားဖို့ပြေးပြီး လက်တွေက သူ့ကို အငမ်းမရ မျိုချစေပါတယ်။ သူ့အမေကတောင် လန့်နေတယ်။

"တွမ်၊ နင်ဘာဖြစ်နေသလဲ၊ အမေ့ကိုပြောပြစမ်း၊ နင် ပြုစားခံနေရတာလား"လို့ မေးပါတယ်။

"ဟုတ်တယ်အမေ"လို့ သနားစရာ တွမ်ကပြောပါတယ်။

"သားလေ နှေးကွေးပျင်းရိရာက မြန်လာအောင်လို့ တောအုပ်ထဲက အဘွားကြီးဆီ ဂါထာမန္တန် သွားစီရင်ခိုင်းမိတယ်၊ အဘွားကြီးက သားကို ကူညီ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တယ်။ ဒီလိုလုပ်ရတာက သားစက်ဘီး အရမ်းလိုချင်နေလို့ပါ၊ ဒါပေမယ့် ဂါထာက သိပ်စွမ်းလွန်းတယ်၊ သားဘာလုပ်ရမလဲအမေရယ်”

“ငါမင်းကို အဘွားကြီးဆီ အခုပဲ ခေါ်သွားမယ်၊ သူသာ ဂါထာကို အစွမ်းပြယ်အောင် မလုပ်ပေးရင် သားပင်ပန်းနေရဦးမှာပဲ၊ သွားစို့”လို့ အမေက ပြောလိုက်တယ်။

ဒါကြောင့် သူတို့ဟာ တောအုပ်ထဲကို သွားကြတယ်။ သူ့အမေက တွမ်ခြေလှမ်းတွေကို မှီဖို့ အပြေးလိုက်နေရတယ်။ အဘွားကြီးက သူ့အပေါ် ဂါထာရဲ့အစွမ်း သက်ရောက်ပုံကို ကြားရတော့ ရယ်နေပါတယ်။

“စိတ်မကောင်းပါဘူးကွယ်၊ ဂါထာက တကယ်ပျင်းရိတဲ့ ကောင်လေးကိုသာ ဒီလိုအစွမ်းပြတာကွယ့်။ သူ့ဘဝမှာ တစ်ခါမှ ဒီလိုမြန်မြန်နဲ့ ပြင်းပြင်းထန်ထန်မှ မလုပ်ဖူးတဲ့ဟာ။ တွမ်ဟာ ဒီလောက်ဆိုးလိမ့်မယ်လို့ ငါမထင်ခဲ့မိဘူး” လို့ အဘွားကြီးက ရှင်းပြပါတယ်။

“ကျေးဇူးပြုလို့ ဒီဂါထာကို ပြယ်အောင်လုပ်ပေးပါအဘွားရယ်”လို့ သနားစရာတွမ်က တောင်းပန်တယ်။ ဒါပေမယ့် အဘွားကြီးက လုပ်ပေးလို့ မရပါဘူး။

“မင်းအနေနဲ့ ဒီအတိုင်း တစ်ရက်နှစ်ရက်လောက် ဆက်ဖြစ်နေဦးမှာပဲ၊ တကယ်လို့ မင်းကိုယ်တိုင်က ကိုယ့်ဘာသာမြန်အောင် အလုပ်ကြိုးစားအောင် ကြိုးပမ်းမှသာ ဒီဂါထာက တဖြည်းဖြည်း အစွမ်းပြယ်သွားလိမ့်မယ်။ ဒါပေမယ့် ထပ်ပြီး ပျင်းရိရင်တော့ ဂါထာက ပြန်စွမ်းလာလိမ့်မယ်နော်၊ အဲဒီကျရင် မင်းအနေနဲ့ အရာရာကို အမြန်ဆုံးနှုန်းနဲ့လုပ်ပြီး သိပ်ပင်ပန်းရမှာပဲ” လို့ အဘွားကြီးကပြောပါတယ်။

ဒါကြောင့် တွမ်ဟာ နှစ်ရက်ကျော် ဒုက္ခခံရပြီးမှ ဂါထာပြယ်သွားသလိုထင်ရတယ်။ တွမ်ဟာ အရာရာကို မြန်မြန်သွက်သွက်လက်လက် လုပ်နိုင်ဖို့ ကြိုးစားရတော့တယ်။ အဲဒီအခါကျမှ ဒီလိုလုပ်ဖို့ သိပ်မခက်ပါလားဆိုတာ တွေ့လာရတယ်။ ဒါပေမယ့် ခဏလောက် ပျင်းရိဖို့ဟန်ပြင်လိုက်တာနဲ့ ဂါထာကြောင့် မြန်လာလေရော။ သူစက်ဘီးလေး ရသွားတာကတော့ ဝမ်းသာစရာပဲ။

မင်းတို့ရော ပျင်းရိချင်ကြသလား၊ ဒါဆိုရင် မင်းတို့အတွက်လဲ အမြန်အဆန်လုပ်စေတဲ့ဂါထာတစ်ခုကို မင်းတို့မေမေကို ပြောပြလိုက်မယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

## အုံဖွယ်တံမြက်စည်း

ဘန်နီနဲ့ အန်နာနှစ်ယောက်စလုံးဟာ အစသန်ကြတယ်။ သူတို့ဟာ ရိုင်းစိုင်းပြီး စကားနားမထောင်ကြဘူး၊ သူတို့အမေက သူတို့ကို သိပ်စိတ်ဆိုးတယ်။

"နင်တို့ဟာ အသုံးမကျတဲ့ ကလေးတွေပဲ၊ ငါ့ကို ဘာမှ မကူညီကြဘူး။ နင်တို့ကို သိပ်စိတ်ဆိုးတယ်၊ အပြစ်ပေးခံချင်ကြပြီလား"လို့ ဆူပါတယ်။

အခု သူတို့အမေက သူတို့ကို အပြစ်ပြင်းပြင်းထန်ထန်ပေးတာမို့ ဘန်နီနဲ့အန်နာဟာ သိပ်စိတ်ညစ်နေပါတယ်။ သူတို့က ခွင့်လွှတ်ပါလို့တောင် မပြောကြဘူးလေ။

"ငါ အပြင်ထွက်ပြီး ဈေးသွားဝယ်လိုက်ဦးမယ်"လို့ အမေကပြောတယ်။ "နင်တို့နှစ်ကောင် ငါ့အတွက် အလုပ်ကြိုးစားလုပ်ပေးထားကြ၊ တံမြက်စည်းကြီးယူပြီး တံမြက်စည်းလှည်းထားကြ၊ ဝင်းထဲမှာ အမှိုက်တွေ၊ အစတွေနဲ့ ပြည့်နေတယ်၊ ငါ့မှာရှင်းဖို့ အချိန်မရှိဘူး"လို့ အမေက မှာခဲ့တယ်။

"အမေကလဲ သားတို့ တံမြက်စည်မလှည်းချင်ဘူးဗျ"လို့ ဘန်နီက မျက်မှန်တေတေနဲ့ပြန်ပြောတယ်။ ဒါပေမယ့် အမေက လုံးဝဂရုမစိုက်ဘူး။ သူဟာ ခြင်းတောင်းကိုဆွဲပြီး ဈေးဝယ်ထွက်သွားပါလေရော။

ကလေးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် မှုန်တေတေ ကြည့်လိုက်ကြတယ်။

"နင်အရင်လှည်း" လို့ အန်နာကပြောတယ်။

"ဒါ မိန်းကလေးအလုပ်ဟာ၊ နင်ကငါ့ထက်နှစ်နှစ်ကြီးတယ်၊ နင်အရင် လှည်း"လို့ ဘန်နီကပြန်ပြောတယ်။

"ဟဲ့ ဘန်နီ၊ အဓိပ္ပာယ်မရှိလိုက်တာနော်"လို့ အန်နာက ဒေါသပြောရင်း သူ့မောင်ကို ခပ်ပြင်းပြင်းရိုက်လိုက်တယ်။ ဒါကြောင့် သူတို့ရန်ဖြစ်နေကြတုန်း

www.burmeseclassic.com



မှာ အနာ့းကို ရယ်စရာ အဘွားကြီးတစ်ယောက် ရောက်လာပြီး ခြံဝင်းဘေး ခြံစည်းရိုးပေါ်ကနေ လှမ်းကြည့်နေပါတယ်။

"ဘာဖြစ်တာလဲကွယ်"လို့ အဘွားအိုက လှမ်းမေးတယ်။

ကလေးတွေဟာ ရန်ဖြစ်တာကို ခဏရပ်ပြီး အဘွားကြီးကို ကြည့်လိုက်တယ်။ "ကျွန်တော်တို့အမေက ခြံဝင်းထဲ တံမြက်စည်းလှည်းဖို့ ပြောခဲ့တယ်။ ကျွန်တော်တို့က မလှည်းချင်ဘူး"လို့ ဘန်နီကပြောပြတယ်။

"တံမြက်စည်းလှည်းတာ သိပ်ပင်ပန်းတယ်၊ အန်နာကပိုကြီးတာမို့ စလှည်းသင့်တယ်လို့ ကျွန်တော်ကထင်တယ်၊ သူကတော့ ကျွန်တော်က အငယ်မို့ စလှည်းသင့်တယ်တဲ့"

"ဖြစ်ရလေ၊ ဝင်းထဲ တံမြက်စည်းလှည်းတာ ပင်ပန်းလို့လားကွယ့်။ ကောင်းပြီလေ . . . မင်းတို့ စဘူးထဲက ငွေနည်းနည်းလောက်ပေးရင် ခြံဝင်း တစ်ဝန်းလုံးကို တံမြက်စည်းက သူ့အလိုလိုလှည်းတဲ့ဂါထာ အဘွားပြောပြမယ်"

ဒီစကားကြားရတော့ ဘန်နီနဲ့ အန်နာဟာ အရမ်းအံ့သြသွားကြတယ်။ ဂါထာတဲ့ ပျော်စရာပဲ။ သူတို့ဟာ စဘူးတွေကို ချက်ချင်းမြေးယူကြတယ်။ ဘန်နီရဲ့စဘူးထဲမှာ ဆယ်ပဲနိရှိပြီး အန်နာ့စဘူးထဲမှာတော့ ပဲနိနှစ်ဆယ်ရှိတယ်။ ပေါင်းလိုက်တော့ သုံးဆယ်ပဲနိပေါ့ကွယ်။

သူတို့ဟာ ငွေအကြွေတွေကို အဘွားကြီးကို ပေးလိုက်ကြတယ်။ အဘွားကြီးက တံမြက်စည်းကို ကောက်ကိုင်ပြီး အဝါရောင်အမှုန့်လေးတချို့နဲ့ ပွတ်လိုက်တယ်။ ထူးဆန်းတဲ့စကားတွေလည်း ရွတ်နေလိုက်သေးတယ်။



www.burmeseclassic.com



ပြီးတော့ သူဟာ ရွှင်လန်းစွာ ပြုံးလိုက်ပြီး ခေါင်းညိတ်ကာ လမ်းဆီကို ပြန်ထွက်သွားတော့တယ်၊ သူ့မျက်လုံးစိမ်းတွေက တောက်ပနေလေရဲ့။

တံမြက်စည်းဟာ ခြစည်းရိုးကို ခုန်ကျော်လိုက်တယ်။ ပြီးတော့ ခေါင်းထောင်လာပြီး မျက်တောင်ပုတ်ခတ်လုပ်နေတာ ဘန်နီမြင်ရတယ်။

"ကြည့်စမ်း အန်နာ"လို့ ဘန်နီက စိတ်လှုပ်ရှားစွာ ပြောတယ်။

"ဟေ့ တံမြက်စည်း၊ အလုပ်လုပ်စမ်း . . . လှည်းစမ်း ကျင်းစမ်း"

တံမြက်စည်းဟာ သူ့ဘာသာ ထရပ်လိုက်ပြီး ခေါင်းညိတ်ကာ သွားဖြဲပြတယ်။ သူ့ခေါင်းကိုကြည့်ရတာ ကောက်ကျစ်ပုံပဲ။ တံမြက်စည်းဟာ စလှည်းတော့တယ်။


. အလိုလေး၊ ဒီခြံဝင်းကို ဘယ်လိုလှည်းလိုက်တာလဲ၊ သိပ် ထူးဆန်းလှချည့်လား။ တံမြက်စည်းဟာ ကလေးတွေလှည်းနိုင်မှာထက် အများကြီး ပိုလှည်းပစ်တယ်။ အန်နာနဲ့ ဘန်နီဟာ ဝမ်းသာနေတယ်။

"ဟုတ်ပြီ၊ အမှိုက်အားလုံးကို လှည်းပစ်"လို့ ဘန်နီကအော်ပြောရင်း ပျော်ရွှင်စွာ ကနေတယ်။ ဘယ်သူမှ ကိုင်မထားပဲ တံမြက်စည်းဟာ သူ့အလိုလို လှည်းနေတာကို တွေ့ရတာ ရယ်စရာပဲ။

တံမြက်စည်းဟာ လေချွန်ရင်း စလှည်းတော့တယ်။ သူ့ခေါင်းလေးကနေ ရယ်စရာ မော်သံစဉ်လေးကို လေချွန်ရင်း ညည်းနေတယ်။

"လှည်း လှည်း လှည်း လှည်း . . . လှည်း လှည်း လှည်း လှည်း"လို့ ညည်းရင်း တံမြက်စည်းဟာ တစ်ချောင်းလုံးကို လှည်းသွားတယ်။ ဖုံတွေကို လှည်းကျင်း၊ စာရွက်တွေကို စုပုံ၊ အစအနတွေကို ရှင်းလင်းလိုက်တယ်။ မကြာခင် အလုပ်ပြီးသွားပါသတဲ့။

"သိပ်ကျေးဇူးတင်တာပဲ၊ တံမြက်စည်းရယ်၊ အခု နားလို့ရပါပြီ၊ မင်း အလုပ်ပြီးသွားပါပြီ"လို့ အန်နာက ကျေနပ်စွာပြောလိုက်တယ်။



www.burmeseclassic.com



တံမြက်စည်းဟာ အန်နာနဲ့ဘန်နီကိုကြည့်ပြီး ရယ်စရာ သူ့ဆောသွား ကို လေဆက်ချွန်တယ်။ သူ့ကြည့်ရတာ နားချင်ဟန်မရဘူး။ သူဟာ အန်နာရဲ့ အရုပ်တွန်းလှည်းထဲ တက်ပြီး လှည်းကျင်းပါလေရော။ အရုပ်တွေ လွင့်ထွက် လာပြီး အဝတ်တွေနဲ့ စောင်တွေပါ ပြုတ်ကျကုန်တယ်။ တံမြက်စည်းဟာ အမှိုက်တွေအများကြီးကို စုပုံထားတော့တယ်။

အန်နာဟာ ရူးရူးဝါးဝါး အော်လိုက်မိတယ်။

"အို၊ နင်ဟာ အတော်ယုတ်မာတဲ့ တံမြက်စည်းပဲ၊ ငါ့အရုပ်လှည်းကို မှောက်ပစ်တယ်ပေါ့၊ ငါ့သနားစရာအရုပ်လေးတွကိုလှည်းနေတာ ရပ်လိုက်စမ်း"


ဒါပေမယ့် အရုပ်တွေဟာ ပြုတ်ကျပြီး စုပုံလာတယ်။ ပြီးတော့ တံမြက်စည်းဟာ ဘန်နီဆောက်ထားတဲ့ အရုပ်ခံတပ်နဲ့ အရုပ်စစ်သားတွေထား တဲ့နေရာကို ပြေးသွားပါလေရော။ သူဟာ တွေ့သမျှ အားလုံးကို အမှိုက်ပုံထဲကို လှည်းပစ်ပါတယ်။

အခုတော့ ဘန်နီဒေါသထွက်ရတဲ့ အလှည့်ပေါ့။ ဒါပေမယ့် တံမြက် စည်းက ဘာကိုမှ ဂရုမစိုက်ပါဘူး။ သူဟာ လေချွန်လိုက်၊ လှည်းလိုက်နဲ့ ခေါင်းလေးညိတ်ပြီး တချိန်လုံး ပြုံးနေပါတယ်။

သူဟာ အမှိုက်ပုံးဆီကို သွားတယ်။ ပြီးတော့ အားလုံးကို လှည်း ကျင်းယူလာတယ်။ မြေကွက်ထဲကို လိမ့်လာရင်း အမှိုက်ပုံးအဖုံးဟာ ပွင့်ကျသွား တယ်။ အမှိုက်ပုံးထဲက အမှိုက်တွေဟာ ဝုန်းခနဲ ထွက်ကျလာပါရော။

ဒါကြောင့် တံမြက်စည်းဟာ ပျော်သွားတယ်။ သူဟာ အားလုံးကို လှည်းကျင်းပြန်တယ်။ ပြာတွေ၊ သံဘူးတွေ၊ ပုလင်းအကျိုးအပဲ့တွေ၊ ဂေါ်ဖီထုပ် အပုံအရွဲ့တွေ၊ လက်ဖက်ခြောက်တွေ . . . ဒါတွေကို စုပုံလိုက်ပြန်တယ်။ ပြီး တော့ အမှိုက်ပုံးဆီလှည်းလာပြီး အဖုံးကိုဖွင့်ကာ လှည်းထည့်လိုက်တယ်၊

အားလုံးလုပ်ပြီးတော့ တံမြက်စည်းဟာ စိတ်လုံးဝ ဖောက်သွားတော့ တယ်။ သူဟာ မီးဖိုချောင်ထဲဝင်ပြီး ပန်းကန်တွေ့ကရားတွေအားလုံးကို ခဲ့ စင်ကနေ လှည်းထုတ်တယ်။ အားလုံးကို မြေကွက်ထဲက အမှိုက်ပုံဆီ လှည့်ချ



www.burmeseclassic.com

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com



လာတယ်။ စိတ်ဖောက်ပြန်နေတဲ့ တံမြက်စည်းဟာ လှည်းရင်း လေချွန်ရင်းနဲ့ တစ်ချိန်လုံး သီချင်းညည်းနေလေရဲ့။

ပြီးတော့ သူဟာ ကုလားထိုင်တွေကိုလဲ မီးဖိုချောင်ထဲက လှည်းထုတ်ပြန်တယ်၊ နောက်ပြီး ကြောင်ခြင်းကိုရောပေါ့ . . . အထဲမှာ ကြောင်ပါပါလာတယ်။ ကြောင်ဟာ သိပ်ကြောက်နေတာမို့ ခြင်းထဲက ခုန်မထွက်နိုင်ဘူး၊ ခြင်းဟာ လေကားထစ်ကနေ ပြုတ်ကျသွားတယ်။ တံမြက်စည်းဟာ ကြောင်ကို လှည်းပစ်လိုက်တော့ ကြောင်ဟာ ခြံစည်းရိုးပေါ်ကနေ ထွက်ပြေးသွားတယ်။

"ရပ်စမ်း၊ ရပ်စမ်း၊ အတော်ယုတ်မာတဲ့ တံမြက်စည်းပဲ"လို့ ဘန်နီက အော်လိုက်တယ်။ ဒါပေမယ့် အလကားပါပဲ၊ တံမြက်စည်းကတော့ မရပ်ပါဘူး။



သူဟာ မီးဖိုချောင်ထဲက ပစ္စည်းတွေကို ဆက်လှည်းနေလေရဲ့။ မုန့်တင်ခုံပေါ်က ပစ္စည်းတွေအားလုံးကို လှည်းချတဲ့အခါမှာတော့ အန်နာခမျာ ထိတ်လန့်နေပြီ။

အမေရောက်လာပြီး သူ့ခွက်တွေ၊ ပန်းကန်တွေ၊ ပန်းကန်ပြားတွေ ကျိုးပဲ့နေတာမြင်ရင် ဘာပြောလိုက်မလဲ မသိဘူး။

"ဘန်နီ၊ တံမြက်စည်းဆီ အပြေးသွားတယ်၊ အန်နာလဲ လိုက်"သွားတယ်။ ဘန်နီဟာ လက်ကိုင်ကို ဖမ်းကိုင်ဖို့ ကြိုးစားတယ်၊ ဒါပေမယ့် တံမြက်စည်းက ပါးနပ်စွာ ခုန်ရှောင်လိုက်တယ်။ ဘန်နီက လဲ ကြိုးစားပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တံမြက်စည်းက သူ့ကိုယ်သူ ချာလပတ်လှည့်ကာ ဘန်နီရဲ့ လက်ဆစ်တွေကို ခပ်နာနာကလေး ခေါက်လိုက်တယ်။

"အိုး၊ အတော်ရိုင်းတဲ့ တံမြက်စည်းပဲ။ ငါဖမ်းမိတဲ့အထိ စောင့်ပေါ့ကွာ"လို့ ဘန်နီက အော်မြည်လိုက်တယ်။

ဒါပေမယ့် ဘန်နီဟာ ဘာမှ မလုပ်နိုင်ပါဘူး။ တံမြက်စည်းကို ဖမ်းလို့မရဘူးလေ။ ဘယ်လွယ်ပါ့မလဲ။

ဒါကြောင့် တံမြက်စည်းဟာ ခုန်ရှောင်ပြီး ဘန်နီရဲ့ ခြေလက်တွေကို အခါပေါင်းများစွာ ရိုက်လေတယ်။ ဘန်နီဟာ သိပ်ဒေါသထွက်လာတာကြောင့် တံမြက်စည်းနောက် လှည့်ပတ်လိုက်ရင်းနဲ့ ခေါင်းတောင်မူးလာတယ်။



သူဟာ အန်နာနဲ့ ဝင်တိုက်မိပြီး နှစ်ယောက်လုံး ဗိုင်းခနဲ လဲကျသွားကြတယ်။ တံမြက်စည်းဟာ သူတို့ကို ရွှမ်းခနဲရိုက်ပြီး သူတို့ကိုပါ စလှည်းပါလေရော။

ကလေးနှစ်ယောက်ဟာ အမှိုက်ပုံဆီ လိမ့်ပါလာကြတယ်။ တံမြက်စည်းဟာ သိပ်အားကောင်းတာမို့ သူတို့မှာ ထတောင်မထနိုင်ရှာဘူး။ သူတို့ဟာ အော်မြည်ငိုယိုကြပေမယ့် တံမြက်စည်းက လုံးဝဂရုမစိုက်ဘူး။ လှည်းပြီးရင်း လှည်းရင်းပါပဲ။

ဘန်နီနဲ့ အန်နာတို့ အမှိုက်ပုံကို လိမ့်ပါလာတုန်းမှာပဲ သူတို့အဖေဟာ ခြံဝကိုရောက်လာတယ်။ ချက်ချင်းပဲ တံမြက်စည်းဟာ ငြိမ်သက်ပြီး ထိုင်[illegible] ဆိတ်သွားကာ ခြံစည်းရိုးကို သွားမှီနေလိုက်တယ်။ ရယ်စရာကောင်း[illegible] ကွယ်သွားတယ်။ အတော်ဟုတ်တဲ့ တံမြက်စည်းပဲ။

ဆုပြည့်စုံထွန်းတာပေ

www.burmeseclassic.com



"ဟဲ့ . . . ဘန်နီနဲ့အန်နာ၊ ဘာတွေဖြစ်ပျက်နေကြတာလဲ" လို့ သူတို့အမေက အော်မေးလိုက်တယ်။

"အခုထစမ်း၊ ဘုရားရေ . . . ဖျာတွေ၊ ကုလားထိုင်တွေ၊ ပန်းကန်ပြားတွေက ဘာဖြစ်နေရတာလဲ။ နင်တို့ ဒါတွေကို လွှင့်ပစ်တယ်ပေါ့ဟုတ်လား၊ အတော်ဆိုးတဲ့ ကလေးတွေပဲ၊ ခြံဝင်းထဲက ဒီအပုံကြီးက ဘာလဲ"

ဘန်နီနဲ့ အန်နာဟာ ကိုယ့်ဘာသာ ထလိုက်ကြတယ်။ ညစ်ပတ်စုတ်ပြတ်နေတဲ့ သူတို့မျက်နှာတွေမှာ မျက်ရည်စီးကြောင်းတွေနဲ့၊ ဆံပင်တွေက မသပ်မရပ်နဲ့ သူတို့နှစ်ယောက်လုံး ငိုနေကြတယ်။

"အမေ၊ ဒါသမီးတို့အပြစ် မဟုတ်ဘူး။ ဒါ တံမြက်စည်းစုတ်ကြောင့်ဖြစ်ရတာ"လို့ အန်နာက ငိုရှိုက်ရင်းပြောတယ်။

"ဒီတံမြက်စည်းမှာ ခေါင်းပေါက်လာပြီး တွေ့သမျှလူအားလုံးကို လှည်းပါလေရော၊ သမီးတို့ကိုပါ လှည်းတာပဲ။ သမီးတို့ သူ့ကို တားလို့မရဘူး"

အမေက တံမြက်စည်းကို လှည့်ကြည့်လိုက်တယ်။ အခုတော့ ခေါင်းမရှိတော့ဘူးလေ။ တံမြက်စည်းဟာ လုံးဝငြိမ်သက်စွာနဲ့ ခြံစည်းရိုးမှာ မှီနေတယ်။ အမေက သိပ်ဒေါသထွက်သွားတယ်။

"တံမြက်စည်းမှာ ခေါင်းပေါက်ပြီး မီးဖိုချောင်ထဲက ပစ္စည်းတွေကို လှည်းတယ်ဆိုတဲ့ လန်ကြုတ်ပုံပြင်တွေကို ငါယုံမယ်လို့ ထင်သလား၊ ဒီလို တံမြက်စည်းက ဘယ်တော့မှ မလုပ်နိုင်ဘူး။ မင်းတို့တွေဟာ စိတ်ပျက်စရာ ကလေးတွေပဲ၊ အိမ်ထဲဝင်ပြီး အိပ်ကြစမ်း"

အမေဟာ ဈေးခြင်းနဲ့အတူ အိမ်ထဲဝင်သွားတယ်။ ကလေးတွေက သူ့နောက်ကနေ ငိုရင်းလိုက်သွားကြတော့၊ မီးဖိုထဲဝင်တော့ သူတို့ကို လှမ်းခေါ်တဲ့အသံ ကြားရတယ်။ လှည့်ကြည့်လိုက်ကြတော့ တံမြက်စည်းကို ဂါထာရွတ်ကာ ပွတ်ပေးခဲ့တဲ့ အဘွားကြီးကို တွေ့ရတယ်။

"မင်းတို့ဘာသာမလုပ်တဲ့အခါကျရင် တံမြက်စည်းက မင်းတို့ကိုလှည်းဖို့အသင့်ပဲနော်၊ မင်းတို့ သတိထားနေကြ"လို့ အဘွားအိုက လှမ်းပြောတယ်။

ဒါကြောင့် သူတို့ဟာ သိပ်ကို သတိထားကြတော့တယ်။ သူတို့ ပြန်ဆိုးလာတာနဲ့ တံမြက်စည်းလဲဆိုးလာမှာပဲလေ။ အန်နာနဲ့ဘန်နီတို့ဟာ တံမြက်စည်းက စိတ်ဖောက်လာပြီး သူတို့ကို လှည်းထုတ်မှာစိုးတဲ့အတွက် အဲဒီအချိန်ကစလို့ ဘယ်အလုပ်ကိုမဆို ကိုယ်တိုင်လုပ်ကြတော့ပါသတဲ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

## လေအိုးအလိုရှိသည်

တစ်ခါတုန်းက 'ဟေးဟိုး'မင်းသားလေးသည် အလွန်နေမကောင်းဖြစ်ပြီး ရက်သတ္တပတ်ပေါင်းများစွာ အိပ်ရာထဲလဲနေရရှာတယ်။ သူပိုကောင်းလာတာနဲ့ တစ်နေ့ကို မိနစ်အနည်းငယ် ထိုင်ခွင့်ရတယ်။ ဒါပေမယ့် အမြဲလိုထိုင်ခွင့်ထခွင့်မရတာ ဘယ်လောက်ငြီးငွေ့စရာကောင်းသလဲ။

"ငါ စာမဖတ်နိုင်ဘူး၊ စစ်သားရုပ်တွေနဲ့ ကစားလို့မရဘူး၊ ဉာဏ်စမ်းတွေနဲ့ ကစားလို့မရဘူး။ အမြဲလိုလိုပဲ . . . ငါမနေနိုင်တော့ဘူး၊ ငါသိပ်ငြီးငွေ့နေပြီ၊ ငါမပျော်တော့ဘူး"လို့ သူက စိတ်တိုတိုနဲ့ပြောတယ်။

"အရှင့်သားအနေနဲ့ ဂီတသေတ္တာရှိသားပဲ၊ အဲဒါကို မကြိုက်ဘူးလား" လို့ ကလေးထိန်းကပြောတယ်။

"ကြိုက်တယ်"လို့ မင်းသားလေးက ပြန်ဖြေတော့ ကလေးထိန်းက အဲဒါကို သူ့ဆီယူလာတယ်။ သူဟာ သေတ္တာရဲ့ အောက်ခြေက သော့ကိုလှည့်လိုက်တယ်။ သေတ္တာကို အိပ်ရာပေါ်တင်ပြီးထားလိုက်တော့ သေတ္တာက လှပတဲ့ တေးသွားလေးတွေ ထွက်လာပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အမြန်လည်နေတုန်းမှာ အရှင်သာ အဲဒါကိုမပိတ်ပါနဲ့၊ ကျွန်မ အရှင့်ကိုယ်စား ပိတ်ပေးပါ့မယ်"လို့ ကလေးထိန်းကပြောပါတယ်။

မင်းသားလေးဟာ ဂီတကိုလဲလျှောင်းရင်းနားဆင်ရှာတယ်။ အဲဒါကို သူနှစ်သက်တယ်။ ဒါပေမယ့် သိပ်မကြာခင်မှာ ဂီတသေတ္တာကို ထပ်လှည့်ပေးဖို့လိုလာပြန်ရော။ သူဟာ ကလေးထိန်းကို လှမ်းခေါ်တယ်။ ဒါပေမယ့် ကလေးထိန်းက မရှိဘူး။ သူ့အနေနဲ့ လဲရင်းနဲ့ ဘာမှ မလုပ်နိုင်လေတော့ ဘာမှ ထပ်နားထောင်လို့ မရဘူးပေါ့။ သူဟာ စိတ်တိုတိုနဲ့ ကန်ကျောက်လိုက်တော့ သေတ္တာဟာ အိပ်ရာပေါ်က ခွပ်ခနဲ ပြုတ်ကျသွားတယ်။ ဒုက္ခပါပဲ၊ ကျိုးသွားပြီလားမသိ။

ကလေးထိန်းပြန်ရောက်တော့ သေတ္တာကို ပြန်ကောက်တင်လိုက်တယ်။

"သေတ္တာကျသွားတာလား မင်းသားလေး၊ မကျိုးပါစေနဲ့လို့ မျှော်လင့်ရတာပဲ"လို့ ကလေးထိန်းကပြောတယ်။

ဒါပေမယ့် ကျိုးသွားတယ်ကွယ့်။ ဒီကိစ္စအတွက် မင်းသားလေးဟာ ဝမ်းနည်းပြီး ငိုပါလေရော။ ဒါဟာ ဘုရင်မင်းမြတ်ရဲ့ နိုင်ငံတော်မှာ အဖိုးတန်ဆုံးဂီတသေတ္တာလေးပဲလေ။

"စိတ်မပူပါနဲ့ အရှင့်သား၊ ကျွန်တော်မျိုးမ နောက်တစ်ခါရအောင် ကြိုးစားကြည့်ပါ့မယ်"လို့ ကလေးထိန်းကပြောတယ်။

အဲဒီနေ့လယ်ခင်း မင်းသားလေးဟာ အိပ်မလို့လုပ်တုန်း ပြတင်းပေါက်က တတောက်တောက်အသံ ကြားရတယ်။ ပြီးတော့ နားရွက်ရှည်ရှည် ခပ်သေးသေးခေါင်းတစ်ခုက ချောင်းကြည့်ပါတယ်။ အဲဒါကတော့ မင်းသားလေး နေကောင်းချိန်မှာ သူနဲ့ကစားလေ့ရှိတဲ့ မြင်းစာလေး 'မျက်ပြူး'ပါပဲ။

"တစ်မိနစ်တောင် မဆိုင်းမတွဘဲ ရှေ့တော်မှောက် ရောက်လာပါပြီ မင်းသားလေး"လို့ သူက ခပ်တိုးတိုးပြောတယ်။

"ပျင်းလိုက်တာကွာ"လို့ မင်းသားလေးကပြောပြီး ပါးပေါ်ကို မျက်ရည်တွေ စီးကျလာတယ်။

"ငါ့မှာ ဂီတသေတ္တာနှစ်ခုရှိတာ နှစ်ခုစလုံး ကျိုးသွားပြီကွာ။ သူတို့က ဂီတကိုပဲ ဖျော်ဖြေကြတာကွ။ ငါက ငါ့ကို စကားပြောမယ့် သေတ္တာမျိုးလိုချင်တာကွ။ ဂီတသေတ္တာလိုဟာမျိုးပေါ့၊ ဒါပေမယ့် ဂီတဖျော်ဖြေမယ့်အစား ငါ့ကို စကားပြောပြမယ့်ဟာမျိုးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ စကားပြောတဲ့ သေတ္တာမျိုး ကျွန်တော်ကြားဖူးပါ တယ်။ မင်းသားလေး မလိုချင်ဘူးလား၊ ကျွန်တော်မျိုး မင်းသားလေးအတွက် လေပေါတဲ့ 'လေအိုး'တစ်လုံး ယူလာပေးရမလား။ အဲဒီလေအိုးက စကားသိပ် များမယ်နော် . . . စကားတွေပြောပြီးရင်း ပြောနေတတ်တယ်လို့ ကြားဖူးတယ်"

မျက်ပြူးဟာ ပြတင်းပေါက်ကနေ ဆင်းလာတယ်။ သူဟာ ကြမ်းပြင် ပေါ် ခုန်ချရင်း အပြင်းအထန် စဉ်းစားနေလိုက်တာ နားရွက်တွေဘောင် ထောင် လာတယ်။ ငါရော သေတ္တာကို ဘယ်ကရနိုင်မလဲ။ စကားပြောတဲ့ လေအိုးမျိုး ကို ဘယ်ကရနိုင်မလဲ။

"အဲဒါ ဟောဟိုးတိုင်းပြည်မှာရှိတယ်လို့ ငါမကြားဖူးဘူး၊ ဒါပေမယ့် ကောင်လေးတွေနဲ့ ကောင်မလေးတွေရဲ့ တိုင်းပြည်မှာ ရှိနိုင်တယ်။ သူတို့မှာ ထူးဆန်းတဲ့ အရာမျိုးစုံရှိနေကြတာပဲဟာ၊ အဲဒီမှာ လေအိုးတစ်လုံးလောက်တော့ ငါဝယ်လို့ ရကောင်းပါရဲ့"

ဒါကြောင့် သူဟာ မင်းတို့ငါတို့ရဲ့ ကမ္ဘာကိုရောက်လာပြီး ဆိုင်တွေ ဆီ ထွက်လာပါသတဲ့ကွယ်။ သူဟာ သူ့ရဲ့မှင်စာနားရွက်တွေကို ဖုံးမိအောင် ဦးထုပ်အကြီးကြီးကို ဆောင်းပြီးထားတာမို့ လူအများက သူ့ကို ရယ်စရာ ကောင်လေးတစ်ယောက်လို့ပဲ ထင်ကြတယ်လေ။



"ဘာအလိုရှိသလဲ ကလေးရဲ့"လို့ အရုပ်ဆိုင်[illegible] က မေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီမှာ ဂီတသေတ္တာတွေပဲ၊ မလှည့်လိုက်နဲ့နော် . . . အသံထွက်လာတာပဲ၊ တစ်လုံးလောက် မဝယ်ချင်ဘူးလားကွယ်"

"ဟုတ်ကဲ့၊ ကျွန်တော်က ဂီတသေတ္တာကို လိုချင်တာမဟုတ်။ ကျွန်တော် တကယ်ရှာနေတာက စကားပြောမယ့် လေအိုးခင်ဗျ"လို့ မျက်ပြူးက ဖြေပါတယ်။

လူကြီးက ရယ်ပါလေရော။ "ဝါယောသေတ္တာ ဟုတ်လား၊ ရယ်စရာကောင်းလေးပဲ၊ ဆိုင်တွေမှာ ဝါယောသေတ္တာကိုမရောင်းဘူးဆိုတာ သိရဲ့သားနဲ့"

"ဒါဆို ဘယ်မှာရနိုင်မလဲခင်ဗျာ"လို့ မျက်ပြူးက မေးလိုက်တယ်။ လူကြီးက ထပ်ရယ်ပြန်တယ်။

"ကောင်းပြီ၊ မင်း အဲဒီသေတ္တာက စကားပြောသံကို နားထောင်ချင်ရင်တော့ ဒီတောင်ကုန်းပေါ်က ခန်းဆီးအနီနဲ့ အိမ်ကိုတက်သွား။ 'ပေါ်လီ'လို့ ခေါ်တဲ့ ကောင်မလေးတစ်ယောက်ကို တွေ့လိမ့်မယ်။ သူဟာ လေအိုးပဲကွ။ နေ့ရောညပါ မရပ်မနားပဲ စကားပြောနေတာကွ"

"ကျေးဇူးပါပဲ"လို့ မျက်ပြူးကပြောတယ်။ ကောင်မလေးတစ်ယောက်ဟာ လေအိုးတစ်လုံး ဖြစ်တာကို သူအံ့သြနေမိတယ်။

"သူပြောတာကို ငါသွားနားထောင်ဦးမှ၊ သူဟာ ငါအလိုရှိတဲ့ဟာ ဖြစ်နိုင်တယ်"

ဒါကြောင့် သူဟာ ခန်းဆီးအနီနဲ့အိမ်ကို ထွက်လာခဲ့တယ်။ သူဟာ ဖွင့်ထားတဲ့ ပြတင်းပေါက်တစ်ခုနား ရောက်လာပြီး ရပ်နားထောင်နေလိုက်တယ်။ သိပ်မဝေးတဲ့နေရာက ချိုသာတဲ့အသံလေး ရောက်လာပါရော။

"မေမေရယ်၊ ကြောင်လေးက သိပ်လိမ္မာတာပဲ။ သူက ညောင် ညောင် နဲ့အော်တော့ သမီးမှာ သဘောကျလိုက်ရတာ၊ ဒါကြောင့် နို့သမားဆီသွားပြီး နို့တစ်ခွက်တောင်းရတယ်၊ ဒါပေမယ့် သမီးပြန်ရောက်လာတော့ ကြောင်လေးက သွားရှာပြီ။ ဒါကြောင့် သမီးက တွေ့တဲ့ခွေးတစ်ကောင်ကို နို့တိုက်လိုက်



ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီခွေးက အတော်ဆိုးတယ်။ နို့သမားကပေးလိုက်တဲ့ခွက်ကို သူခွဲပစ်တာ အဲဒါနဲ့ . . .”

“ပေါ်လီရယ်၊ လေပေါတာကို ခဏရပ်လိုက်စမ်းပါ၊ ငါ စာဖတ်မလို့ပါ”လို့ တခြားအသံတစ်ခုကပြောတယ်။

“အို . . . မေမေရယ်၊ ဘာတွေဖတ်နေတာလဲ၊ စိတ်ဝင်စားစရာကောင်းမှာပဲနော်၊ သမီးကို ပြောပြပါလား၊ သမီးက စကားသိပ်မပြောချင်ပါဘူး၊ ဒါပေမယ့် ဩော် . . . ဩော် . . . မနေ့က သမီးဖတ်ခဲ့တာကို အမေ့ကို ပြောပြရဦးမယ်။ အမေသိလား . . . သမီးဖတ်တဲ့ စာအုပ်ထဲမှာလေ . . .” လို့ ပေါ်လီ့အသံ ပေါ်လာတော့ . . .

“တိတ်ပါတော့ ပေါ်လီရယ်”လို့ သူ့အမေကပြောပါတယ်။

“ငါ့ဘဝမှာ နင့်လို လေအိုးတစ်ယောက်ကို မတွေ့ဖူးဘူး”

“အမေရယ်၊ သမီးဒီလောက်လေးပြောတာကို ဘယ်သူမှ နားမထောင်ချင်ကြတော့ဘူးလား”လို့ ပေါ်လီက ညည်းညူရင်း ဆက်ပြောတယ်။ ကောင်းပြီလေ၊ ဒါဆို သမီးအရုပ်မတွေကိုပဲ ပြောပြတော့မယ်။ အန်ဂျလာ ဒီကိုလာစမ်း၊ ကောင်းကောင်းထိုင်စမ်း၊ ဟုတ်ပြီ . . . ငါမင်းကို မျက်လုံးတွေ ဖွင့်လိုက်ပိတ်လိုက်လုပ်တဲ့ အရုပ်မအကြောင်း ပြောပြရမလား၊ ပြီးတော့ . . .”

“ပေါ်လီ . . . ခဏလောက် စကားပြော်တာ ရပ်မထားနိုင်ဘူးလား” လို့ အမေက အော်ပါလေရော။ “တစ်နေ့လုံး ပွစိပွစိနဲ့ လေပေါနေတာပဲ . . . အိပ်တာတောင် ပြောချင်နေတုန်း။ တိတ်နော် . . . နင်ဟာ လေအိုးပဲဟဲ့”

မျက်ပြူးမှာ အကြီးအကျယ် စိတ်ဝင်တစားနဲ့ နားထောင်နေမိတယ်၊ သူဟာ အရုပ်မလေးမျက်လုံးပိတ်ရင် ဘာဖြစ်မယ်ဆိုတာ သိချင်နေတယ်၊ သူဆိုရင် ပေါ်လီပြောတာကို တစ်နေ့လုံး နားထောင်နိုင်မှာပဲလို့ တွေးမိတယ်၊ ချစ်စရာလေအိုးလေးပဲ၊ သူဟာ ခန်းဆီးနောက်မှာပုန်းပြီး ပေါ်လီ့အမေ ထွက်သွားချိန်ကို စောင့်နေလိုက်တယ်။

မကြာခင်ဘဲ သူ့အမေ မီးဖိုချောင်ထဲ ဝင်သွားတော့ မျက်ပြူးဟာ ပုန်းနေရာက ထွက်လာပြီး ဒီလေအိုးကောင်မလေးဟာ ဘယ်လိုလဲဆိုတာ [illegible] စားမိနေတယ်။ သူဟာ အိုးကြီးတစ်ခုထဲမှာ နေတာများလား၊

မဟုတ်ပါဘူး။ သူဟာ သာမန်ရိုးရိုး မိန်းကလေး [illegible] တစ်ခုကို ကလေးထိန်းတမ်း ဆော့နေတယ်။ သူက မျက်ပြူး [illegible] ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးရယ်၊ ကျွန်တော်နဲ့အတူ လိုက်စေချင်ပါတယ်"လို့ မျက်ပြူးက ပြောလိုက်တယ်။

"ကျွန်တော်က ပေါ်ပေါ်မင်းသားလေးဆီ ယူသွားဖို့ လေအိုးကို ရှာဖွေနေတာပါ။ သူ့ခမျာ နေမကောင်းဖြစ်ပြီး ငြီးငွေ့နေရှာတယ်၊ မင်းစကားပြောတာကို သူနားထောင်ဖို့ နှစ်သက်မှာပါကွယ်"

"ဒါပေမယ့် ကျွန်မက ရှင်နဲ့မလိုက်ချင်ဘူး၊ ရှင်အတင်းခေါ်နေရင် ကျွန်မအမေကို အော်ခေါ်လိုက်မယ်နော်"လို့ ပေါ်လီက အလန့်တကြား ပြောတယ်။



မျက်ပြူးဟာ သူ့အမေကိုလှမ်းခေါ်ခွင့်မပြုပါဘူး။ သူဟာ မှော်စကားလုံးအနည်းငယ် ထပ်ရွတ်လိုက်တော့ ပေါ်လီဟာ ခေါင်းငိုက်စိုက်ကျပြီး စားပွဲပေါ် အိပ်ပျော်သွားပါလေရော။ မျက်ပြူးဟာ သူ့ကို မှော်အစွမ်းနဲ့ လုပ်လိုက်တော့ သူလေးဟာ အရုပ်မလေးလောက် သေးငယ်သွားရပါတယ်။

မျက်ပြူးဟာ သူ့ကိုထည့်သွားဖို့ တစ်ခုခုကို လှည့်ပတ်ကြည့်လိုက်တော့ အခန်းထောင့်မှာ သေတ္တာတစ်လုံးကို တွေ့ပါတယ်။ သူဟာ ပေါ်လီလေးကိုမပြီး သေတ္တာထဲ ဂရုတစိုက် ထည့်လိုက်တယ်။ သူ အသက်ရှူနိုင်ဖို့ သေတ္တာကို အပေါက်လေးတွေ ဖောက်ပေးလိုက်တယ်။ ပြီးတော့ သေတ္တာကို လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com





မှာပိုက်ပြီး အခန်းထဲက ပြေးထွက်လာပါတယ်။ သိပ်မကြာလိုက်ဘဲ သူဟာ နန်းတော်ကို ပြန်ရောက်လာပြီး ပြတင်းပေါက်ကို ကျော်ဝင်လိုက်တယ်။ သူဟာ သေတ္တာကို အိပ်ရာပေါ်တင်ပြီး မင်းသားလေးကို သွားဖြပြလိုက်တယ်။

"ကျွန်တော်မျိုး မင်းသားလေးအတွက် လေအိုးကို သယ်လာပါပြီ၊ လေအိုးဟာ သေတ္တာထဲမှာ ရှိပါတယ်အရှင့်သား၊ သူဟာ အိပ်ပျော်နေပါတယ်၊ [illegible] ဒါပေမယ့် နိုးလာတာနဲ့ တစ်နေ့လုံး စကားပြောပါလိမ့်မယ်"

ဟုတ်ပ၊ ပေါလီဟာ နိုးလာတော့ စကားတွေ ပြောပါတယ်။ သူဟာ သေတ္တာထဲက ထွက်ချင်ပေမယ့် ထွက်လို့မရတာမို့ စကားတွေ ခပ်သွက်သွက် ပြောပါလေရော။

"ကျွန်မ ထွက်ပါရစေ၊ ကျွန်မကို ဒီထဲမှာ ထိန်းသိမ်း[illegible] ရားပါဘူး။ ကျွန်မကိုယ်ကျွန်မ ပိတ်ထားတဲ့ သေတ္တာထဲက [illegible] ဘာလိုလို ခံစားရတယ်ရှင့်၊ ကျွန်မ ဒီလိုနေရတာကို [illegible] တွေ ဘယ်လိုခံစားရသလဲဆိုတာ ကျွန်မ သိပါပြီ၊ ကျွန်[illegible]



www.burmeseclassic.com

www.burmeseclassic.com





တွေကို သေတ္တာထဲ ထည့်မပိတ်ခဲ့ပါဘူး၊ အဖုံးဖွင့်ပေးထားခဲ့ပါတယ်။ ဒါပေမယ့် စာကလေးတွေ ရောက်လာကြတာကို ကျွန်မ မသိလိုက်ပါဘူး၊ သူတို့က ကျွန်မ ချစ်တဲ့ တီကောင်လေးတွေကိုမြင်ပြီး မျိုချသွားလိုက်ကြတာ အကုန်ကုန်ပါလေ ရော၊ အဲဒီမှာ ကျွန်မ ရောက်လာပြီး . . ."

မင်းသားလေးဟာ ရှင်မြူးစွာ နားထောင်နေတယ်။

"ချစ်စရာလေးအိုးလေးပဲ၊ ငါ့သဘောကျတော်မူတယ်၊ ဆက်ပြောစမ်း လေအိုးလေး"

"ရှင်ဘယ်သူလဲ၊ ကျွန်မသိချင်တယ် . . . ကျွန်မကို ဒီလိုပြောနေတာ ဘယ်သူလဲ"လို့ ပေါ်လီက ဒေါသတကြီး ပြောလိုက်တယ်။

"ရှင် ကျွန်မကို ဒီသေတ္တာထဲက ထွက်ခွင့်ပေးပါ၊ စွပ်ပြုတ်အနံ့လဲ ရပါလား၊ ပန်းရနံ့လဲ ရတယ်၊ ကျွန်မမွေးနေ့တုန်းက အဘွားပေးခဲ့ဖူးတဲ့ ပုလင်းလေးက အနံ့မျိုး၊ အဘွားက ဝက်ဝံရုပ်လေးလဲ ပေးသေးတယ်။ ဒါပေ မယ့် သူက ထွားမလာဘဲ ရုပ်တရက်ပျောက်သွားတယ်၊ တစ်ယောက်ယောက် အလစ်သုတ်သွားတာပဲ ဖြစ်ရမယ်၊ သနားစရာနော် . . ."

"တကယ်ကို ချစ်စရာကောင်းတဲ့ လေအိုးလေးပါလား၊ မနားတမ်းကို ပြောနေတော့တာပဲ၊ ကျွန်တော် ကြိုက်တယ်ဗျ"

ကောင်းပြီလေ၊ တစ်နေ့လုံးနဲ့ ညတစ်ဝက်လုံး ပေါ်လီဟာ လေပေါ နေ[illegible]ဘယ်။ သူဟာ သိပ်ဆာလှပြီ၊ ဒါပေမယ့် လေအိုးဟာလဲ ဂီတသေတ္တာလိုပဲ အ[illegible]လေ့ဘူးဘဲ ထင်နေကြတယ်လေ။

နံနက်ရောက်တော့ ပေါ်လီဟာ နိုးလာပြီး မအီမသာဖြစ်ကာ သိပ်တို ဆာနေရှာတယ်။ သူဟာ သေတ္တာထဲမှာ ရုန်းကန်ပြီး ကျယ်လောင်စွာ ကြွေး တော့တယ်။ "ကျွန်မ အပြင်ထွက်ပါရစေ၊ ကျွန်မကိုဒီနေရာမှာ ဘာကြောင့် ထားရတာလဲ၊ ဘာလို့ အကျဉ်းချထားရတာလဲ၊ ကျွန်မ အိမ်ပြန်ချင်တယ်၊ နံနက်စာ စားချင်တယ်၊ အမေနဲ့ တွေ့ချင်တယ်၊ ထွက်ပါရစေရှင်"



www.burmeseclassic.com

www.burmeseclassic.com





"မင်းက အသက်ရှိလို့လား၊ မင်းက လေအိုးပဲ မဟုတ်လား၊ ဒါမှ မဟုတ် တစ်ယောက်ယောက်လား"လို့ မင်းသားလေးက အော်မေးတယ်၊

"ကျွန်မက တစ်ယောက်ယောက်ပါရှင်၊ ကျွန်မနာမည် ပေါ်လီကျူး... ကျွန်မ အိမ်ပြန်ချင်ပါတယ်၊ ထွက်ပါရစေ ကျွန်မကို ဘာလို့ ဒီမှာထားရတာလဲ" လို့ ပေါ်လီက အော်ပြောပါတယ်။

မျက်ပြူးရောက်လာတော့ မင်းသားလေးက စိတ်ပူစွာ [illegible] ကို တွေ့ရပါတယ်။

"ငါ့လေအိုးက အရုပ်မဟုတ်ဘူးကွ၊ လူအစစ်ပဲ [illegible] ကောင်းမယ်"လို့ သူကပြောပါတယ်။

"တကယ်ပဲ လူအစစ်ပဲလေ"လို့ မျက်ပြူးက [illegible]



www.burmeseclassic.com

www.burmeseclassic.com



"သူက ပေါ်လီလို့ခေါ်တဲ့ ကောင်မလေးပဲ၊ ထူးဆန်းတဲ့ လေအိုးလေးပေါ့။ သူ့ကို ကျွန်တော်ကဖမ်းပြီး သေးအောင်လုပ်လို့ ဒီသေတ္တာထဲ ထည့်ပိတ်ကာ မင်းသားကို စကားပြောပြဖို့ ယူလာတယ်လေ၊ သူက မရပ်မနား ပြောတာကိုး၊ သူ့လျှာဟာ ဘယ်တော့မှ မတည်ငြိမ်ဘူးခင်ဗျ၊ သူ့ပိုကောင်းမလာမချင်း သူ့ကို သေတ္တာထဲမှာ ထိန်းသိမ်းထားရမှာပဲ။ ဒီနေ့တော့ သူ့အတွက် သေတ္တာထဲကို ပေါင်မုန့်နည်းနည်း ထည့်ပေးလိုက်တာပေါ့"

ပေါ်လီဟာ အားလုံးကို ကြားရတယ်။ သူဟာ ထိတ်လန့်လွန်းလို့ ကြက်သေ သေသွားတယ်။ ဘယ်လို၊ သူ့ကိုသေးအောင်လုပ်ပြီး ဒီသေတ္တာထဲ ထည့်ကာ တစ်စုံတစ်ယောက်ကြည့်ရှုအောင် အကျဉ်းချထားတယ် ဟုတ်စ။ ဒါဆို ဘာတစ်ခွန်းမှ မပြောဘဲနေမှပဲ။

ဒါကြောင့် သူဟာ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး လုံးဝဆိတ်ဆိတ်နေလိုက်တယ်။

"ပြောစမ်း"လို့ မင်းသားလေးက သေတ္တာကိုခေါက်ပြီး အော်ပြောတယ်၊

"လေပေါလိုက်စမ်း၊ ငါ့ကိုပြောပြစမ်း"

သေတ္တာကနေ ဘာသံမှ ထွက်မလာပါဘူး။ မျက်ပြူးကလဲ သေတ္တာကို ပုတ်ကြည့်တယ်။

"လေပေါစမ်း၊ ပြောစမ်း၊ ပြောလိုက်စမ်း"လို့ အမိန့်ပေးတယ်။ ဘာသံမှထွက်မလာပါဘူး။ ဘာစကားမှ ထွက်မလာဘူး။ မျက်ပြူးဟာ သေတ္တာကို ဖွင့်ပြီး အထဲကိုကြည့်လိုက်တယ်။

"သံပတ်ကုန်သွားတာ ဖြစ်နိုင်တယ်၊ သူ့ကို သံပတ်ပေးလိုက်ရမလား ကွ"လို့ မင်းသားလေးကပြောတယ်။

"မရဘူး၊ သူ့မှာ သော့မှမရှိတာ၊ သူမကြာခင် စကားပြန်များမယ်ထင်တာပဲ"လို့ မျက်ပြူးကပြောပါတယ်။

ဒါပေမယ့် ပေါ်လီက မပြောတော့ပါဘူး။ သူဟာ သေတ္တာထဲ အလှောင်ခံရမှာကို လန့်နေပြီ။ သူ့အနေနဲ့ စကားတစ်ခွန်းမှ မပြောတော့ရင် မျက်ပြူးက သူ့ကို အိမ်ပြန်ပို့လိမ့်မယ်လို့ မျှော်လင့်ထားမိတယ်။

ဟုတ်ပါတယ်၊ ဒီအတိုင်းပါပဲ။ သူဟာ ပေါ်လီကို သေတ္တာထဲက ဆွဲထုတ်ပြီး နဂိုအရွယ်အတိုင်းဖြစ်အောင် ပြန်လုပ်ပေးလိုက်တယ်။ ပေါ်လီဟာ ဝမ်းသာသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အို၊ ကျေးဇူးတင်လိုက်တာရှင်။ သေတ္တာထဲ လေအိုးအဖြစ် ထည့်ထား ခံရတာ ကြောက်စရာပါပဲ။ အရင်က ဒီလောက်တိတ်ဆိတ်ပြီး မနေဖူးခဲ့ဘူးရှင်၊ ရှင်တို့က ကျွန်မအပေါ် အတော်ဆိုးတာပဲ၊ ကျွန်မ စကားထပ်မများတော့ပါဘူး ရှင်"လို့ ပေါ်လီက အော်ပြောတယ်။

"သြ . . . မင်းက စကားထပ်ပြောနေပြန်ပြီ၊ မင်းကို ပြန်သေးသွား အောင်လုပ်လိုက်ရမလား"လို့ မျက်ပြူးက ရွှင်မြူးစွာ ပြောလိုက်တယ်၊

"မကောင်းပါဘူးရှင်"လို့ ပေါ်လီက ပြောရှာတယ်။

"ကျွန်မအနေနဲ့ ပါးစပ်ပိတ်ပြီး စကားတစ်ခွန်းမှ မဆိုသင့်တော့ဘူး ဒါပေမယ့် ရှင်တို့ ကျွန်မကို လမ်းပြဖို့ သဘောတူတယ်ဆိုရင် မနက်ဖြန်ကျရင် မင်းသားလေးဆီလာပြီး သူ့အပျင်းပြေအောင် စကားလာပြောပေးပါ့မယ်၊ ဒါပေမယ့် ကျေးဇူးပြုလို့ နောက်တစ်ခါ သေတ္တာထဲ မထည့်ပါနဲ့တော့ရှင်"



ဒါကြောင့် သူဟာ မင်းသားလေးထံ အလည်သွားပြီး [illegible] ကာ အတူကစားတဲ့အတွက် မင်းသားလေးအဖို့ ငြီးငွေ့မှု ပိုလျော့[illegible] တယ်။

ပေါ်လီကတော့ အဲဒီနောက် အိမ်မှာ [illegible] သူ့အမေက

www.burmeseclassic.com



"ပေါလီနော်၊ လေအိုးမလုပ်နဲ့"လို့ တစ်ခွန်းတည်း ပြောလိုက်တာနဲ့ ပေါလီဟာ ပါးစပ်ပိတ်သွားပြီး စကားတစ်ခွန်းမှ မဆိုတော့ဘူး။ သူဟာ သူ့အမေ ဆန္ဒရှိတဲ့အတိုင်း တိတ်တိတ်လေး နေပါတော့တယ်။

မင်းတို့ရော လေအိုးပဲလားကွယ်။ ဟုတ်ရင်တော့ မျက်ပြူးအတွက် အတော်ပဲပေါ့။ သူက အဲဒီလို လေအိုးတွေကို မင်းသားလေးဆီ ခေါ်သွားဖို့ သိပ်သဘောကျတယ်ကွယ့်။ အဲဒါကို မင်းတို့သဘောတူကြပါရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com

# ဝဋ္ဋိရက်ကြေးမုံ

ဂျနီဖာဟာ ခုန်ထလိုက်တယ်။ သူဟာ အိပ်ရာက ထိုင်လိုက်တယ်။ အောင်မယ်၊ ဒါ ဘာသံတွေပါလိမ့်။

သူဟာ သူ့အစ်ကိုအိပ်ရာဆီသွားပြီး သူ့ကိုနှိုးလိုက်တယ်။

"ဘန်ဂျီရေ၊ ထတော့အစ်ကိုရဲ့၊ အသံတွေ ဆူနေတယ်"

ဘန်ဂျီဟာ အလန့်တကြား ထထိုင်လိုက်တယ်။ ခေါင်းလောင်းသံဆွေ မြည်နေပါလား၊ တစ်ယောက်က ထရမ်းပက်ကို မှုတ်နေတယ်၊ မောင်းထုသံတွေလဲ အကျယ်ကြီးကြားရပါတယ်။

"ဂျနီဖာရေ . . . တို့အတော်တုံးတာပဲ၊ လူတွေက နှစ်သစ်ကို ကြိုတဲ့အသံတွေပါဟ"လို့ နောက်ဆုံးမှာ ဘန်ဂျီကဆိုတယ်။

"အမေ ငါတို့ကို ပြောပြခဲ့သားပဲ၊ လူတိုင်းက ခေါင်းလောင်းတီးပြီး ညလယ်မှာ မောင်းတွေထုကြသတဲ့လေ"

"အမေပြောသားပဲ . . . ညီမဟာ မေ့နေတာ၊ ဘုရားရေ၊ အလန့်တကြားပါလား" လို့ ဂျနီဖာကပြောတယ်။ သူမဟာ အိပ်ရာကထပြီး စောင်ခြုံထားရင်းနဲ့ ပြတင်းပေါက်ကို မှီလိုက်တယ်။


"အလင်းရောင်တွေက နေရာအနှံ့ပါလား၊ လူတွေကလဲ မီးအိမ်တွေ ဓာတ်မီးတွေနဲ့။ မစ္စတာဘာရောင်းက မောင်းကိုထုနေတယ်တော့။ မစ္စတာ ထရန့်ကတော့ ထရမ်းပက်မှုတ်နေတယ်ထင်တယ်၊ ညလယ်မှာပျော်စရာပဲနော်"

ပြီးတော့ သူဟာ အလန့်တကြား ထခုန်လိုက်တယ်။ သူ့နားထဲကို အသံတစ်ခု ဝင်လာလို့လေ။

"ခွင့်ပြုပါ ခဏလောက်ဝင်ပါရစေ၊ သူတို့က ငါ့ကို ကြိုနေတယ်လို့ ထင်နေကြတယ်၊ တကယ်တော့ ငါက ကြောက်နေပြီ" ဂျနီဖာဟာ နောက်ဆုတ်ရင်း အလန့်တကြားနဲ့ ကြည့်လိုက်တယ်။ ပြတင်းပေါက်အမြင့်ဘောင်က သစ်ပင်မှာ ထိုင်နေတာ ဘယ်သူလဲ။ သူမဟာ မကြာခင် နားလည်သွားတယ်၊

www.burmeseclassic.com





ကလေးနဲ့တူတဲ့ တစ်စုံတစ်ယောက်ပါ၊ ဆံပင်တွေ တွန့်လိမ်ပြီး ခါးနဲ့ ဒူးမှာ အဖြူရောင်ကြိုးကို စည်းထားတယ်။ ဘန်ဂျီဟာ သူ့ကို အံ့သြတကြီး စိုက်ကြည့်နေမိတယ်။

"ဘာကြောင့် ခင်ဗျားဟာ မနေ့က သတင်းစာတွေထဲမှာ ကျွန်တော် မြင်ခဲ့ရတဲ့ 'နှစ်သစ်'ပုံလေးနဲ့တူနေရတာလဲ"လို့ ဘန်ဂျီက မေးလိုက်တယ်။

"ငါက နှစ်သစ်လေးကိုယ်တိုင်ပဲကိုး"လို့ ကလေးနဲ့တူတဲ့သူကဖြေပါတယ်၊ "ငါဟာ အခုတော့ ငယ်သေးတယ်၊ ဒါပေမယ့် နောက်ခရစ္စမတ်ကျ မြင်တဲ့အခါ ငါ့ကို ခရစ္စမတ်ဘိုးဘိုးလောက် အိုစာပြီလို့ မင်းတို့တွေးကြမှာပဲ၊ နှစ်သစ်တစ်ခုကနေ ပေါက်ဖွားလာတဲ့ငါ့အဖို့တော့ ဆယ့်နှစ်လဆိုတာ အို ... အဖိုးတန်တဲ့အချိန်ကာလပဲ။ ဆယ့်နှစ်လအတွင်း ငါ့မှာရှိတာတွေ အကုန်သွားတုန်တာပဲ"

"ဘယ်လိုဖြစ်သွားရတာလဲ၊ ရှင်သိသလား၊ ဒီမှာ . . . စောင်လာခြုံထားလေ၊ ရှင်အေးနေမှာပေါ့"လို့ ဂျူနီဖာက အံ့သြစွာနဲ့ ပြောလိုက်တယ်။

"ရပါတယ် . . . ငါမအေးပါဘူး"လို့ လူကလေးက ပြန်ဖြေပြီး အိပ်ရာစပ်မှာ ထိုင်ချလိုက်တယ်။

"အေးကွာ၊ ဘာဖြစ်နေသလဲ ငါလဲ အတိအကျ မသိပါဘူးကွာ၊ ဒါပေမယ့် ကမ္ဘာ့ရကြေးမုံက လုပ်တာလို့တော့ ငါပြောရဲတယ်"

"ကမ္ဘာ့ရကြေးမုံ ဟုတ်လား၊ ခင်ဗျားမှာ အဲဒါရှိသလား"လို့ ဘန်ဂျီက အော်မေးလိုက်တယ်။ "ကြည့်ပါရစေ၊ ပြမှာလားဗျ။ နောက်နှစ် ဘာတွေဖြစ်မှာလဲဆိုတာ သိရမလား"

"ဖြစ်ပါတယ်"လို့ နှစ်သစ်က ပြောလိုက်တယ်။ သူဟာ ခပ်ဝိုင်းဝိုင်း မှန်သေးသေးလေးကို အင်္ကျီထဲကထုတ်ပြီး ကလေးတွေကို ကိုင်ပြတယ်။

"ဒါပဲကွ၊ မှန်ထဲကိုကြည့်လိုက်တာနဲ့ နှစ်သစ်မှာ ဘာဖြစ်မလဲဆိုတာ တွေကို ပြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို၊ ကြည့်ပါရစေရှင်"လို့ ဂျနီဖာကပြောပြီး မှန်ကို စိတ်လှုပ်ရှားစွာ ကြည့်လိုက်တယ်။

"အစ်ကိုလဲကြည့်လေ ဘန်ဂျီ၊ ကျွန်မတို့ အတူကြည့်ကြတာပေါ့၊ ပျော်စရာ မကောင်းလား၊ မှန်က သိပ်တောက်ပတာပဲနော် . . . ကြေးမုံတစ်ချပ်ကို ကြည့်ရတာနဲ့ မတူဘူးလား၊ ပြတင်းပေါက်တစ်ခုကို ဖြတ်ကြည့်ရသလိုပဲ" လို့ ဂျနီဖာက ဆူးဆူးရှရှအော်ဟစ်ရင်း ပြောပါတယ်။



"အို၊ ဘန်ဂျီရယ် . . . အစ်ကို့ကို မှန်ထဲမှာ မြင်ရတယ်၊ ရေခဲပေါ်မှာ လျှောစီးနေတယ်။ အို . . . သွားပါပြီ၊ ရေခဲပြင်အက်ကွဲပြီး ရှင်အထဲကျသွားတယ်။ ဘန်ဂျီ . . . ဘန်ဂျီရေ . . .၊ ဘာဖြစ်တာလဲ"

ရုပ်ပုံဟာ မှုန်ဝါးပြီး ပျောက်ကွယ်သွားတယ်။ ဘန်ဂျီဟာ ပူပန်စွာ ကြည့်နေမိတယ်။ နောက်ထပ်ပုံပေါ်လာပြန်တယ်။ ဒီတစ်ခါ ဂျနီဖာအလှည့်၊ ဟော . . . ဟော . . . သူဟာ မျက်နှာမှာ အစက်တွေနဲ့ အိပ်ရာထဲ လဲနေတယ်။ သူဟာ အလွန်စိတ်ဆင်းရဲစွာ ကြည့်နေမိတယ်။

"ကြည့်စမ်း၊ ဟိုမှာ နင့်ပုံပါလား ဂျနီဖာ၊ နင့်ကြည့်ရတာ ဝက်သက် ဒါမှမဟုတ်ရင် တစ်ခုခုတွေပေါက်ပြီး အိပ်ရာထဲလဲ နေမကောင်းဖြစ်နေပါလား ငါတော့ သဘောမကျဘူး"လို့ ဘန်ဂျီကပြောပါတယ်။

နောက်ပုံတစ်ပုံ ပေါ်လာတယ်။ ဘန်ဂျီနဲ့ ဂျနီဖာတို့ဟာ အတူတူ [illegible] နေတယ်။ သူတို့နောက်ကို လယ်သမားလိုမျိုး ဒေါသထွက်နေတဲ့ လူကြီး[illegible] ယောက် လိုက်ဖမ်းနေတယ်။ အောင်မယ်လေး၊ ဆိုးသထက်ဆိုးလာ[illegible]

နောက်တစ်ပုံ ပေါ်လာပြန်တယ် . . . ဘန်ဂျီဟာ မျက်[illegible] ပေါက်ကျပြီး စာမေးပွဲကျကြောင်းပါတဲ့ စာတစ်စောင်ကို ကိုင်ထား[illegible]တယ်၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တော့ ပါတီပွဲဝတ်စုံနဲ့ ဂျနီဖာဟာ လက်မှာပတ်တီးတွေနဲ့ . . .၊ သူမြတ်နိုး
ဝတ်စုံက မီးကျွမ်းပြီး လောင်သွားလို့ ရှိုက်ကြီးတငင် ငိုကြွေးနေရတယ်။

"အို၊ ထပ်မပြောပါနဲ့တော့ရှင်၊ ကျွန်မ မကြည့်ရဲတော့ဘူး။ ပုံ
အားလုံးက မကောင်းတာတွေချည်းပဲ။ ဒါတွေအားလုံး ဖြစ်လာမှာမဟုတ်ဘူး
မဟုတ်လား"လို့ ဂျနီဖာကပြောလိုက်တယ်။

"ဖြစ်လာမှာ၊ ဖြစ်လာမှာတွေပဲ"လို့ နှစ်သစ်လူလေးက ပြန်ပြော
တယ်။ သူကလဲ ကြေးမုံကို စောင့်ကြည့်နေလိုက်တယ်။

"ဒါတွေအားလုံး မဖြစ်ချင်ဘူးဆိုရင်တော့၊ အဲဒါဟာ မင်းတို့အပေါ်
မှာ လုံးဝမူတည်နေတယ်။ ဘန်ဂျီကသာ အဖေ့စကားကိုနားထောင်ပြီး ရေ
ပေါ်လျှောမစီးခဲ့ရင် ရေကန်ထဲ လိမ့်ကျမှာမဟုတ်ဘူး"



"ဒါဖြင့်ရင် ကျွန်မ ဝက်သက်တွေကရော"လို့ ဂျနီဖာက ဝင်မေးတော့
"အေးလေ . . . မင်းကလည်း နေမကောင်းဖြစ်နေတဲ့ သူငယ်ချင်းနဲ့
သွားမကစားရင် ဘယ်ဖြစ်မလဲ"လို့ နှစ်သစ်ကဖြေတယ်။

"မင်းလုပ်ရင်တော့ သူ့ဆီက ဝက်သက်တွေ မင်းဆီကိုကူးမှာ မလွဲ
မသွေပဲ၊ ဒါဆို မင်းလဲ အိပ်ရာထဲလဲမှာပဲ။ လယ်သမားတစ်ယောက် မင်းတို့
ကိုလိုက်ဖမ်းနေတဲ့ပုံ မြင်ရသလား . . . ဒါလဲ မင်းတို့က သူ့ခြံတံခါးတွေကို
ဖွင့်ထားပစ်ခဲ့ရင် ဒါမှမဟုတ် သူ့ဘဲတွေကို ခဲနဲ့ပေါက်ခဲ့ရင် လိုက်အဖမ်း ခံရ
မှာပဲ။ မင်းတို့သာ မိုက်မဲပြီး မယဉ်ကျေးရင် ဒါတွေဖြစ်မှာပဲပေါ့"

"ကျွန်တော် သိပြီ၊ ကျွန်တော်ငိုနေရတာ စာမေးပွဲကျလို့ မဟုတ်လား၊
ကျွန်တော် စာမေးပွဲမအောင်တော့ဘူးလား၊ ကျွန်တော် သိပ်အောင်ချင်တာ"လို့
ဘန်ဂျီကပြောတယ်။ "အေးလေ၊ မင်းအနေနဲ့ အပြင်းအထန် ကြိုးစားရင်တော့
အောင်မှာပေါ့၊ မကြိုးစားရင်တော့ ပုံထဲကအတိုင်း ပျင်းရိတဲ့အတွက် စာမေးပွဲ
ကျပြီး ဝမ်းနည်းရမှာပဲ"လို့ နှစ်သစ်ကပြန်ဖြေတယ်။

"နောက်ဆုံးပုံကရော ကျွန်မလက်နာပြီး ကျွန်မအဝတ်အစားအားလုံး
မီးကျွမ်းလောင်သွားသတဲ့၊ ဘာဖြစ်တာလဲရှင့်"လို့ ဂျနီဖာက ...ရိမ်တကြီး မေး
ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါထင်တာကတော့ မင်းဟာ မီးခြစ်နဲ့ ကစားမိပြီး ကိုယ့်ဘာသာ ပြန်လောင်သွားပုံရပါတယ်"လို့ နှစ်သစ်ကပြောတယ်။


"ဒါပေမယ့် သိပ်မပူပါနဲ့၊ ဒီကိစ္စတွေ မဖြစ်သေးပါဘူး"

"ဒါပေမယ့် ဖြစ်တော့မှာရှင့်၊ မဟုတ်လား"လို့ ဂျနီဖာကပြောပြီး ငိုပါ လေရော။

"မှန်ထဲမှာ ပုံပေါ်နေပြီရှင့် . . ."

"မင်းတို့က မှန်ရဲ့တစ်ဖက်ကိုပဲ ကြည့်တာကိုး"လို့ နှစ်သစ်လူလေး ကပြောပြီး ကြေးမုံကို တခြားဘက်ကို လှည့်ပြလိုက်တယ်။ ကြေးမုံရဲ့ တစ်ဖက် မျက်နှာပြင်ဟာ သပ်ရပ်ပြီး ဟင်းလင်းဖြစ်နေတယ်။

"ဟောဟောကဟာတွေက မင်းတို့အတွက် တစ်နှစ်တာမကောင်းတာ တွေပါ၊ ဟောဒီဘက်ကတော့ ကောင်းတာတွေလေ"



ကလေးတွေဟာ ရုပ်ပုံတွေ ထပ်ပေါ်လာတာကို စောင့်ကြည့်နေ တယ်။ ဂျင်နီရယ်မောပြီး ပါတီပွဲမှာ ကနေပုံ၊ ဘန်ဂျီက တိရစ္ဆာန်ရုံကဆင်ကြီး ကို စီးနေပုံ၊ သူတို့နှစ်ယောက်လုံး ကျောင်းမှာဆုတွေရပုံ၊ ဘန်ဂျီက စာမေးပွဲ အောင်လို့ လက်ခုပ်လက်ဝါးတီးနေပုံ စတဲ့ ပျော်ရွှင်ဖွယ်ပုံပေါင်းများစွာ ပေါ်လာ ပါတယ်။

"ဒါပေမယ့် . . . ဒီနှစ်ဖက်လုံးမှာ ပြခဲ့တာတွေအကုန် ဖြစ်မှာလား" လို့ ဂျနီဖာကမေးလိုက်တယ်။

"ဘန်ဂျီက စာမေးပွဲကိုအောင်တာရော၊ ကဲ့တာပဲ ဖြစ်မှာပဲလေကွာ"

www.burmeseclassic.com



"မင်းတို့ နားလည်ရခက်နေပြီမဟုတ်လား"လို့ လူလေးက မေးရင်း ခြေးခုံလေးကို ဖယ်လိုက်တယ်။

"ကိစ္စတိုင်းဟာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အဆုံးမှာ ဒီကိစ္စတွေဟာ မင်းတို့ရဲ့ အပြုအမူပေါ်မှာ တည်နေတာပဲလေ . . . သဘောပေါက်ကြပြီလား။ ဥပမာ ကယ်လို့ ဘန်ဂျီဟာ ပျင်းနေရင် စာမေးပွဲကျမယ် . . . ကြိုးစားရင်တော့ စာမေးပွဲအောင်မယ်။ တခြားဟာတွေလဲ ဒီလိုပဲ၊ အားလုံး သူ့အပေါ် မူတည်နေတယ်။ ဂျနီဖာကလဲ အမေ့စကားကို နားမထောင်ဘဲ မီးခြစ်နဲ့ဆော့ရင် ကျိန်းသေမီးလောင်မယ်၊ အသိဉာဏ်ရှိပြီး မီးခြစ်ကိုမကိုင်ဘဲထားရင်တော့ မီးဘယ်လောင်ပါ့မလဲ"

"ဟုတ်ပြီ"လို့ ဂျနီဖာကပြောပြီး ထိုင်ရင်း အတန်ကြာစဉ်းစားနေတယ်။

"ရှင်ဆိုလိုတာ ကျွန်မ နားလည်ပါပြီ နှစ်သစ်ရယ်"လို့ နောက်ဆုံးမှာပြောလေတယ်။

"ရှင်ပြောချင်တာက ကိစ္စအားလုံးဟာ ဖြစ်ဖို့ရှိတယ်၊ ဒါပေမယ့် ဒါတွေကို ကိုယ့်ဘာသာလုပ်ရမယ်ဆိုချင်တာမဟုတ်လား။ ရှင့်ဂမ္ဘီရမှန်ထဲ ကြည့်ခွင့်ရတာ ကျွန်မ သိပ်ဝမ်းသာတာပဲ။ ဖြစ်လာမယ့်ဟာတွေ ကျွန်မ ကြည့်ပါရစေဦး၊ ပြီးရင် ပိုဂရုစိုက်နိုင်တာပေါ့၊ ပိုကောင်းအောင် ယဉ်ကျေးအောင် ဂရုစိုက်နိုင်တာပေါ့ရှင်"

"ငါ့မှာ အချိန်မရှိတော့ဘူး"လို့ နှစ်သစ်လူလေးကပြောလိုက်တယ်။

"ဘေးဖယ်ကြ . . . လူတွေက ငါ့ကို ယုံကြမှာ မဟုတ်ဘူး။ မင်းတို့ ယုံတာကို ငါဝမ်းသာပါတယ်ကွာ။ မင်းတို့ဟာ ပျော်ရွှင်တဲ့ နှစ်သစ်ကိုရမယ် ဆင်ပါတယ်"

သူဟာ ပြတင်းပေါက်ကိုကျော်ကာ သစ်ပင်ပေါ်တက်ပြီးလျှောဆင်းသွားတော့တယ်။

"နှုတ်ဆက်ပါတယ်၊ အသံတွေ ရပ်သွားပြီလေ။ ငါသွားပြီး ဇန်နဝါရီ တစ်ရက်ကို ရှာဖွေရတော့မယ်"

သူလဲ ထွက်သွားပါတယ်။ ကလေးတွေဟာ အိပ်ရာမှာ လှဲလိုက်ပြီး အံ့သြနေကြတယ်။ ညလယ်မှာတော့ သူတို့ဟာ စဉ်းစားရင်း အိပ်ပျော်သွားလိုက်ကြတာ နံနက်မရောက်မချင်း မနိုးကြဘူးတဲ့ကွယ်။

အမေဟာ အခန်းထဲကို ရောက်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





"ထကြ ကလေးတို့၊ မင်းတို့နှစ်ယောက်လုံးအတွက် ပျော်စရာနှစ်သစ် ပါကွယ်"လို့ ပြောလိုက်တယ်။

ဂျနီဖာဟာ ထထိုင်လိုက်တယ်။ သူဟာ ဘန်ဂျီကို လှမ်းကြည့်လိုက်တယ်။ ညတုန်းက မြင်ခဲ့ရတဲ့ ထူးဆန်းတဲ့ညွှန့်သည်ကို သတိရလိုက်မိတယ်။ ဒါတကယ်လား၊ အိပ်မက်များလား။ သူက ဘန်ဂျီကို အသာခေါ်လိုက်တယ်။

"အစ်ကိုဘန်ဂျီ၊ ဂမ္ဘီရကြေးမုံကို မှတ်မိသေးရဲ့လား"

"ငါဘယ်တော့မှ မမေ့ဘူး ဂျနီဖာရေ၊ လူတိုင်းကို ဒီအကြောင်းပြောပြရအောင်၊ ဒါဆို လူတွေ သူတို့ဘာသာသူတို့ ပျော်စရာနှစ်တစ်နှစ် ဖန်တီးဖို့ သိသွားကြမှာပေါ့"လို့ ဘန်ဂျီက ပြောပါသတဲ့။

ဟုတ်ပါတယ်၊ လူတွေက ဒီအကြောင်း သိကုန်ကြတယ်။ အဲဒါ မင်းတို့သိနေရတဲ့ ဒီဇာတ်လမ်းပါပဲ၊ မင်းတို့လဲ ကိုယ့်ဘာသာ ပျော်စရာနှစ်တစ်နှစ်ကို ဖန်တီးနိုင်ပါတယ်။

ဂျနီဖာနဲ့ ဘန်ဂျီတို့ရော ဘက်ဆက်ဖြစ်မယ်ထင်သလဲ။ သူတို့ဟာ အသိဉာဏ်ရှိတဲ့ ကလေးတွေဖြစ်တဲ့အတွက် ရေခဲကန်ထဲ ပြုတ်ကျတာတွေ၊ လယ်သမားအလိုက် ဖမ်းခံရတာတွေ၊ မီးလောင်တာတွေ၊ စာမေးပွဲကျတာတွေ ဖြစ်မယ်မထင်ပါဘူးကွယ်။ သူတို့သာ ဆင်ခြင်ပြီး ကြိုးစားခဲ့ရင်တော့ ပျော်ရွှင်မှုတွေသာ ရမှာအသေအချာပဲ။



www.burmeseclassic.com

www.burmeseclassic.com

## လက်သမားကြီးရဲ့ခွေး

လက်သမားဆရာ ဦးချစ်မှာ စိတ်ဝင်စားစရာ အလုပ်ရုံရှိပါတယ်။ သူဟာ ပစ္စည်းမျိုးစုံကို အမြဲပြုလုပ်ပြုပြင်နေတာကြောင့် ကောင်လေးတွေက သူ့ကိရိယာတန်ဆာပလာတွေကို သဘောကျစွာ လာကြည့်ကြပါတယ်။ သူ့မှာ တူတွေ၊ လွှတွေ၊ ဝက်အူလှည့်တွေ၊ ဆောက်တွေ အများကြီးပဲ။ ဒါတွေကို သူ အသုံးပြုပုံကို စောင့်ကြည့်ရတာ အံ့သြစရာပဲ။

ဒါပေမယ့် ဦးချစ်ဟာ ကောင်လေးတွေကို မကြိုက်ပါဘူး။

"ငနဲလေးတွေ"လို့ သူတို့ကို ခေါ်လေ့ရှိတယ်။

"အသုံးမကျတဲ့ကောင်လေးတွေ၊ မျောက်နှာလေးတွေ"

ဒါကြောင့်မို့ ကောင်လေးတွေဟာ ဦးချစ်ရဲ့ဆိုင်ကို သဘောကျပေမယ့် သူ့ကိုတော့ မနှစ်သက်ကြဘူး။ သူတို့က သူ့ကိုစဖို့ မိုက်မဲလှတဲ့ ကစားနည်းတစ်ခုကို ဖန်တီးကြတယ်။ ကစားနည်းကတော့ သူ့ဆိုင်ထဲကို ပြေးဝင်ပြီး ရွှေပေါ်စာ(လွှစာ)အချို့ကို ကောက်ယူကာ အများဆုံးရတဲ့သူက နောက်တစ်ပတ်အတွက် သူတို့ခေါင်းဆောင်အဖြစ် သတ်မှတ်ခံရတာပါပဲ။


"အတော်မိုက်မဲတဲ့ ကစားနည်းပဲ"လို့ ဒီအကြောင်းကြားရတဲ့ ဂျက်ရဲ့မိခင်က ပြောတယ်။ "ဒါဆို ဦးချစ်ကြီး ဒေါသထွက်မှာပေါ့"

"ဒါပေမယ့် လွှစာမှုန့်တွေက သူ့အတွက် ဘာမှ အသုံးမဝင်ပါဘူးအမေရာ၊ အများကြီးရတဲ့သူကို တွေ့ရတာ ပျော်စရာပဲဗျ"လို့ ဂျက်ကပြောတယ်၊ "သူ့အနေနဲ့ သိပ်စိတ်မဆိုးသင့်ပါဘူးအမေရယ်၊ သူက တစ်ခုခုလုပ်နေချိန်မှာကိုပေါ့၊ ကျွန်တော်တို့က စောင့်ကြည့်နေတာပဲ . . . သူက သိပ်ပါးတယ်အမေရ"

မိုက်မဲတဲ့ ဒီကစားနည်းဟာ ဦးချစ်ကို တကယ်စိတ်ဆိုးစေတယ်။ သိပ်စိတ်တိုနေတဲ့ ဦးချစ်ဟာ တစ်နေ့မှာ ခွေးတစ်ကောင် ဝယ်လာပါတယ်။ သူဝယ်လာတာ ခွေးပေါက်လေးပါ၊ ဒါပေမယ့် မကြာခင် ကြီးလာမှာပေါ့။

www.burmeseclassic.com





"ငါ့ဆိုင်ထဲ ဝင်လာရဲတဲ့ ဘယ်ကောင်လေးဆီကိုမဆို ခုန်သွားတတ်ဖို့ သူ့ကိုသင်ပေးရမယ်"လို့ ဦးချစ်က တူထုရင်း ရေရွတ်တယ်။

ကောင်လေးတွေက ခွေးလေးကို သဘောကျတယ်၊ ခွေးလေးကလဲ ကောင်လေးတွေကို သဘောကျတယ်။ ဒါပေမယ့် ဦးချစ်က ခွေးလေးကို သူ့ဆိုင်ထဲ လွှစာဝင်ကောက်တဲ့ကောင်လေးတွေကို ဟောင်ဖို့၊ ခုန်သွားဖို့ သင်ကြားပေးပါတယ်။ မကြာခင် ခွေးလေးဟာ ဟိန်းဟောက်တတ်ပြီး အစွယ်ထုတ်ပြတတ်လာပါတယ်။

"တစ်နေ့မှာ ဒီခွေးလေးက ခွေးကြီးဖြစ်လာပြီး နင်တို့ကို ကိုက်လိမ့်မယ်နော်"လို့ အမေက သတိပေးပါတယ်။

"ဦးချစ်ကို သိပ်ဒေါသထွက်အောင် လုပ်တာ သိပ်ဆိုးတာပေါ့၊ လက်သမားဆရာကြီးကို မင်းတို့ကောင်လေးတွေစတာ ရပ်ပါစေလို့ ငါဆုတောင်းပါတယ်။ မင်းတို့ သူ့ကို ဒေါသဖြစ်အောင် လုပ်တာကိုး၊ တကယ်တော့ သူဟာ သိပ်ဆိုးလှတဲ့သူ မဟုတ်ပါဘူး"

ခွေးလေးဟာ ကြီးသထက် ကြီးလာပါတယ်။ ခွေးလေးက ဦးချစ်ကို ချစ်ခင်သလို ဦးချစ်ကလဲ သူ့ကို ကမ္ဘာမှာ အကောင်းဆုံးခွေးလို့ ထင်ပါသတဲ့။ သူနဲ့ခွေးလေးဟာ အမြဲအတူပါပဲ၊ ဦးချစ်က သူ့ကို နေ့လယ်ပိုင်းမှာ သတင်းစာယူခိုင်းတဲ့ အချိန်ကလွဲလို့ပေါ့။

"မြီးရှည်ရေ၊ သတင်းစာ သွားယူဦးကွာ"လို့ သူပြောတဲ့အခါ ခွေးလေးမြီးရှည်ဟာ လမ်းထောင့်က သတင်းစာဆိုင်ကိုပြေးပြီး ပါးစပ်မှာ သတင်းစာတစ်စောင်ကိုက်လို့ ပြန်လာတတ်တယ်။ ခွေးလေးက သူ့အပေါ် သိပ်လိမ္မာတာပဲလို့ ကောင်လေးတွေက တွေးကြတယ်။ သူတို့ဟာ အခုဆို မြီးရှည်ကို လန့်နေကြပြီလေ။ ခွေးလေးက သူ့သခင်လိုပဲ ဒေါသကြီးဟန်တူတယ်။ ဆိုင်ထဲပြေးဝင်ပြီး လွှစာတွေ ကောက်ယူဖို့ဆိုတာ အန္တရာယ်လုံးလုံးရှိနေပြီ။ ပိတာဆို အကိုက်ခံရလုနီးပါး ဖြစ်သွားသေးတယ်။

"အတော်ရိုင်းတဲ့ခွေး . . . အတော်ရိုင်းတဲ့ခွေးရှင်"လို့ ဖေဖေက ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်ဘက် သူဦးချစ်အတွက် သတင်းစာလာယူရင် ခဲနဲ့ပစ်ဖို့ ငါ စိတ်ကူးရတယ်ကွ"

"ဟေ့အေး၊ မလုပ်ပါနဲ့ကွာ၊ ဒီလိုလုပ်တာ မကောင်းဘူး"

လို့ ဂျက်က ပြန်ပြောတယ်။ ဆိုင်ထဲကိုပြေးဝင်ပြီး လွှစာဝင်ယူဖို့ အကောင်းဆုံးအချိန်ဟာ မြီးရှည် နေ့လယ်ပိုင်း သတင်းစာသွားယူချိန်မှန်း ကောင်လေးတွေ သိလာကြတယ်။ ဒါပေမယ့် ဦးချစ်ကြီးက သူတို့ကို အသင့် စောင့်နေပါရောလား။ သူက ကီဗင်ကို အင်္ကျီကော်လံကနေ ဖမ်းမိသွားပြီး ဆွဲခါလိုက်တော့ ကောင်လေးဟာ ထိတ်လန့်ပြီး သွားကျိုးသွားရတယ်။

သူဟာ နက်ဒ်ကိုဖမ်းမိတော့လဲ သူ့နှာခေါင်းကို လွှစာမှုန့်နဲ့ ပွတ် ပစ်လိုက်တယ်။ သူဟာ ဂျက်ကို ဖမ်းလုနီးပါးဖြစ်သွားတော့ ဂျယ်လောင်စွာ အော်ဟစ်လိုက်တာမို့ ဂျက်ဟာ သူယူခဲ့တဲ့ လွှစာမှုန့်တွေကို ပစ်ချခဲ့ရတယ်။



"ငနာလေး၊ မိရင်တော့လားကွာ"

လို့ သူက ကြိမ်းမောင်းတယ်။

"မင်းကိုငါ့ခွေးနဲ့ ရှူးတိုက်မယ်ဟေ့"

အခုဆို ဂျက်မှာ ဆေးအနီခြယ်ထားတဲ့ သစ်သားရထားတွဲကလေး တစ်စီး ရှိနေပါတယ်။ ရထားဟာ အထဲမှာ သူဝင်လေကာင်းအောင်တော့ မကြီးပါဘူး၊ ဒါပေမယ့် သူ့အမေအတွက် ဈေးသွားဝယ်ပေးရတဲ့အခါ ဆွဲသွားရ



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင်တော့ ကြီးပါတယ်။ ဘာလို့လဲဆိုတော့ ရထားထဲမှာ သူဝယ်ခဲ့သမျှ ပစ္စည်းအားလုံးကို ထည့်သယ်လာလို့ ရလို့ပါပဲ။ တခြားကလေးတွေက ရထားစက်ခေါင်းကလေးကို သဘောကျကြတယ်။

"ရထားမှာ ကုန်တွဲရှိရင် ပိုကောင်းမယ်ကွ၊ ငါတို့အမေတွေအတွက် တို့အတူ ဈေးသွားဝယ်နိုင်တာပေါ့"

"ဒါဆို ဆွဲဖို့ သိပ်လေးသွားမှာပေါ့၊ ဒီလို သစ်သားစက်ခေါင်းမျိုးက ကုန်တွဲမရှိဘူးကွ"

ကုန်တွဲတစ်တွဲဆီမှာ အထုပ်တွေ အကုန်တင်မှာစိုးတဲ့ ဂျက်က ပြောလိုက်တယ်။ အမေတွေအားလုံးက ဂျက်တစ်ယောက် ရထားစက်ခေါင်းကိုဆွဲပြီး ဈေးဝယ်ထွက်တာကိုကြည့်ကာ ပြုံးနေကြတယ်။ သူပြန်လာတော့ ယာဉ်ထဲမှာ ပစ္စည်းမျိုးစုံ ပါလာတယ်လေ။ ရထားစက်ခေါင်းကတော့ သဘောကျစရာပဲ။ အာလူးအိတ်တစ်ဝက်ကိုတောင် တစ်ခါတည်း သယ်နိုင်တယ်လေ။



တစ်နေ့လယ်ခင်းကျတော့ ဂျက်အမေက သူ့ကို လှမ်းခေါ်တယ်။

"ဂျက်ရေ၊ မင်းဘယ်မှာလဲ။ ဩော် . . . စာဖတ်နေတာကိုး။ အေးကွယ် . . . စိတ်မကောင်းပါဘူး၊ မင်းဒီနံနက် ဈေးဝယ်ထွက်တော့ ဘာလေ

www.burmeseclassic.com



ဇာအင်္ကျီယူသွားခိုင်းဖို့ အမေမေ့သွားတယ်။ အချိန်မရှိတော့ဘူး၊ သားအမေ့အတွက် အင်္ကျီကို အဝတ်လျှော်တဲ့သူဆီ အခုပဲ သွားပေးပေးပါလားကွယ်"

"ဟုတ်ကဲ့အမေ"လို့ ဂျက်က သွက်သွက်လက်လက် ဖြေလိုက်တယ်၊ သူဟာ တကယ်ကို လိမ္မာရေးခြားရှိတဲ့ သူငယ်လေးပါ၊ သူဟာ ထရပ်ပြီး ရထားစက်ခေါင်းလေးကိုယူဖို့ ထွက်သွားတယ်။

"အို၊ ဘလေဇာအင်္ကျီလေးသယ်ဖို့တော့ မင်းရထားကို ယူမသွားပါနဲ့ကွယ်၊ အင်္ကျီကို လက်နဲ့ကိုင်လာရင် ရတာပဲဂျက်ရယ်"လို့ အမေကပြောပါတယ်။

"သားရထားက ပြေးတယ်အမေရ၊ ခွေးတစ်ကောင်လိုပဲ"လို့ ဂျက်က ပြန်ပြောပါတယ်။


သူဟာ ရထားကို အခန်းထဲက ဆွဲလာခဲ့ပြီး ဟိုရောက်တော့ ဘလေဇာအင်္ကျီကို ရထားထဲ ထည့်လိုက်ပါတယ်။ ပြီးတော့ ကြိုးနဲ့ဆွဲခဲ့ပါတယ်။

"လာကွာ၊ ရထားလေး၊ တို့မြန်မြန်ပြန်ရအောင်၊ ဒါမှ ငါ့စာအုပ်ဆက်ဖတ်နိုင်မှာကွ"လို့ သူကဆိုတယ်။

ဒါပေမယ့် လမ်းပေါ်မှာ အဖြစ်အပျက်တစ်ခုကို ကြုံပါလေရော။ ဦးချစ်က ထုံးစံအတိုင်း ဒီနေ့ခင်းမှာ မြီးရှည်ကို သတင်းစာ သွားယူခိုင်းပါတယ်။ မြီးရှည်ဟာ လမ်းထိပ်မှာ သတင်းစာသွားယူပြီး ပါးစပ်ထဲပါလာတဲ့ ငွေကို ပေးကာ ဦးချစ်ဆီ ပြန်လှည့်လာခဲ့ပါတယ်။

အဲဒီတုန်းမှာ ပိုကြီးတဲ့ခွေးတစ်ကောင်က သူ့ကို မာန်ဖီဟိန်းဟောက်ပါလေရော။ မြီးရှည်ကလဲ ပြန်ဟောင်တယ်။ ခွေးကြီးက မြီးရှည်ဆီ ဝင်လာတော့ မြီးရှည်ဟာ လမ်းဘေးကို ခုန်လိုက်တယ်။

ကျယ်လောင်တဲ့ ဘရိတ်အုပ်သံကြီး ပေါ်လာပြီး ကားတစ်စီးဟာ ရုတ်တရက် ကွေ့လိုက်တယ်။ ဒါပေမယ့် အချိန်မီ မရပ်လိုက်နိုင်ဘူး။ သနားစရာ မြီးရှည်ရဲ့ နောက်ခြေထောက်တွေကို တိုက်မိသွားရှာတယ်။ ခွေးကလေး



ဆုပြည့်စုံထွန်းစာပေ


www.burmeseclassic.com

www.burmeseclassic.com



ဟာ တအိုင်အိုင်အော်ပြီး လမ်းပေါ်မှာ လဲကျသွားပါလေရော။ သူ့ပါးစပ်က သတင်းစာလဲ ပြုတ်ကျသွားတယ်။

အနားမှာ ရထားနဲ့အတူရှိနေတဲ့ဂျက်ဟာ အဖြစ်အားလုံးကို မြင်လိုက်ရတယ်။ ခွေးကြီးကတော့ လစ်သွားပြီ။ ယာဉ်မောင်းဟာ ကားပေါ်က ဆင်းလာသလို ကောင်လေးနှစ်ယောက်၊ သုံးယောက်လဲ ပြေးလာတယ်။ မြီးရှည်ဟာ ရပ်ဖို့ကြိုးစားပေမယ့် မထနိုင်ရှာဘူး။ သူ့နောက်ခြေတွေ နာကျင်နေတယ်၊



"ဒီခွေးကို ဘယ်သူပိုင်တာလဲ၊ သိကြသလားကွ"လို့ ယာဉ်မောင်းက မေးတယ်။ "ဟုတ်ကဲ့ သိပါတယ်၊ ဒါ လက်သမားဆရာကြီး ဦးချစ်ရဲ့ ခွေးပါ" လို့ ဂျက်က ရထားကိုဆွဲလာရင်း ဖြေလိုက်တယ်။

"မြီးရှည်ရယ် . . . သနားစရာပါလား၊ အတော်နာနေမှာပဲ၊ ထတောင် မထနိုင်တော့ဘူး"

"ငါကားနဲ့သွားပြီး ဦးချစ်ကို သူ့ခွေးလာယူဖို့ ပြောပေးမယ်"လို့ ယာဉ်မောင်းကပြောပြီး ကားထဲပြန်ဝင်သွားတယ်။ သူကားမောင်းထွက်သွားတယ်။ ဒါပေမယ့် ဦးချစ်ဆီ သွားတာမဟုတ်ဘူးကွယ့်။ သူ့လမ်းအတိုင်း ဆက်မောင်း သွားတာပဲ။

www.burmeseclassic.com



ဂျက်ဟာ ဦးချစ်အလာကို စောင့်နေပေမယ့် ဦးချစ်က ပေါ်မလာပါဘူး။ မြီးရှည်ဟာ သူ့ကိုယ်သူ နာကျင်စွာ တရွတ်ဆွဲရင်း သူ့သခင်ရဲ့သတင်းစာကို ပါးစပ်နဲ့ ကိုက်လိုက်တယ်။ ဂျက်ဟာ သူ့ကို သိပ်သနားသွားတယ်။

"မြီးရှည်ရယ်၊ ငါမင်းကို ဦးချစ်ဆီ လိုက်ပို့ပေးပါ့မယ်"လို့ နောက်ဆုံးမှာပြောလိုက်တယ်။ "ယာဉ်မောင်းကတော့ သူ့ကို သွားမပြောဘူးကွ၊ ဒါပေမယ့် ငါပို့ပေးပါ့မယ်ကွာ"

မြီးရှည်ဟာ ဝမ်းပန်းတနည်း အော်မြည်လိုက်တယ်။ အဲဒီနောက်မှာ ဂျက်ဟာ အကြံကောင်းတစ်ခု ရလာတယ်။ သူဟာ မြီးရှည်ကို အသာလေးကောက်ချီပြီး သူ့ရထားတွဲထဲက ဘလေဇာအင်္ကျီအပေါ်မှာ ထားကာ ဦးချစ်ရဲ့ဆိုင်ကိုသွားရာ တစ်လမ်းလုံး ခွေးလေးကို ဆွဲလာဖို့ဆိုတဲ့အကြံပါပဲ။

"မင်းကိုယ်ကို သိပ်မခါနဲ့ကွာ၊ မင်းအောက်မှာ ဘလေဇာအင်္ကျီ ရှိမှာကွ"လို့ သူက မြီးရှည်ကို ပြောပြတယ်။

"ငါမင်းကို မပေးပါ့မယ်၊ မင်းမနာအောင် ကြိုးစားလုပ်ပေးမယ်၊ ငါ့ကို မကိုက်နဲ့နော် . . . ငါက မင်းကိုကူညီဖို့ လုပ်နေတာလေ"

ကံကောင်းတဲ့မြီးရှည်ဟာ သတင်းစာကိုကိုက်ရင်းနဲ့ ဂျက်ကသူ့ကို မလိုက်တော့ အနည်းငယ်အော်ရှာတယ်။ ဒါပေမယ့် ဂျက်ကို မကိုက်ပါဘူး။ ဂျက်ဟာ သူ့ကို ဘလေဇာအင်္ကျီပေါ် တင်လိုက်တယ်။

"အခုဆို မင်းအဆင်ပြေသွားပြီ၊ မကြာခင် အိမ်ပြန်ရောက်တော့မှာ မြီးရှည်ရ"လို့ ပြောလိုက်တယ်။

သူဟာ ရထားကို လမ်းပေါ်မှာ ဖြည်းဖြည်းလေးဆွဲလာတယ်။ လှုပ်လွန်းရင် ခွေးလေးနာမှာကိုစိုးလို့ပါ။ ကလေးတွေ သူတို့နောက်က လိုက်လာကြတော့ မြီးရှည်က မာန်ဖီပါတယ်၊ ဘာလို့လဲဆိုတော့ ကောင်လေး ကောင်မလေးတွေကို သဘောမကျအောင် အသင်ခံထားရလို့ပါ။

မကြာခင် ဂျက်ဟာ ဦးချစ်ရဲ့ဆိုင်ကို ရောက်လာတယ်။ သူဟာ ရထားကို အပြင်မှာထားခဲ့ပြီး အထဲဝင်လာတယ်။ ဦးချစ်ဟာ လွတိုက်နေတာမို့ အစမှာ ဂျက်ကိုမမြင်ဘူး၊ ဒါပေမယ့် ကောင်လေးကိုမြင်တော့ ချက်ချင်း လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။

"ဩ၊ မင်းလာပြန်ပလား"လို့ ဝေါက်လိုက်တယ်။


"ဦးချစ်ရယ်၊ ကျွန်တော့်ကို ဆွဲမခါပါနဲ့၊ ဦးချစ်ရယ် . . . မြီးရှည်တစ်ယောက် ဒဏ်ရာရလာလို့ပါ"လို့ ဂျက်က အော်ပြောရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ဦးချစ်ဟာ သူ့ကိုဆွဲခါနေရာက ရပ်လိုက်တယ်။ “ဘာပြောအယ် မြီးရှည် ဒဏ်ရာရလာတယ်ဟုတ်လား၊ သူဘယ်မှာလဲ”

“သူ့ကို ကားတစ်စီးက တိုက်သွားတာပါ၊ ကျွန်တော်က အဲဒီနားမှာ ရှိနေတာ၊ သူ့နောက်ခြေတွေ နာသွားလို့ လမ်းမလျှောက်နိုင်တော့ဘူး။ ဒါကြောင့် ကျွန်တော်က သစ်သားရထားထဲမွေ့ကာ ဘလေဇာအင်္ကျီပေါ်တင်ပြီး ခေါ်လာရတာပါ။ သူအပြင်မှာ ရှိပါတယ်။ ကျွန်တော်ကတော့ ရထားကို လှေကားပေါ် ဆွဲမတင်နိုင်လို့ပါ”လို့ ဂျက်က ရှင်းပြလိုက်တယ်။



ဦးချစ်ဟာ အပြင်ကို အမြန်ပြေးသွားပါတယ်။ စက္ကန့်ပိုင်းအတွင်းမှာ သတင်းစာကို ကိုက်ထားတဲ့ မြီးရှည်ကိုပိုက်ပြီး ပြန်ရောက်လာပါတယ်။

“ငါ တိရစ္ဆာန်ဆရာဝန်ဆီ သွားလိုက်ဦးမယ်၊ ငါသွားနေတုန်း ဆိုင်ကို စောင့်ထားပေးပါကွာ၊ သနားစရာ ငါ့ခွေးလေးပါလား၊ အတော်နာရှာမှာပဲ”လို့ ဦးချစ်က ဂျက်ကိုပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂျက်ဟာ လက်သမားဆိုင်ထဲမှာ ကျန်ရစ်ခဲ့တယ်။ အတော်ထူးဆန်းတဲ့ကိစ္စပဲ။ သူဟာ ဘေးဘီကို လှည့်ပတ်ကြည့်လိုက်တယ်။ တူအကြီးကြီးတွေကို ကိုင်ကြည့်တယ်။ လက်သမားကိရိယာတွေကို သူသဘောကျမိတယ်၊ လေယာဉ်ပျံတစ်စီးဆောက်နိုင်ရင် ကောင်းမှာပဲလို့ တွေးမိတယ်။ အတော်သဘောကျဆရာကောင်းတဲ့ လက်သမားရုံပဲ။

သူ့သူငယ်ချင်းတွေဟာ သူ့ကို လာချောင်းကြည့်ရင်း သူတစ်ယောက်ဘည်းတွေ့ရတော့ အံ့အားသင့်နေကြတယ်။ သူက သူတို့ကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တယ်။

"အိုး၊ ဦးချစ်ကြီးသွားနေတုန်း ရေပေါ်စာတွေ တို့ယူသွားလို့ရတာပေါ့"လို့ ကီဗင်က ချက်ချင်းပြောလိုက်တယ်။

"မလုပ်နဲ့ကွ၊ ငါ့မှာ စောင့်ရှောက်ရမယ့် ဝတ္တရားရှိတယ်။ တကယ်တော့ ဒါဟာ မလုပ်သင့်တဲ့ကိစ္စပဲ။ ဘာပဲဖြစ်ဖြစ် သူ့ခမျာ မြီးရှည်အတွက် စိတ်ဆင်းရဲနေရှာမှာပဲ။ ငါတို့ သူဒုက္ခရောက်နေချိန်မှာ ဒီလိုမျိုးမလုပ်သင့်ဘူး"လို့ ဂျက်ကဖျောင်းဖျတယ်။

"သွားစမ်းပါ၊ ငါကတော့ ဒီခွေးစုတ် ဒဏ်ရာရသွားတာကို ဝမ်းသာတယ်"လို့ ကက်ဒီကပြောတယ်။

"မဟုတ်ဘူးလေ၊ သူ့ကိုမြင်ရရင် မင်းစိတ်မကောင်းဖြစ်သွားမှာပါ"လို့ ဂျက်ကပြောတယ်။

"သံတွေကို ထားလိုက်စမ်းပါ ကီဗင်ရာ၊ တစ်ချောင်းမှ မယူရဘူးကွ"

"ဟိုမှာ ဦးချစ်ကြီးလာပြီဟေ့"လို့ နက်ဒ်က ရုတ်တရက်ပြောလိုက်တော့ ကောင်လေးတွေဟာ ချက်ချင်းထွက်ပြေးသွားကြတယ်။ ဂျက်တစ်ယောက်တည်းသာ ဆိုင်ထဲမှာရပ်ရင်း ကျန်ခဲ့တယ်။ ဦးချစ်ဆိုင်ထဲ ဝင်လာတယ်။ သူနဲ့အတူ မြီးရှည်ပါမလာဘူး။

"မြီးရှည် ဘယ်မှာလဲခင်ဗျာ"လို့ ဂျက်ကမေးလိုက်တယ်။

"တိရစ္ဆာန်ဆရာဝန်ဆီမှာ ထားခဲ့ရတယ်ကွာ"လို့ ဦးချစ်က ပြောတယ်။ "သူ့ခြေထောက်တွေတော့ သွားရှာပြီထင်ပါရဲ့ကွာ၊ သနားစရာ ခွေးလေးရယ်"

ဂျက်ဟာ လက်သမားဆရာကြီး မျက်ရည်ကျတာကို တွေ့ရတော့ တုန်လှုပ်သွားတယ်။ သူက မြီးရှည်ကို သိပ်ချစ်တယ်မဟုတ်လား။

"သူ ပြန်ကောင်းပါ့မလား"လို့ ဂျက်ကမေးတော့



www.burmeseclassic.com

www.burmeseclassic.com




"ကောင်းနိုင်မယ် ထင်တာပဲ၊ မသိရသေးဘူးကွ၊ ငါသူ့ကို ဆုံးရှုံးတော့မလို့၊ သူ့ကို မင်းရဲ့ရထားနဲ့ ငါ့ဆီသယ်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ"

ဂျက်ဟာ အိမ်ပြန်ခဲ့တယ်။ သူဟာ အဝတ်လျှော်သမားဆီ ဘလေဇာအင်္ကျီဝင်ပေးဖို့ မေ့သွားတယ်။ ဒါပေမယ့် သူက အကြောင်းစုံပြောပြချိန်မှာ အမေက နားလည်သွားပါတယ်။ ဂျက်ဟာ နေ့တိုင်းပဲ ဦးချစ်ရဲ့ဆိုင်ကိုသွားပြီး မြီးရှည်ရဲ့သတင်းကို စုံစမ်းတယ်။

ဦးချစ်က သူ့ကို "သိပ်မကောင်းသေးဘူး" "ကနေ့ပိုကောင်းလာပြီ" စသဖြင့် ပြန်ဖြေတတ်တယ်။ ပြီးတော့ "နောက်တစ်ပတ်ဆို သူပြန်လာလို့ရပြီ" လို့ပြောလာတယ်။

တစ်ခါမှာတော့ ဦးချစ်ဟာ ဂျက်ကို သူ့အတွက် သတင်းစာသယ်ပေးဖို့ အကူအညီတောင်းတယ်။ ဂျက်ကလဲ သတင်းစာကို ဈေးဝယ်ထွက်တုန်းမှာ သူ့ရထားတွဲထဲထည့်ပြီး ယူလာပေးပါတယ်။ ဦးချစ်ဟာ ရထားစက်ခေါင်းကြီးကို ရှုးစိုက်ကြည့်ပြီး ဈေးဝယ်ထွက်ဖို့ကောင်းတဲ့ ပစ္စည်းပဲကွလို့ ပြောပါတယ်။ ဂျက်ကလဲ သဘောတူပါတယ်။ သူ့အနေနဲ့ ဦးချစ်ကို လန့်နေတုန်း



ပဲ၊ ဒါပေမယ့် သူအလုပ်လုပ်တာကို စောင့်ကြည့်ရတာ သူနဲ့စကားပြောရတာကိုတော့ သဘောကျလာတယ်။ ဦးချစ်ဟာ အခုတော့ သူ့ကိုလိုက်မဖမ်းတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com




နောက်ဆုံးမှာ "မြီးရှည်တော့ မနက်ဖြန်ဆို ပြန်လာတော့မှာကွ"လို့ ဦးချစ်ကပြောပါတယ်။ သူ့ရဲ့ ဒေါသကြီးတဲ့ မျက်နှာပေါ်မှာ အပြုံးက ဖုံးလွှမ်းနေပါတယ်။

"မင်းမနက်ဖြန် သူ့ကိုလာကြည့်ပေါ့ကွာ၊ သူလမ်းပြန်လျှောက်နိုင်ပြီ . . . ဒါပေမယ့် ခြေနည်းနည်း ဆာနေမှာပဲ။ မင်းလာမှာလားကွ၊ သူဟာ မင်းအတွက် တစ်ခုခုယူလာမှာပေါ့ကွ"

ဂျက်ဟာ နောက်တစ်နေ့မှာ သွားခဲ့ပါတယ်။ မြီးရှည်ရောက်နေပြီ သူ့ကိုကြည့်ရတာ ပိန်သွားတယ်၊ ခြေလည်း နည်းနည်းဆာသွားတယ်။ ဒါပေမယ့် သူ့အမြီးကတော့ နန့်နေနိုင်ဆဲပါ။ သူဟာ ဟောင်ပြီး ကောင်လေးရဲ့ဒူးကို လျှာနဲ့ လျက်ပါလေရော။

"မင်းကို ပြန်တွေ့ရတာ ဝမ်းသာတယ်ဟေ့"လို့ ဦးချစ်ကပြောပါတယ်။ "သူ မင်းအတွက် ဘာယူလာသလဲဆိုတာ လာကြည့်စမ်း ဂျက်ရေ၊ သူ့ကို ကူညီပေးတဲ့အတွက် လက်ဆောင်လေးပေါ့ကွာ၊ ဒီအဖြစ်ဟာ တို့များအတွက် အလှည့်အပြောင်းပဲပေါ့၊ ပစ္စည်းကတော့ ဟိုမှာလေ"

သူဟာ ဂျက်ကို ဆိုင်နောက်က စည့်ခန်းထဲ ခေါ်သွားတယ်။ ဂျက်ဟာ အံ့သြစွာ စိုက်ကြည့်ရင်း ကြည်နူးသွားတယ်။ အဲဒီနေရာမှာ ရှိနေတာက လှလှပပလုပ်ထားတဲ့ ကုန်တွဲလေးသုံးတွဲပါ။ အနီ၊ အစိမ်းနဲ့ အဝါရောင် ဆေးခြယ်ထားပါတယ်။



"မင်းရဲ့ရထားစက်ခေါင်းကို ဒီကုန်တွဲတွေချိတ်ပြီး ငါ့မြီးရှည်ကို ဒီနေ့ ဆွဲပေးတော့ကွာ၊ ဒါ မြီးရှည်ပေးတဲ့ လက်ဆောင်ပဲပေါ့"လို့ ဦးချစ်က ဆိုတယ်။

"ဦးလေးချစ်ရယ်"လို့ ဂျက်ကပြောပြီး မြီးရှည်ကိုပွေ့ပိုက်ကာ တင်းတင်းဖက်ထားလိုက်တယ်။

"ကျေးဇူးပါပဲ မြီးရှည်ရယ်၊ ကျေးဇူးပါပဲ၊ ဒါကိုကျွန်တော့်အတွက် လုပ်ပေးတဲ့ ဦးလေးချစ်ကိုလဲ ကျေးဇူးတင်ပါတယ်၊ သိပ်လှတာပဲနော်၊ အခ



www.burmeseclassic.com

www.burmeseclassic.com



ဆို ကျွန်တော်တို့လမ်းက ကလေးတွေအားလုံး ကျွန်တော့်နဲ့အတူ ဈေးဝယ်ထွက်နိုင်ပြီပေါ့၊ ဒီကုန်တွဲသစ်တွေမှာ သူတို့ပစ္စည်းတွေအားလုံး ထည့်ပြီး သယ်လာလို့ရပြီလေ။ ကောင်လေးတွေတော့ ဘာများပြောကြမလဲ၊ ဦးလေးကုန်တွဲတွေကို သူတို့သုံးတဲ့အတွက်တော့ စိတ်မရှိဘူး မဟုတ်လားခင်ဗျာ"


"ဘာစိတ်ရှိရမှာလဲ"လို့ ဂျက်စိတ်တက်ကြွတာ မြင်ရတဲ့ဦးချစ်က ကြည်ကြည်နူးနူး ပြောလိုက်တယ်။

"ငါဆီ မင်းတို့ကြိုက်တဲ့အချိန်လာပြီး ငါအလုပ်လုပ်တာကို စောင့်ကြည့်နိုင်တယ် ကြားလား"

ဂျက်ဟာ သူ့အိမ်ကို ရောင်စုံကုန်တွဲသုံးတွဲတပ်ထားတဲ့ရထားနဲ့ ဝမ်းသာအားရ ပြန်သွားပါတယ်။ ကောင်လေးတွေအားလုံးဟာ ထွက်ကြည့်ကြတယ် . . . အံ့သြစရာမြင်ကွင်းပဲနော်။

"မြီးရှည်နဲ့ ဦးလေးချစ်ဆီက ရတဲ့လက်ဆောင်ကွ၊ ပြီးတော့ သူ့ဆိုင်ကိုငါတို့ကြိုက်တဲ့အချိန် လာနိုင်တယ်တဲ့"လို့ ဂျက်ကပြောလိုက်တယ်။

အခုဆို ဦးချစ်ရဲ့ဆိုင်ထဲမှာ ကောင်လေးတွေနဲ့ ပြည့်နေတတ်တယ်။ သူကလဲ ဒီအတွက် စိတ်မဆိုးတော့ဘူး။ မြီးရှည်ကလဲ မိတ်ဆွေသစ်တွေ အများကြီးရလို့ ပျော်နေတာပေါ့။ သူဟာ ခြေတော့ ဆာနေတုန်းပဲ၊ သူထော့နဲ့ ထော့နဲ့ သွားတာကို မြင်နိုင်ပါတယ်။ ဒါပေမယ့် သတင်းစာကိုတော့ သွားယူနိုင်တုန်းပဲတဲ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

## ဘဝင်မြင့်တဲ့ အရုပ်မလေး

တစ်ခါက အရွယ်ရင့်ပြီး သိပ်ဘဝင်မြင့်တဲ့ အရုပ်မလေးရှိတယ်။ သူ့နာမည်က 'ဖလော်ရီ'တဲ့၊ သူ့ကိုပိုင်တဲ့သူက 'ကက်တီ'ပါ။ သူဟာ ကက်တီ အမေငယ်ငယ်တုန်းက သူ့ကိုပိုင်ခဲ့ဖူးတဲ့အတွက် ဘဝင်မြင့်နေတယ်၊ ဒါကြောင့် ဖလော်ရီဟာ ဘယ်လောက်အိုပြီလဲဆိုတာ မင်းတို့ခန့်မှန်းကြည့်ပေါ့။

ကလေးကစားခန်းထဲက တခြားအရုပ်တွေဟာ ဖလော်ရီနဲ့ ခင်မင်လို ကြတယ်၊ ဒါပေမယ့် ဖလော်ရီက သူ့ကိုယ်သူ သိပ်အဆင့်အတန်းမြင့်မားပြီး တခြားအရုပ်တွေထက် ရင့်ကျက်တယ်လို့ ထင်နေတယ်လေ။ တခြားအရုပ် တွေဆိုတာက ပြုံးနေတဲ့ သဘော်သားရုပ်လေး၊ အပြာရောင်ဝက်ဝံရုပ်လေး၊ ရွှေရောင်ဆံပင်နဲ့ အရုပ်မလေး၊ အနက်ရောင်ဆံပင်နဲ့လုပတဲ့ စန္ဒီးဂိုက်အရုပ် လေးတို့ပေါ့။

"နင်တို့ ငါနဲ့စကားပြောရင် ငါ့ကို 'မဒမ်'လို့ ခေါ်ကြဟဲ့"လို့ သူက အရုပ်လေးတွေကို ပြောပါတယ်။ (မဒမ်ဆိုတာ ဂုဏ်သရေရှိ အမျိုးသမီး ကြီးတွေ နာမည်ရှေ့ တပ်ခေါ်ရတဲ့ အမည်ပါ) "ညဆိုရင် နင်တို့စကားဖောင် ဖွဲ့ပြီး ကစားပြီး ငါ့ကို မနှောင့်ယှက်ကြနဲ့၊ တိတ်တိတ်လေးနေကြ"

အရုပ်လေးတွေက တခွိခွိရယ်ပါလေရော။ ဖလော်ရီဟာ သိပ်ရယ် စရာကောင်းတယ်လို့ သူတို့က ထင်ကြတယ်။ သူဟာ အညိုရောင်ဆံပင်တွေ ရှိပြီး တွန့်လိမ်ကောက်ကွေးနေတယ်။ သူ့ဝတ်စုံက အဝါရောင်အစက်တွေ အပြာရောင်ပေါ် ပါရှိတဲ့ ဂါဝန်ရှည်ဖြစ်တယ်။ အညိုရောင်ကလေးစီးဖိနပ်ကို စီးထားတယ်။ သူ့ခါးမှာ ပန်းရောင်ခါးစည်းကို စည်းထားတယ်။

"သူဝတ်ထားတာက ပုံတုံးကြီးပဲ"လို့ အရုပ်တွေက တစ်ယောက်ကို တစ်ယောက် တိုးတိုးပြောကြတယ်။

"သူ့ကြည့်ရတာ ကစားလဲမကစား ရယ်လဲမရယ် . . . ကစား ခန်းထဲမှာ တစ်ယောက်တည်း လမ်းလျှောက်နေတာပဲ၊ သူ့ကို ဘာနဲ့လုပ်ထား တယ် ထင်သလဲ၊ ရာဘာနဲ့ လုပ်ထားလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မသိကြပါဘူး။ ရွှေရောင်ဆံပင်နဲ့ အရုပ်မလေးကတော့ ရာဘာနဲ့ လုပ်ထားတာမို့ ရေချိုးနိုင်ပါတယ်။ စန္ဒီးဝိုက်ရုပ်လေးကတော့ ပန်းရောင်ရင့်ရင့်ကိုယ်လုံးရှိပြီး သိပ်ပျော့ပျောင်းလို့ ပွေ့ဖက်ချင်စရာ ကောင်းပါတယ်။ ဖလော်ရီကတော့ ဘာနဲ့လုပ်ထားမှန်း သူတို့စဉ်းစားလို့ မရပါဘူး။

အမှန်တော့ ရှေးခေတ်အရုပ်မတွေလိုပဲ သူ့ကို လွှစာမှုန့်တွေနဲ့ လုပ်ထားတာကွယ့်။ ဒါပေမယ့် သူက ရှက်တဲ့အတွက် ဘယ်သူ့ကိုမှ ဒီအကြောင်း မပြောပြဘူး။ သူဟာ ညတိုင်း ကလေးကစားစရာ အခန်းထဲမှာ အကြာကြီး လမ်းလျှောက်ပြီး တခြားဘာအရုပ်ပဲတွေ့တွေ့ နှာခေါင်းရှုံ့တတ်တယ်။

တစ်ညတော့ ဝက်ဝံရုပ်လေးဟာ ထူးဆန်းတဲ့အရာတစ်ခုကို မြင်မိပါတယ်။ ဖလော်ရီသွားရာနောက်မှာ အတန်းလေးတစ်ခု ကျန်ခဲ့တာကိုပါပဲ။ ဘာဖြစ်တာပါလိမ့်။

သူဟာ အဲဒီအတန်းကိုကြည့်လိုက်တယ်။ အဝါရောင်အမှုန့်လေးတွေလို့ ထင်တာပဲ။ သူက ဒါတွေကို လွှစာမှုန့်မှန်း မသိဘူးကွယ့်၊ သူမှ မမြင်ဖူးတာကို။ ဒါ ဖလော်ရီသုံးလေ့ရှိတဲ့ ပေါင်ဒါမှုန့်များဖြစ်လေမလားပေါ့။

သူဟာ တခြားအရုပ်တွေကိုခေါ်ပြီး ဒီအကြောင်းပြောပြတယ်။ သူတို့က ဖလော်ရီကို စောင့်ကြည့်ကြတော့ သူပြောတာမှန်ကြောင်း တွေ့ရတယ်။ သူဘယ်သွားသွား နောက်မှာ အတန်းလေး ကျန်ခဲ့တယ်ကွယ့်။





www.burmeseclassic.com

www.burmeseclassic.com



ဖလော်ရီကတော့ လုံးဝသတိမထားမိပါဘူး။ ဒါပေမယ့် မကြာခင်ဘဲ အရုပ်လေးတွေက တစ်စုံတစ်ခုကိုလဲ သတိပြုမိတယ်။

"ဖလော်ရီက ပိန်ပိန်လာတယ်နော်၊ မထူးဆန်းလား"လို့ ဝက်ဝံရုပ်လေးက စန္ဒီးဗိုက်ကို တိုးတိုးပြောတယ်။


စန္ဒီးဗိုက်က ဖလော်ရီကို ကြည့်လိုက်တယ်။

"အေးနော်၊ ဘာကြောင့်လဲမသိဘူး"လို့ အရှုပ်မလေးကို ပြောပါတယ်။ "ငါသိတယ်ထင်တယ်"လို့ သင်္ဘောသားရုပ်လေးကပြောတယ်။

"သူ့အထဲမှာ သိမ်းထားတဲ့အမှုန့်တွေ စိမ့်ထွက်ကျတာပဲ ဖြစ်ရမယ်၊ မကြာခင် ဘာမှရှိတော့မှာ မဟုတ်ဘူး"

"လန့်စရာပဲ"လို့ ရွှေရောင်ဆံပင်နဲ့ အရုပ်မလေးက ပြောပါတယ်။

"ကျွန်မက ရာဘာနဲ့လုပ်ထားတာမို့ စိမ့်မထွက်နိုင်ဘူး၊ ဖလော်ရီက ဘာဖြစ်သွားမှာလဲဟင်"



"သူ့အထဲမှာ ဘာမှမကျန်တဲ့အထိ စိမ့်ထွက်နေမှာပဲ၊ ပြီးရင် သူ့ကိုယ်ခန္ဓာရှိတော့မှာ မဟုတ်ဘူး"လို့ ဝက်ဝံကပြောတယ်။ "ဒီအတိုင်းပဲကြည့်နေလိုက်"

ဒါပေမယ့် စန္ဒီးဗိုက်ဟာ ကြင်နာသနားတတ်သူလေး ပါ။ "ကျွန်မ ဖလော်ရီကို သတိပေးရအောင်"လို့ပြောတယ်။ ဒါကြောင့် သူဟာ အရုပ်မ ဖလော်ရီဆီသွားပြီး လန့်လန့်နဲ့စကားပြောလိုက်တယ်။

"ကျေးဇူးပြုလို့ ပြောပါရစေ မဒမ်၊ ပြောစရာတစ်ခု ရှိလို့ပါ"

"ဒါဆို မြန်မြန်ပြော"လို့ ဖလော်ရီက အထက်တန်းကျတဲ့အသံနဲ့ ပြောတယ်။

"ရှင့်ကိုယ်မှာ စိမ့်ထွက်နေတယ်လို့ ကျွန်မတို့ထင်ပါတယ်။ ထပ်လျှောက်နေလို့ မကောင်းတော့ပါဘူး၊ အထဲက စိမ့်ထွက်သွားပြီး ဘာမှမကျန်ဘဲ နေလိမ့်မယ်"လို့ စန္ဒီးဗိုက်ကပြောပြပါတယ်။

ဖလော်ရီဟာ ဒေါသအရမ်းထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ့်ထွက်နေတယ် ဟုတ်လား"လို့ အော်လိုက်တယ်။

"ငါမယုံဘူးဟေ့၊ ငါ့ညနေခင်း လမ်းလျှောက်တာကိုရပ်သွားအောင် နင်တို့ ရိုင်းရိုင်းစိုင်းစိုင်း အကွက်ဆင်တာပဲ ဖြစ်ရမယ်။ နောက်ဘာတစ်ခွန်းမှ ထပ်မကြားချင်ဘူး"

ဒါကြောင့် စန္ဒီးဂိုက်လေးဟာ ဘာမှ ထပ်မပြောနိုင်တော့ဘူး။ သူနဲ့ တခြားအရုပ်တွေဟာ ဖလော်ရီလမ်းလျှောက်တိုင်း သူ့ထဲက လွှစာမှုန့်တွေ နေရာအနှံ့ လျှောက်ကျကုန်တာကို စောင့်ကြည့်ရင်း မကြာခင် လွှစာမှုန့်တွေ ကုန်သွားမှာကို တွေးနေမိတယ်။

အခုဆို ဖလော်ရီရဲ့ နောက်ကျောကအပေါက်ကလေးဟာ ရှတ်တရက် ကြီးကြီးလာပြီလေ။ တစ်ညနေခင်းမှာတော့ လွှစာမှုန့်တွေ အပုံလိုက် ထွက်ကျလာတာမို့ သနားစရာ ဖလော်ရီလေးခမျာ ခေါင်းရယ်၊ အဝတ်အစားတွေရယ်၊ ပန်းရောင် အပေါ်ယံအလွှာရယ်ပဲ ကျန်ခဲ့တော့တယ်။ ဒါကြောင့် သူဟာ ကော်ဇောပေါ်တွန့်လိမ်ကောက်ကွေးပြီးလဲကျသွားတော့တယ်။ အရုပ်တွေဟာ စိတ်ဆင်းရဲသွားတယ်၊ ဒါပေမယ့် သူတို့ဘာမှမပြောနိုင်ခင် တံခါးပွင့်သွားပြီး ကစ်တီရဲ့အမေ ဝင်လာတယ်။



သူဟာ ကြမ်းပြင်ပေါ်က ဖလော်ရီကိုမြင်တော့ သူ့ကို ကောက်ကိုင်လိုက်တယ်။ ကစ်တီ့အမေက လွှစာမှုန့်တွေ့ကိုမြင်တော့ ဘာဖြစ်တာမှန်း သိလိုက်တယ်။ "သနားစရာ ဖလော်ရီပဲ၊ ပေါက်ထွက်ကုန်တာကိုး။ မင်းကို ကိုယ်ထည်အသစ် ပြောင်းပေးရမှာပေါ့။ လွှစာတွေကတော့ ထွက်ကုန်ပြီပဲ"လို့ ပြောလိုက်တယ်။

ဒါကြောင့် သူဟာ ဖလော်ရီကို ယူသွားတော့တယ်။ အရုပ်တွေဟာ သူ့ကို နှစ်ပတ်တောင် မတွေ့ရတော့ဘူး။ သူပြန်ရောက်လာတော့ လုံးဝကို ပြောင်းလဲသွားတာ တွေ့ရတယ်။ အျပဲပြင်သမားက သူ့ကို ခပ်ဝဝကတ္တီပါ

www.burmeseclassic.com



ထိုင်ခုံ ထည့်ပေးလိုက်တယ်။ ကလေးခြေထောက်တွေ သက်တောင့်နဲ့ပေါ့။ သူ့အဝတ်အစားက သူနဲ့မတော်တာမို့ အမေက သူ့ကို သိုးမွေးဝတ်စုံနဲ့ ကြိုးသိုင်းဦးထုပ်ဆင်ယင်ပေးလိုက်တယ်။ သူ့ကြည့်ရတာ ချိုသာတဲ့ပုံပဲ။

အရုပ်တွေဟာ မီးဖိုစင်လေးမှာ ကိတ်မုန့်နည်းနည်းဖုတ်ပြီး ဖလော်ရီပြန်လာတဲ့အတွက် ကြိုဆိုတဲ့ပါတီပွဲလေး ကျင်းပကြတယ်။ ဖလော်ရီဟာ သိပ်ကျေနပ်မိတယ်။ အရုပ်ဆိုင်က အရုပ်တွေကတော့ သူ့ဝတ်စုံဟောင်းကြီးကို လှောင်ပြောင်ရယ်မောပြီး သူ့ကို 'မဒမ်လွှစာ'လို့ ခေါ်ခဲ့ကြတယ်လေ။ ဒီ ကလေးကစားခန်းထဲ ပြန်ရောက်လာရတာကတော့ ပျော်စရာပဲ၊ ဒီက အရုပ်တွေက သူ့ကို ပျူပျူသာသာ ဂရုစိုက်ကြတယ်လေ။

"ရှင်တို့ကိုတွေ့ရတာ ကျွန်မ သိပ်ပျော်တာပဲ"လို့ ဖလော်ရီကဆိုတယ်။ "ကျွန်မမိုက်မဲပြီး ဘဝင်မြင့်မိတဲ့အတွက် တောင်းပန်ပါတယ်၊ ကျွန်မအနေနဲ့ တစ်ဝက်လောက် အသစ်ပြန်ဖြစ်သွားပြီမို့ လုံးဝ ကွဲပြားသွားပါပြီ။ ရှင်တို့နဲ့ ကစားဖို့ မိတ်ဆွေဖြစ်ဖို့ကို နှစ်သက်လာပါပြီရှင်"

"ရပါတယ် ဖလော်ရီရယ်"လို့ အရုပ်တွေက ဝိုင်းအော်ကြတယ်။ ဖလော်ရီအတွက်တော့ ချစ်စရာ အချိန်လေးပါပဲ။ ဖလော်ရီ ပြောင်းလဲသွားတဲ့အတွက် တစ်ယောက်သောသူကလွဲလို့ အားလုံးက ကျေနပ်နေကြတယ်။

ကစ်တီရဲ့အမေဟာ ဖလော်ရီကိုမြင်လိုက်ရတော့ သိပ်ဝမ်းနည်းသွားတယ်။ "မင်းကိုငါက အရင်ပုံအတိုင်းပဲ မြင်ချင်တာ၊ ဒီလိုမြင်ချင်တာ မဟုတ်ဘူး၊ ငါမင်းကို လွှစာမှုန့်တွေဖြည့်တဲ့ပုံအတိုင်းပဲ သဘောကျတာ"လို့ ပြောပါတယ်။

ဒါပေမယ့် ကစ်တီကတော့ ဖလော်ရီကို အခုပုံစံအတိုင်းပဲ သဘောကျတယ်။ ဒါကြောင့် ဖလော်ရီလဲ တကယ့်ကို ပျော်ရွှင်ရပါသတဲ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

## အရုပ်မြို့မှာ ရှာတဲ့မိုး

တစ်ခါတုန်းက အရုပ်ဆိုင်က စင်ပေါ်မှာတင်ထားပြီး လုံးဝမရောင်းရတဲ့ ဘဲရုပ်ကြီးတစ်ရုပ် ရှိသတဲ့။

သူ့ကို သေတ္တာကြီးတစ်ခုထဲ တွန်းပို့ခံရတာမို့ သူဒီမှာရှိတာကို ဘယ်သူမှ မသိကြဘူးတဲ့ကွယ်။ သူဟာ တကယ်တော့ ဘဲရုပ်ကောင်းကောင်းတစ်ရုပ်ပါ။ သူ့ကို ကော်စေးနဲ့လုပ်ထားတာမို့ သူ့ကို ရေပေါ်တင်ထားလိုက်ရင် ဘယ်လောက်လှပစွာ ပေါ်နေတယ်ဆိုတာများ မင်းတို့မြင်စေ့ချင်တယ်။ ဒါပေမယ့် ဆိုင်ကိုရောက်ကတည်းက သူ့ခမျာ ခပ်မှောင်မှောင်စင်ပေါ်ရောက်ပြီးနေရာက လုံးဝမရွေ့ရပါဘူး။ သူဟာ ရေပေါ်ပေါ်နိုင်တယ်ဆိုတာကိုတောင် မသိတော့ဘူးကွယ့်။

သူ့မှာ ခြေထောက်တွေ မရှိဘူး၊ ဒါကြောင့် သူဟာ ညဘက်မှာ တခြားအရုပ်တွေလို မထနိုင် လမ်းမလျှောက်နိုင်ဘူး။ သူလုပ်နိုင်သမျှကတော့ သူ့လိမ္မော်ရောင်နှုတ်သီးကို သေတ္တာနောက်ကို လှမ်းထိုးပြီး တခြားအရုပ်တွေကတာကို စောင့်ကြည့်တာပါပဲ။ အရုပ်တွေကတော့ အောက်က ကြမ်းပြင်ပေါ်မှာ အတူအော်ဟစ်ကစားနေကြတာပေါ့။

ဒါကြောင့် သူ့ဘဝဟာ အမြဲငြီးငွေ့ထိုင်းမှိုင်းနေရတယ်။ စိတ်လှုပ်ရှားစရာ နည်းနည်းလောက် တောင့်တမိပေမယ့် ဖြစ်မလာပါဘူး။

တစ်နေ့တော့ လက်တွန်းလှည်းနဲ့ အရုပ်မဟာ ဘဲရုပ်နားက စင်ပေါ်ကိုအတင်ခံရတယ်။ လက်တွန်းလှည်းရဲ့ ဘီးတွေက ကျိုးပဲ့နေပြီ၊ ဒါကြောင့် အရုပ်မကို ရောင်းလို့မရနိုင်တော့ဘူး။ အရုပ်မဟာ သံပတ်နဲ့သွားတာမို့ သံပတ်လှည့်လိုက်ရင် လက်တွန်းလှည်းကို တွန်းပြီး လမ်းလျှောက်နေတော့တာပဲ။ ဒါကို စောင့်ကြည့်ရတာ သဘောကျစရာပါပဲ။ ဒါပေမယ့် အခုတော့ ဘီးတွေကျိုးနေတာမို့ အရုပ်မဟာ အဆင်ပြေအောင် မလှုပ်ရှားနိုင်တော့သလို အအိုး မဝင်တော့ဘူးပေါ့။

"ဟယ်လို"လို့ ဘဲက အံ့ဩတကြီး နှုတ်ဆက်လိုက်တယ်။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com





"ငါက ဒီစင်မှာ နှစ်ပေါင်းများစွာ ဘယ်သူမှ မတွေ့ဘဲ နေလာရတာ မင်းကရော ဒီကို ဘယ်လိုရောက်လာရတာလဲ"

"ကျွန်မက ဒီလို သဘာဝမကျဘဲ ရောက်လာရတာပါ"လို့ အရုပ်မက ကြေကွဲစွာပြောတယ်။ ကျွန်မကဒီနေရာကို ရောက်ဖို့ နှစ်ပေါင်းများစွာ လိုဦးမယ်ထင်ထားတာ၊ နေ့စဉ်နဲ့အမျှ အိမ်မင်းပျက်စီးလာရလို့ပေါ့ရှင်"

"ငါလဲ ဖုန်တက်နေတာပါပဲ"လို့ ဘဲကပြန်ပြောတယ်။

"ငါ့နောက်ကျောမှာ အပြာ၊ အစိမ်းနဲ့ အနီရောင်တောက်တောက်တွေ ရှိမယ်လို့ မင်းမထင်ဘူးမဟုတ်လား။ တကယ်တော့ ရှိတယ်ကွ၊ ဒါပေမယ့် ငါ့အပေါ် ဖုန်တက်လွန်းလို့ မွဲခြောက်ခြောက်ဖြစ်နေရတာ။ ငါ့နှုတ်သီးကိုတော့ ဒီသေတ္တာကို အမြဲပွတ်တိုက်ပြီး လိမ္မော်ရောင်တောက်အောင် ထိန်းသိမ်းထားရတယ်ဟေ့၊ အရုပ်မလေးရယ်၊ အခုလို စကားပြောဖော်တစ်ယောက်ရလာတာ စိတ်လှုပ်ရှားစရာပါပဲကွယ်"

"လူတိုင်းက ကျွန်မကို မေ့သွားမယ်၊ ရှင့်ကိုလဲ မေ့သွားလိမ့်မယ်လို့ ရှင်မထင်ဘူးလား"လို့ အရုပ်မလေးက အပြာရောင်မျက်လုံးမှာ မျက်ရည်တွေနဲ့မေးလိုက်တယ်။

သူဟာ လှပတဲ့မျက်နှာ၊ တောက်ပတဲ့ ဆံပင်နဲ့ ချစ်စရာအရုပ်မလေးပါ။ သူ့လက်လေးတွေက တွန်းလှည်းရဲ့ လက်ကိုင်တွေကို ခိုင်ခိုင်ကိုင်ထားကြတယ်။ "ငါတို့တော့ ဒီမှာဆွေးမြည့်တဲ့အထိ နေရမယ်ထင်ပါရဲ့ကွာ" လို့ ဘဲက သက်ပြင်းချရင်း ညည်းလိုက်တယ်။

"ကျွန်မတို့ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ"လို့ အရုပ်မလေးက ဆံပင်ကို ခပ်ပြင်းပြင်းတို့ထိရင်း ပြောလိုက်တယ်။ "ဒီစင်က လွတ်မြောက်ဖို့နည်းလမ်းကို ကျွန်မတို့ ရှာနိုင်မှာ သေချာတယ်"

"ဒါပေမယ့် လွတ်အောင်လုပ်ပြီး ငါတို့ဘယ်ကိုသွားရမှာလဲ" လို့ ဘဲက မေးလိုက်တယ်။ "ဆိုင်အလုပ်သမားတွေကတွေ့ရင် မင်းကို စင်ပေါ်ပြန်အတင်ခံရမှာပဲ၊ ငါလဲ ဒီလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ကျွန်မဘီးကိုသာ ပြင်နိုင်ရင် ကျွန်မလှည်းကို အဝေးကြီးက အရုပ်မြို့တော်ကို တွန်းသွားနိုင်မှာပဲ၊ အဲဒါ အကောင်းဆုံးလမ်းပဲ"လို့ အရုပ်မလေးက သက်ပြင်းချရင်းပြောတယ်။

"မင်းဘီးကို ငါ တစ်ချက်လောက် ကြည့်ပါရစေ၊ ငါပြုပြင်နိုင်မယ့်နည်းကို စဉ်းစားကြည့်တာပေါ့"လို့ ဘဲကတောင်းဆိုလိုက်တယ်။

အရုပ်မလေးက လှည်းကိုတွန်းလာတော့ ဘဲက ဘီးကိုကြည့်လိုက်တယ်။ ဘီးတစ်နေရာမှာ တကယ်ပဲ့နေတာပဲ။ ပြုပြင်လို့ မရတာသေချာတယ်။

"မင်းလုပ်နိုင်မယ်လို့ ငါယုံကြည်ပါတယ်၊ ဘီးကိုထုတ်ပြီး အဲဒီနေရာတစ်ခုခုကို အစားထိုးလို့မရဘူးလား၊ အပ်ချည်လုံးကို အစားထိုးပေါ့၊ ဒါဆိုဘီကောင်းကောင်း ရလာမှာပဲ"လို့ ဘဲက စိတ်လှုပ်ရှားစွာ ပြောလိုက်တယ်။


"ကျွန်မ အဲဒါကို မစဉ်းစားမိဘူး"လို့ အရုပ်မက အော်လိုက်တယ်။

"ဘဲကြီးရယ်၊ ဒီညပဲ လုပ်ကြည့်ကြရအောင်" ဒါကြောင့် အဲဒီညမှာ အရုပ်မဟာ ကျိုးပဲ့နေတဲ့ဘီးကို ထုတ်ဖို့ကြိုးစားတယ်။ ဘဲကလည်း နှုတ်သီးနဲ့ဆိတ်ပြီး ကူညီတယ်၊ နောက်ဆုံးမှာ ဘီးဟာ ကျွတ်ထွက်သွားတယ်။

"ကောင်းတယ်ဟေ့"လို့ ဘဲကအော်တယ်။

"အခုပဲ ကုလားထိုင်ပေါ်က အလုပ်ခြင်းထဲ ဆင်းလိုက်စမ်း အရုပ်မလေး၊ အဲဒီထဲမှာ အပ်ချည်လုံးအလွတ်ကို မင်းရှာတွေ့မှာပါ"

အရုပ်မလေးဟာ တွယ်ဆင်းလိုက်တယ်။ ခြင်းက အရောင်းစာရေးမလေးပိုင်တဲ့ခြင်းပါ၊ အထဲမှာ အပ်ချည်လုံးတွေနဲ့ ပြည့်နေတယ်၊ အပ်ချည်လုံး





www.burmeseclassic.com

www.burmeseclassic.com





အသွတ်နှစ်ခုကိုတွေ့ရပါတယ်။ အရုပ်မလေးဟာ နှစ်ခုထဲက အကြီးဆုံးတစ်ခုကို ရွေးလိုက်ပြီး စင်ပေါ်ကို ပြန်တွယ်တက်လာတယ်။ ဘဲက အပ်ချည်လုံးကို လှည်းခုတင်ဖို့ ကူညီပေးတယ်။ ချက်ချင်းပဲ ဘီးအဖြစ် လှလှပပတပ်ပြီးသွားတယ်၊ အပ်ချည်လုံးဟာ ဝိုင်းစက်ပြီး ဘီးလိုဖြစ်နေတာမို့ အဆင်ပြေသွားတယ်။

"ဒါဆို ကျွန်မအရုပ်မြို့တော်ကို သွားရတော့မယ်"လို့ အရုပ်မလေးကပျော်ရွှင်စွာ ပြောဆိုပြီး လက်တွန်းလှည်း လက်ကိုင်တွေကိုကိုင်ထားလိုက်တယ်။

"အေးကွယ် . . . နှုတ်ဆက်ပါတယ်"လို့ ဘဲက ကြေကွဲစွာ ဆိုရှာတယ်။ "မင်းသွားရမယ့်အတွက် ဝမ်းသာပါတယ်၊ ဒါ . . ယ့် မင်းနဲ့ခွဲရမယ့်အတွက် ဝမ်းနည်းမိတယ်"

"အို . . . ရှင်လဲ ကျွန်မနဲ့လိုက်ခဲ့ပေါ့"လို့ အရုပ်မက ရယ်ပြီးပြောတယ်။

"ဘယ်လိုလုပ်ဖြစ်မလဲကွာ၊ ငါ့မှာ ခြေထောက်တွေလဲမရှိ၊ လမ်းလဲမလျှောက်နိုင်ဘူး၊ အတောင်ပံတွေကလဲ ဆေးခြယ်ထားတာ၊ တကယ် မပျံနိုင်ဘူး"လို့ ဘဲကအော်ပြောတယ်။

"ဒါပေမယ့် ရှင့်ကိုကျွန်မ လှည်းပေါ်တင်ပြီး တွန်းသွားလို့ ရတယ်လေ"လို့ ကြင်နာတတ်တဲ့ အရုပ်မလေးက ပြောပါတယ်။

"ရှင်က ကျွန်မကို ကူညီခဲ့တယ်၊ အခု ကျွန်မ ရှင့်ကိုကူညီမှာပေါ့။ ရှင်က သိပ်မလေးပါဘူး၊ ကျွန်မလှည်းနဲ့ သိပ်မဆံ့ပေမယ့်ကျွန်မ စီစဉ်ပေးပါမယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဘဲဟာ ဖြေကြားဖို့ သိပ်စိတ်လှုပ်ရှားသွားတယ်။ အရုပ်မက သူ့ကို မွေ့ထူလိုက်တယ်၊ သူက ကြီးပေမယ့် ပေါ့ပေါ့လေးကိုး။ အရုပ်မက သူ့ကို လှည်းပေါ်တင်ပြီး ဟန်ချက်ညီအောင် ထားလိုက်တယ်။ ပြီးတော့ စင်ရဲ့အစွန်း ဘက်ကို လှည်းကို တွန်းသွားတော့တယ်။

စင်အောက်မှာ အရုပ်အိမ်ကြီးတစ်အိမ်ရှိတယ်။ အရုပ်မဟာ လှည်းကို စင်ပေါ်က ကျွမ်းကျင်စွာနဲ့ အိမ်အမိုးပေါ် တွန်းလိုက်တယ်။ ပြီးတော့ အမိုးပေါ် ကနေ လသာဆောင်ကိုတွန်းပြီး အိပ်ခန်းကိုရောက်လာတယ်။ နောက် သူဟာ ဝက်ဝံရုပ်ကြီးကို လှမ်းခေါ်ပြီး သူ့ကိုကူညီဖို့ပြောတယ်။


"ဒီဘဲနဲ့ ကျွန်မလှည်းကို ကူချပေးပါ၊ ကျွန်မကတော့ ကိုယ့်ဘာသာ ကိုယ်ဆင်းနိုင်ပါတယ်"လို့ သူက အကူအညီတောင်းလိုက်တယ်။

ဝက်ဝံကြီးဟာ သဘောကောင်းသူမို့ ဘဲကို ညင်သာစွာ ချပေးပြီး လက်တွန်းလှည်းကိုပါ ချလိုက်တယ်။ အပ်ချည်လုံးပြုတ်ကျသွားလို့ ဝက်ဝံကြီး က တွန်းပို့ပေးလိုက်ပြန်တယ်။ အရုပ်မလေးကတော့ လသာဆောင်ကနေ ကျွမ်း ကျင်စွာဆင်းလာပြီး ဘဲကို လှည်းပေါ်ပြန်တင်လိုက်တယ်။ သူက ဝက်ဝံကြီးကို ကျေးဇူးတင်ကြောင်းပြောပြီး နှုတ်ဆက်ကာ လှည်းကိုတွန်းရင်း အရုပ်မြို့တော် ကို ထွက်လာခဲ့တယ်။

သူတို့ဟာ နှစ်ညနဲ့တစ်ရက်တောင် ခရီးဆက်ခဲ့ကြပြီး နောက်ဆုံး တော့ အရုပ်မြို့တော်ကို ရောက်လာကြတယ်။ ဂိတ်ဝမှာ သစ်သားရုပ် ရဲသား တစ်ယောက်ရပ်စောင့်နေတယ်။

"အရုပ်မြို့တော်မှာ ဘာအလိုရှိကြလို့လဲ"လို့ သူကမေးပါတယ်။

"အထဲမှာ ပြည့်လျှံနေပြီ၊ မင်းတို့မှာ အလုပ်မရှိရင် ဝင်ခွင့်မပြုနိုင်ဘူး"



"ကျွန်မက ခြံလုပ်တဲ့ အရုပ်မပါ"လို့ အရုပ်မလေးက ပြေပြောလိုက် တယ်။ "ကျွန်မတွန်းလှည်းကို မမြင်ဘူးလား၊ ကျွန်မက သိပ်တော်တဲ့ ခြံလုပ် သားရှင့်၊ မကြာခင် ကျွန်မအလုပ်ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဒါပေမယ့် ဘဲကရော ဘာလုပ်ဖို့လဲ၊ သူက ဘာလုပ်မှာလဲ” ရဲ့သားကမေးတယ်။ “အို၊ သူလဲ အလုပ်တစ်ခုခု ရှာတွေ့မှာပေါ့၊ အထဲဝင် ရစေရှင်၊ ကျွန်မ သိပ်ပင်ပန်းနေပြီရှင့်”လို့ အရုပ်မက ပြောလိုက်တယ်။

ဒါကြောင့် မြည်တွန်တောက်တီးရင်းနဲ့ပဲ အရုပ်ရဲသားဟာ သူတို့ ဂိတ်ဝကနေ ဖြတ်သန်းခွင့်ပြုလိုက်တယ်။ ဒီလိုနဲ့ လက်တွန်းလှည်းလေး အရုပ်မြို့တော်ရဲ့ သန့်ရှင်းတဲ့ လမ်းတွေပေါ် ဆက်တွန်းလာခဲ့တယ်။ လမ်း ဘေးတိုင်းမှာ အရုပ်အိမ်တွေ တန်းစီနေကြတယ်။ အရုပ်ဆိုင်တွေက ပစ္စည်း တွေရောင်းချနေကြတယ်။ လယ်သမားရုပ်လေးတွေ၊ သစ်သားတိရစ္ဆာန်ရုပ် လေးတွေနဲ့ သစ်ပင်တွေဟာ ဟိုမှာဒီမှာ ရှိနေတယ်။ အရုပ်မလေးဟာ ခြံဝမှာ ရပ်လိုက်တယ်။



ဆုပြည့်စုံထွန်းတာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အထဲဝင်ပြီး ဒီကလယ်သမားကို ခြံလုပ်သားလိုသလား မေး မေးထင်တယ်"လို့ အရုပ်မကပြောတယ်။ "သစ်ပင်တစ်ပင်နှစ်ပင် လဲကျနေတာ ကျွန်မတွေ့တယ်ရှင့်၊ ရှင်ရေကူးလို့ရမယ့် ရေကန်တစ်ကန်လဲ တွေ့တယ်"


ဒါကြောင့် သူဟာ လက်တွန်းလှည်းကို တွန်းပြီး လယ်တောခြံဝကို ဖြတ်ကာ လယ်သမားဆီ ဝင်သွားတယ်။ သစ်သားနဲ့လုပ်ထားတဲ့ လယ်သမား ဟာ မျက်စိသိပ်လျင်တယ်။

"ဩ၊ မင်းက ခြံလုပ်သားလုပ်ချင်လို့မဟုတ်လားကွ"လို့ သူကပြောပါ တယ်။ "အေး၊ ငါကတစ်ယောက်ယောက်နဲ့ တွဲလုပ်ချင်နေတာ၊ ငါ့မှာ လုပ် စရာအလုပ်တွေ သိပ်များတယ်ကွ။ မင်းအနေနဲ့ ကြက်တွေဘဲတွေကို အစာ မကျွေးနိုင်ဘူးလား၊ ဝက်တွေကို ကောင်းကောင်းမစောင့်ရှောက်နိုင်ဘူးလား"

အရုပ်မလေးကလဲ "ရပါတယ်ရှင်၊ ကျွန်မ ဘာမဆိုလုပ်နိုင်ပါတယ်။ ကျေးဇူးပြုလို့ ကျွန်မလှည်းပေါ်ကဘဲကို သူအလုပ်ရှာမရခင် ရှင့်ရေအိုင်ထဲမှာ နေခွင့်ပြုပါလား"လို့ပြောလိုက်ပါတယ်။

"သိပ်ကောင်းတာပေါ့၊ သူ့ကို အဲဒီမှာထားလိုက်"လို့ လယ်သမားက ပြောတယ်။

ဒါကြောင့် ဘဲဟာ ရေအိုင်ငယ်လေးဆီရောက်သွားပြီး ရေပေါ်မှာ ရွှင်မြူးစွာ ပေါလောပေါ်နေတော့တယ်။ ရေအိုင်ဟာ သိပ်သေးလွန်းလို့ ဘဲတစ် ကောင်နဲ့ပဲ အကုန်ပြည့်နေတယ်။ သူကရေပေါ်ပေါ်ရင်း ရေကန်စပ်မှာ ဂယက်





www.burmeseclassic.com

www.burmeseclassic.com



ထအောင်လုပ်လိုက်မိတော့ ဘေးဘီက ဘဲလေးတွေက ထိတ်လန့်တကြား တဂတ်ဂတ်အော်လိုက်ကြတယ်။

အရုပ်မလေးက လုပ်ငန်းစနေပြီ။ သူက တကယ့်ခြံလုပ်သားကောင်းပါ၊ သူဟာ ကြက်တွေ၊ ဘဲတွေ၊ ဝက်တွေကို ကောင်းကောင်းထိန်းနိုင်ပါတယ်။ သူဟာ နေရောင်ထဲမှာ အလုပ်လုပ်ရတာကို ပျော်ပါတယ်။ ဒါပေမယ့် မိုးစရွာလာပါရော၊ သူ့ဆံပင်တွေဟာ မိုးရေစိုရွှဲကုန်ပါတယ်။ ဒါကို သူမကြိုက်ပါဘူး။

"ကျွန်မခြေထောက်တော့ ရွံ့ပေကုန်ပြီ၊ တကယ်ဆိုးတာပဲ"လို့ သူက ဘဲကိုပြောပါတယ်။

ဘဲကတော့ မိုးရွာတာကို ကြိုက်ပါတယ်။ မိုးရွာတဲ့အတွက် သူ့ရေအိုင်ဟာ ပိုကျယ်လာပြီး သူနေစရာပိုရလာပါတယ်။ သူဟာ မိုးရေစက်တွေကိုလဲ နှစ်သက်ပါတယ်၊ ဒါပေမယ့် သူဟာ အရုပ်မလေးအတွက် စိတ်မကောင်းဖြစ်နေတယ်။

"ငါလုပ်စရာအလုပ် ရှာတွေ့ပြီလားဟင်"လို့ သူက အရုပ်မလေးကို မေးပါတယ်၊

"မတွေ့သေးဘူးရှင့်"လို့ အရုပ်မလေးက သက်ပြင်းချရင်းဖြေတယ်။

"လမ်းမလျှောက်နိုင် မပျံနိုင်တဲ့သူအဖို့ အလုပ်ရဖို့ ခက်တယ်ထင်ပါရဲ့ရှင်၊ ကျွန်မကတော့ ရှင့်အတွက် စိတ်ပူတာပဲ ဘဲကြီးရယ်။ မနေ့က ရှင်က သူတို့ရေအိုင်ကို နေရာယူလိုက်တယ်လို့ ဘဲလေးတွေက ရဲသွားကိုတိုင်ကြတယ်၊ သူက နောက်တစ်ပတ်မှ အလုပ်မရရင် အရုပ်မြို့တော်က ရှင်ထွက်သွားရမယ်လို့ ပြောတယ်"

"ဒုက္ခပါပဲ"လို့ ဘဲက စိတ်ပျက်စွာ ရေရွတ်လိုက်တယ်။

"ဒါဆို ငါကတော့ မနှစ်မြို့စရာ စင်ပေါ်ကို တစ်သက်လုံး ပြန်သွားရတော့မယ်ဆိုတဲ့ သဘောပေါ့"

"ကျွန်မက ဒီလိုမဖြစ်စေချင်ပါဘူး"လို့ အရုပ်မလေးက မျက်ရည်စီးကျရင်း ပြောတယ်။

"ကျွန်မက ရှင့်ကို သိပ်ခင်မင်မိနေပါပြီ၊ ရှင့်ကို သန့်ရှင်းအောင် လုပ်ပေးလိုက်ရင် သိပ်ကြည့်ကောင်းမှာပဲ"

ဘဲက စိတ်မကောင်းစွာကြည့်နေတယ်။ အရုပ်မလေးက ရွံ့တွေနဲ့ အညစ်အကြေးတွေအားလုံးကို ပွတ်တိုက်ပေးလိုက်တော့ သူ့ကျောကုန်းဟာ တောက်ပပြီး အပြာရောင်၊ အစိမ်းရောင်၊ အနီရောင်တွေပြန်ပေါ်လာတယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ဘာ အတော်ကို ကြည့်ကောင်းသွားတယ်။ ဒါပေမယ့် သူ့အဖို့ မည်းမှောင်မှောင်ခင်ပေါ်ပြန်ရောက်သွားရင် ဒါတွေ ဘာအသုံးကျတော့မှာလဲ၊သိပ်ဆိုးတာပဲ၊

"မိုးသာ အရွာရပ်သွားခဲ့ရင် . . ."လို့ အရုပ်မကပြောပြီး ရေပြင်ကိုကြည့်လိုက်တယ်။

"ကျွန်မကတော့ အမြဲစိုစွတ်ပြီး ချမ်းအေးနေရတယ်ရှင့်၊ အဟင် ဟပ်ချိုး"

"အို၊ အအေးမမိပါနဲ့ဦး"လို့ ဘဲက အလန့်တကြား ဟောင်းပန်လိုက်တယ်။ "မင်းသာ အိပ်ရာထဲလဲသွားရင် ငါဘာဖြစ်မလဲမသိ၊ ရဲသားက ငါ့ကို မောင်းထုတ်မှာ သေချာတယ်"

"ဟပ်ချိုး"လို့ အရုပ်မလေးက နှာချေပြန်တယ်။

"အို၊ ကျွန်မတော့ နှာချေတာ ရပ်လို့မရတော့ဘူး ဟပ်ချိုး"

အဲဒီညမှာ အရုပ်မလေးဟာ အအေးမိသွားတဲ့အတွက် လယ်သမားရဲ့ ဆန်းနော်အဲ့လယ်တဲမှာ သွားအိပ်ရပါတယ်။ ဘဲလေးက ရေအိုင်ထဲမှာ တစ်ကိုယ်တည်းကြေကွဲစွာ ဟေးရင့်ကျူးနေရင်း ရဲသားလာမှာကို စောင့်ကြည့်နေတယ်။ လာပါပြီ၊ လယ်ကွင်းထဲကနေ ရေအိုင်ဆီဖြတ်လာတဲ့ ရဲသားကို ဘဲက လှမ်းမြင်လိုက်ရပါတယ်။ သူ့ကြည့်ရတာ စိုရွဲပြီး ရွံ့ပေနေပါတယ်။



"မင်း အခုထိ အလုပ်မရသေးဘူးလား"လို့ ရဲသားက ထိတ်လန့်နေတဲ့ဘဲကို အော်ငေါက်ပါတယ်။

"မင်းဟာ ငပျင်းပဲကွ၊ ဒီနေရာမှာ တစ်နေ့လုံးနေပြီး ဘာမှမလုပ်ဘဲ ရေပေါ်ဝပ်နေတယ်။ စနေနေ့မှာ အရုပ်မြို့တော်က မင်းထွက်သွားပေတော့ ငါပြောတာ ကြားသလား"

"ဟုတ်ကဲ့"လို့ ဘဲက စိတ်ဆင်းရဲစွာ ပြောလိုက်ရတယ်။ ရဲသားကတော့ ရွှဲရွှဲစိုရင်းက မိုးရွာရပ်ဖို့ စောင့်တနေတယ်။ ဒါပေမယ့် မိုးက မရပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ မိုးဟာ ဆက်တိုက်ဆက်တိုက် ရွာနေတာကြောင့် မကြာခင်ဘဲ ရေအိုင်သိပ်ကြီးလာပြီး ဘဲအဖို့ ကောင်းကောင်းရေကူးနိုင်ပါတော့တယ်။ လယ်ကွင်း တစ်ကွင်းလုံး ရေအောက်ရောက်သွားပြီး ကြက်တွေ၊ ဝက်တွေ၊ ဆိတ်တွေ လက်တဲနားမှာ စုရုံးနေရပါတယ်။

"အရုပ်မလေးကတော့ အိပ်ရာထဲမှာထင်တယ်၊ သနားစရာပဲ ... ငါသွားရတော့မှာသိလို့ စိတ်မကောင်းဖြစ်နေရှာတယ်။ စနေနေ့ ငါထွက်မသွားရခင် သူ့ကိုတွေ့ဖို့ ကြိုးစားဦးမှ၊ အဲဒီလောက်ဆို သူထနိုင်လောက်ပါပြီ" လို့ ဘဲကတွေးမိတယ်။

နေ့စဉ်ပဲ ဘဲဟာ အရုပ်မလေးလာမှာကို ရှာကြည့်တယ်၊ ဒါပေမဲ့ သူက ပေါ်မလာပါဘူး။ အရုပ်မလေးဟာ အိပ်ရာထဲမှာ ရှိနေဆဲပါ။ မိုးဟာ ဆက်ရွာလာတာမို့ မကြာခင်ဘဲ လူတွေဟာ အရုပ်မြို့ကို ရေလွှမ်းလိမ့်မယ်လို့ ပြောနေကြပါတယ်။ ဒီလိုမျိုး အရင်တုန်းက မဖြစ်ဖူးပါဘူး။

မြစ်ရေဟာ လျှံတက်ပြီး ဘဲကူးတဲ့ရေအိုင်နဲ့ ပေါင်းမိသွားတယ်။ ပြီးတော့ ဘဲကူးဖို့ ရေကန်ပြင်ကြီး ဖြစ်လာတယ်။ ရေဟာ လယ်တဲဆီပျံ့နှံ့သွားလို့ လယ်သမားမိန်းမဟာ ထိတ်လန့်စွာ အပေါ်ထပ်ပြေးတက်သွားတယ်၊ သူ့မီးဖိုချောင်တံခါးကနေ ရေဝင်လာပြီလေ။

"ငါတို့ အိပ်ခန်းထဲမှာ နေရတော့မယ်၊ အလိုလေးလေး ... ကြောက်စရာပါလား၊ ငါ့မီးဖိုချောင်က ကုလားထိုင်တွေအားလုံး ရေထဲမျောကုန်ပြီ" လို့ သူကအော်ပါလေရော။

ဒါ စနေနေ့မှန်း ဘဲကသိတယ်။ သူဟာ လယ်တဲကိုကူးပြီး ပြတင်းပေါက်ကနေ သူ့မိတ်ဆွေ အရုပ်မလေးလှဲနေတာကို ကြည့်ဖို့စဉ်းစားမိတယ်၊ ပြီးရင် သူက နှုတ်ဆက်လိုက်မယ်။ ဒါကြောင့်မို့ သူရေကူးလာခဲ့တယ်။

ရေလွှမ်းတာ အတော်အခြေအနေဆိုးနေပြီ၊ ရေဟာ အိပ်ခန်းပြတင်းပေါက်ဆီ မြင့်တက်လာနေပြီ။ ဘဲဟာ လယ်တဲကိုပတ်လို့ ရေကူးပြီး ပြတင်းပေါက်တွေကနေ လိုက်ချောင်းကြည့်တယ်။

သူဟာ အရုပ်မလေးကို ရှာတွေ့သွားတယ်။ အရုပ်မလေးဟာ အိပ်ရာထဲမှာထိုင်ရင်း စိတ်ဆင်းရဲစွာ ငေးနေတယ်။ ဘဲက ပြတင်းမှန်ကို နှုတ်သီးနဲ့ ဆိတ်လိုက်တော့ အရုပ်မလေးဟာ ချက်ချင်းပဲ ခုန်ထလိုက်တယ်။

"အို ဘဲရယ် ... ရှင်လာတာကို သိပ်ဝမ်းသာတာပဲ" လို့ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





"ကျွန်မတို့တော့ ကြောက်စရာအခြေအနေထဲ ကျရောက်နေပြီ။ လယ်သမားရဲ့ဗန်းမှာ လက်ဖက်ရည်တွေ၊ သကြားတွေ ပေါင်မုန့်တွေ မရှိတော့ဘူး။ ရေထဲမျောကုန်ပြီ။ ရေက ခေါင်းနားရောက်လာလို့ ကျွန်မတို့ ထွက်နိုင်မှာ မဟုတ်တော့ဘူး။ ရှင်ကတော့ ရေပေါ်နိုင်တာမို့ အသားသည်ဆီသွားပြီး အသားတွေ၊ လက်ဖက်ရည်သကြားတွေ၊ ပေါင်မုန့်နဲ့နို့တွေ တောင်းခံကာ အားလုံးကိုကျောပေါ်တင်လိုက်တယ်။ ပြီးတော့ ဂရုတစိုက် ရေကူးပြီး ပြန်လာခဲ့တယ်"

လမ်းမှာ သူဟာ ရေမြုပ်နေတဲ့ အခြားအိမ်များစွာကို ဖြတ်သန်းခဲ့ရတယ်။ လူတွေဟာ ပြတင်းပေါက်တွေကနေ စိတ်ဆင်းရဲစွာ ကြည့်နေကြတယ်။ သူတို့ဟာ ကျောပေါ်မှာ အထုပ်တွေနဲ့ သွားနေတဲ့ဘဲကိုတွေ့တော့ တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်တစား အော်ပြောကြတယ်။

"ကြည့်စမ်း၊ အံ့သြစရာပဲဟေ့။ ဟေ့ ဘဲရေ . . . ငါ့အတွက် ဘာချို ဟာတွေ ယူပေးပါလား၊ ကပါဘဲလေးရယ် . . . ပြီးရင် အသားသည်ဆီသွားပြီး ငါ့အတွက် အသားသွားယူပေးပါလားကွယ်။ လုပ်ပါဘဲရယ် . . . မင်းကို

www.burmeseclassic.com





ဆယ်ပဲနီပေးပါ့မယ်။ ငါးစိမ်းသည်ဆီက ငါးတချို့သွားယူပေးနော်”လို့ အော်ကြသတဲ့။

ဘဲဟာ အော်သံခေါ်သံတွေအားလုံးကို နားထောင်ပြီး သူ့ခေါင်းထဲကို အဖိုးတန်စိတ်ကူး ဝင်လာပါတယ်။ ရေမြုပ်နေတဲ့ အိမ်ကလူတွေအတွက် ဈေးဝယ်ပေးတဲ့အလုပ် သူလုပ်ရရင် မကောင်းလား။ ပျော်စရာပဲ၊ ဒီအလုပ်ကပင်ပန်းပေမယ့် သူကတော့ လုပ်ရတာပျော်တယ်။ သူဟာ မကြာခင် ရေမြုပ်နေတဲ့ လယ်တဲအိမ်ကို ပြန်ရောက်လာတယ်။ သူက ပြတင်းမှန်ကိုခေါက်လိုက်တော့ အရုပ်မလေးက ဖွင့်ပေးတယ်။ ဈေးဝယ်လာတဲ့ ဘဲကိုတွေ့တော့ အရုပ်မလေးက ဝမ်းသာအားရဖွင့်ပေးတယ်။ သူက အထုပ်အပိုးတွေကို သယ်လိုက်ပြီး ဘဲကို သတင်းတွေ တဂတ်ဂတ်နဲ့ ပြောပြစေတယ်။

“အနားက အိမ်တွေအားလုံး ရေမြုပ်ကုန်ပြီကွယ့်၊ လူတွေက ငါ့ကို ဈေးဝယ်ပေးဖို့ပြောပြတယ်။ ငါ ဒီအလုပ်ကို သွားလုပ်ရင် ငွေတော့ရမှာပဲ၊ ဒါဆို ရဲသားက ငါ့ကို မောင်းမထုတ်နိုင်တော့ဘူး”လို့ ဘဲကပြောတယ်။



www.burmeseclassic.com



ဒါကြောင့် နောက်တစ်နေ့မှာ အရုပ်မလေးဟာ ဘဲရဲ့ ကျောပေါ်ထိုင်လိုက်တယ်၊ ဘဲက သူ့ကိုတင်ပြီး ရေမြုပ်နေတဲ့အိမ်တွေဆီ ကူးခတ်သွားတယ်။ လူတိုင်းက ဈေးဝယ်ဖို့ စာရင်းတွေကို ကမ်းပေးကြတယ်။ ဘဲနဲ့အရုပ်မဟာ အလိုရှိတာတွေ ရဖို့ ဆိုင်တွေဆီ အမြန်ပြေးလွှားကြရတယ်။ ဘဲရဲ့ကျောမှာ အထုပ်တွေ ပြည့်တဲ့အခါ သူတို့ဟာ ရေမြုပ်နေတဲ့အိမ်တွေဆီပြန်ပြီး ပစ္စည်းတွေကို ပြတင်းပေါက်က လှမ်းပေးကြတယ်။ သူတို့ဟာ ဈေးတစ်ကြိမ်သွားတိုင်း ဆယ်ပဲနီရတယ်။ မကြာခင် အရုပ်မလေးဟာ လွယ်ထားတဲ့အိတ်ထဲ ငွေတွေထည့်ပြီး ဈေးဝယ်ထွက်ပြန်ပါတယ်။ သူတို့ ငွေအတော်ဝင်တာပဲနော်။



"မိုးရပ်သွားရင် ကျွန်မတော့ ဝမ်းနည်းမှာပဲ"လို့ အရုပ်မလေးက [illegible] တယ်။ သူဟာ မိုးကာအင်္ကျီနဲ့ ဦးထုပ်ကို ဝယ်ယူလိုက်တယ်။ ဘွတ်ဖိနပ် [illegible] လဲ ပါသေးတယ်။ ဒါကြောင့် သူဟာ လုံးဝအဆင်ပြေသွားတယ်၊ [illegible] နံနက်ခင်းတိုင်း သူတို့အတွဲကိုကြည့်ပြီး ပြတင်းပေါက်တွေက [illegible] ကြတယ်။

www.burmeseclassic.com



တစ်နေ့မှာ အရုပ်မလေးနဲ့ ဘဲလေးဟာ ဆိုင်တွေဆီသွားဖို့ ရဲစခန်းကို ဖြတ်သွားတော့ ပြတင်းပေါက် ဝုန်းခနဲ ပွင့်သွားပြီး အရုပ်ရဲသားက သူတို့ကို လှမ်းခေါ်တယ်။ "ဟေ့၊ ဒီကိုလာခဲ့ကြစမ်း"

"ဒုက္ခပဲ၊ သူက ငါ့ကိုမောင်းထုတ်ဦးမလားမသိဘူး"လို့ သနားစရာဘဲက မြည်တမ်းတော့ အရုပ်မလေးက သူ့ကျောကို မတ်ပေးလိုက်တယ်။

"ငါတို့ သူ့ဆီမသွားသင့်ဘူး၊ မမြင်ဟန်ဆောင်နေမှ"

"သွားတာ ပိုကောင်းမယ်ထင်တယ်၊ သူ့ရဲ့ဘောနည်းတာ မကောင်းဘူးရှင့်၊ သတ္တိရှိရှိနဲ့သွားတာပေါ့"လို့ အရုပ်မလေးကပြောတယ်။

ဒါကြောင့် သူတို့ဟာ ရဲသားဆီ ဖြတ်ကူးသွားကြတယ်။ သူက သူတို့ကို ပြုံးပြုံးရွှင်ရွှင် စကားပြောတော့ သူတို့အကြီးအကျယ် အံ့သြသွားကြတယ်။

"အေးကွ၊ မင်းတို့နှစ်ယောက်ဟာ အတော်အသုံးဝင်တာပဲ၊ ဟောဒါ ငါဈေးဝယ်ဖို့စာရင်းပဲ၊ ငါ့အတွက် ဈေးဝယ်ပေးကြပါလား၊ ငါက ရဲစခန်းက ထွက်မရလို့ပါ" ဒါကြောင့် သူတို့ဟာ ရဲသားအတွက် ဈေးဝယ်ပေးပြီး ငွေဆယ်ပဲနိကို အိတ်ထဲထည့်ခဲ့ကြတယ်။

BURMESE CLASSIC

သုံးပတ်ကြာတော့ မိုးရပ်သွားပြီး ရေကျသွားတယ်။ နေရာအနှံ့မှာ ရေအနည်းငယ်ရှိသေးပေမယ့် လူတွေအဖို့ အိမ်ပြင်ထွက်လို့တော့ ရပြီလေ။ လယ်တဲဘေးက လယ်ကွင်းလည်း ရေခြောက်သွားပြီမို့ ရေအိုင်လေးပဲ ရှိတော့တယ်။ လယ်သမားက ခြံဝကိုထွက်လာပြီး အရုပ်မလေးကို လှမ်းခေါ်တယ်။

"ဘာလို့၊ ငါ့ခြံမှာ အလုပ်ပြန်လာမလုပ်တာလဲကွ၊ ဘဲက ငါ့ရေအိုင်ကို သူ့အလိုရှိသလို သုံးနိုင်ပါတယ်"လို့ လယ်သမားကအော်ပြောတယ်။

"အင်း၊ စိတ်ဝင်စားစရာ ဒီသုံးပတ်ပြီးရင် ပျင်းရိဖွယ်ပြန်ဖြစ်ဦးမယ်ထင်တယ်"လို့ ဘဲကရေရွတ်တယ်။ "မပူပါနဲ့ ဘဲရယ်"လို့ အရုပ်မကပြောပြီး သူ့လည်ပင်းကိုပွေ့ဖက်ထားတယ်။

"ကျွန်မမှာ အကြံကောင်းတစ်ခု ရှိထားပါတယ်"

ဘဲဟာ မြစ်ကမ်းဘေးရောက်လာတော့ အရုပ်မက တက်သွားပြီး လယ်သမားဆီပြေးသွားတယ်။

"ကျွန်မ ပြန်မလာနိုင်တာကို ခွင့်လွှတ်ပါ၊ ဒါပေမယ့် မြစ်ဘေးက အိမ်လေးတစ်ခု ကျွန်မဝယ်လိုက်မယ်။ ပြီးတော့ ဘဲနဲ့ကျွန်မနဲ့ အဲဒီမှာ သွားနေပြီး မြစ်ကမ်းဘေးမှာနေတဲ့ တောသူတောင်သားတွေကို အသယ်အပို့ လုပ်ပေးကြမယ်လေ"လို့ သူကပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘဲဟာ ဒီစကားကြားရတော့ ရေပေါ်မှာ လဲကျသွားမတတ်ဖြစ်ရတယ်။ အရုပ်မလေးနဲ့အိမ်ငယ်လေးမှာ အတူတူနေပြီး အလုပ်လုပ်ရမယ်ဆိုပါလား။ ဒီ့ထက်ကောင်းတာ ဘာမှမရှိနိုင်တော့ဘူး။

မှန်ပါတယ်၊ အရုပ်မလေးက ငွေဆယ်ပဲနိကို သုံးလိုက်ပါတယ်။ သူဟာ ဘဲလေးနဲ့အတူ ရေကူးပြီး အိမ်ငယ်လေးကို မြစ်ကမ်းနံဘေးကို ယူလာကြတယ်။ ပြတင်းပေါက်မှာ ခန်းစီးတွေတပ်ထားတဲ့ အိမ်ငယ်လေးပါ။



"ဒါ ကျွန်မတို့အိမ်ပဲ၊ ဒီနားမှာနေတဲ့ တောသူတောင်သားအားလုံးက မြစ်တစ်ဖက်ကမ်းကို သွားလိုတဲ့အခါ ရှင့်ကိုခေါ်ပါ့မယ်လို့ ကတိပေးကြတယ်လေ။ သူတို့ ဈေးဝယ်ချင်ရင်လဲ ကျွန်မက စာရင်းသွားယူပြီး ရှင်နဲ့အတူ မြစ်ကိုကူးကာ တစ်ဖက်ကမ်းမှာ သွားဝယ်ပေးကြတာပေါ့။ ကျွန်မက အထုပ်တွေကို ရှင့်ကျောပေါ်တင်ပြီး မြစ်ကိုပြန်ကူးလာကြတာပေါ့၊ ဒီအကြံ မကောင်းလား" လို့ အရုပ်မလေးကပြောတယ်။

အခုဆို သူတို့လုပ်ငန်းစနေကြပြီ။ အလုပ်ပြီးတဲ့ညနေခင်းဆို အရုပ်မလေးက ဘဲကို သူတို့အိမ်လေးထဲခေါ်ပြီး ကုလားထိုင်ပေါ် မျက်နှာချင်းဆိုင်ထိုင်ကာ ကော်ဖီအတူ သောက်ကြပါတယ်။ သူတို့ဘဝက မကောင်းလားကွယ်၊ ဒါပေမယ့် ဒီလိုနေရတာ သူတို့ကိုယ်တိုင်က အလုပ်ကြိုးစားလို့မဟုတ်လားကွယ်။

═══ ပြီး ═══

www.burmeseclassic.com